## မာတိကာ


၁။စကားချီး

၂။အကြောင်းအရာအကျဉ်းချုပ်

၃။အကြံပြုချက်များ

၄။မိတ်ဆက်စကား

**အခန်း (၁)**

**ကျောင်းစာကြည့်တိုက်၏တာဝန်နှင့်ရည်ရွယ်ချက်များ**

၁-၁နိဒါန်း

၁-၂ဆက်စပ်သောအကြောင်းအရာများ

၁-၃ကျောင်းစာကြည့်တိုက်၏အဓိပ္ပါယ်

၁-၄ကျောင်းတွင်း၌ ကျောင်းစာကြည့်တိုက်၏အခန်းကဏ္ဍ

၁-၅ထိရောက်သောကျောင်းစာကြည့်တိုက်လုပ်ငန်းအခြေအနေများ

၁-၆ကျောင်းစာကြည့်တိုက်တစ်ခု၏ရည်မှန်းချက်များ

၁-၇ကျောင်းစာကြည့်တိုက်တစ်ခု၏တာဝန်များ

၁-၈ကျောင်းစာကြည့်တိုက်လုပ်ငန်းဝန်ဆောင်မှုများ

၁-၉ကျောင်းစာကြည့်တိုက်လုပ်ငန်းနှင့်ဝန်ဆောင်မှုများကိုအကဲဖြတ်ခြင်း

အသုံးဝင်သောအရင်းအမြစ်များ

**အခန်း(၂)**

**ကျောင်းစာကြည့်တိုက်ဥပဒေအရတရားဝင်ဖြစ်မှုနှင့်ငွေကြေးဆိုင်ရာမူဘောင်**

၂-၁နိဒါန်း

၂-၂ဥပဒေဆိုင်ရာအခြေခံအချက်များနှင့်ပြဿနာများ

၂-၃ ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံ အချက်များနှင့် ပြဿနာများ

၂-၄ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သော အခြေခံ အထောက်အပံ့များ

၂-၅ မူဝါဒများ

၂-၆ စီမံကိန်းရေးဆွဲခြင်း

၂-၇ ငွေကြေးထောက်ပံ့မှု

အသုံးဝင်သော အရင်းအမြစ်များ

**အခန်း (၃)**

**ကျောင်းစာကြည့်တိုက်တစ်ခုအတွက်လိုအပ်သောလူသားအရင်းအမြစ်များ**

၃-၁ နိဒါန်း

၃-၂ ဝန်ထမ်းအဖွဲ့ ခန့်ထားခြင်းနှင့် အကြောင်းအရင်းများ

၃-၃ ကျောင်းစာကြည့်တိုက်မှူး အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ချက်

၃-၄ ကျောင်းစာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်သော အရည်အသွေးများ

၃-၅ ကျွမ်းကျင်သော ကျောင်းစာကြည့်တိုက်မှူး၏ အခန်းကဏ္ဍ

၃-၅-၁ လမ်းညွှန်ဆောင်ရွက်ပေးခြင်း

၃-၅-၂ စီမံခန့်ခွဲခြင်း

၃-၅-၃ ခေါင်းဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၃-၅-၄ လူမှုအဖွဲ့အစည်းအတွင်း ပါဝင်မှု

၃-၅-၅ စာကြည့်တိုက်လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများကို တိုးမြှင့်ပေးခြင်း

၃-၆ ကျွမ်းကျင်သူအားအထောက်အကူပြုသည့်ကျောင်းစာကြည့်တိုက်ဝန်ထမ်းအဖွဲ့ခွဲ၏အခန်းကဏ္ဍနှင့် အရည်အချင်းများ

၃-၇ ကျောင်းစာကြည့်တိုက်တွင်စေတနာ့ဝန်ထမ်းလုပ်အားပေးဆောင်ရွက်သူတို့၏ အခန်းကဏ္ဍနှင့်အရည်အချင်းများ

၃-၈ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများ

အသုံးဝင်သောအရင်းအမြစ်များ

အခန်း (၄)

**ကျောင်းစာကြည့်တိုက်တစ်ခု၏ရုပ်ပိုင်းနှင့်ဒစ်ဂျစ်တယ်ဆိုင်ရာအရင်းအမြစ်များ**

၄-၁ နိဒါန်း

၄-၂ အထောက်အပံ့ ပစ္စည်းများ

၄-၂-၁ တည်နေရာနှင့် အကျယ်အဝန်း

၄-၂-၂ နေရာအကျယ်အဝန်း ဖွဲ့စည်းထားပုံ

၄-၂-၃ ရုပ်ပိုင်းနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ရရှိနိုင်မှုများ

၄-၃ရှာဖွေစုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၄-၃-၁ ရှာဖွေစုဆောင်းခြင်းအတွက် စီမံခန့်ခွဲခြင်းဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ

၄-၃-၂ ဒစ်ဂျစ်တယ်အရင်းအမြစ်နှင့် ပက်သက်သော ပြဿနာများ

၄-၃-၃ ရှာဖွေစုဆောင်းခြင်းဆိုင်ရာ စံနှုန်းများ

၄-၃-၄ အရင်းအမြစ်များကို မျှဝေခြင်း

အသုံးဝင်သောအရင်းအမြစ်များ

အခန်း (၅)

**ကျောင်းစာကြည့်တိုက်တစ်ခု၏လုပ်ငန်းစဉ်နှင့်လုပ်ဆောင်ချက်များ**

၅-၁ နိဒါန်း

၅-၂ လုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များ

၅-၃ စာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး

၅-၄ စာနယ်ဇင်းနှင့်သတင်းဆိုင်ရာ လမ်းညွှန်ချက်

၅-၅ စူးစမ်းမှုကို အခြေခံသော သင်ယူမှု နမူနာများ

၅-၆ နည်းပညာပေါင်းစပ်ခြင်း

၅-၇ ဆရာ၊ဆရာမများ၏ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး

၅-၈ ကျောင်းစာကြည့်တိုက်မှူးတစ်ဦး၏ လမ်းညွှန်မှုဆိုင်ရာ အခန်းကဏ္ဍ

အသုံးဝင်သောအရင်းအမြစ်များ

အခန်း (၆)

**ကျောင်းစာကြည့်တိုက်ကိုအကဲဖြတ်ခြင်းနှင့်လူထုနှင့်ဆက်ဆံရေး**

၆-၁ နိဒါန်း

၆-၂ ကျောင်းစာကြည့်တိုက်အား အကဲဖြတ်ခြင်း အထောက်အထားကို အခြေခံသော ကျင့်စဉ်

၆-၃ ကျောင်းစာကြည့်တိုက်ကို အကဲဖြတ်ရန် ချဉ်းကပ်မှုများ

၆-၃-၁ လုပ်ငန်းစဉ်၏ အရည်အသွေး

၆-၃-၂ ပါဝင်ပတ်သက်သူများ၏ ခံယူချက်များ

၆-၃-၃ လုပ်ငန်းစဉ်၏ မာတိကာ

၆-၃-၄ လုပ်ငန်းစဉ်၏ အကျိုးသက်ရောက်မှု

၆-၃-၅ အထောက်အထားကို အခြေခံသော ကျင့်စဉ်

၆-၄ ကျောင်းစာကြည့်တိုက်ကို အကဲဖြတ်ခြင်း၏ အကျိုးသက်ရောက်မှုများ

၆-၅ ကျောင်းစာကြည့်တိုက်နှင့် လူထုဆက်ဆံရေး

၆-၅-၁ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးနှင့်အများပြည်သူကျယ်ပြန့်စွာသိရှိလာစေရေး

၆-၅-၂ အများသိအောင် ဆောင်ရွက်ခြင်း

အသုံးဝင်သောအရင်းအမြစ်များ

- ဝေါဟာရများစာရင်း
- စာစုစာရင်း

- နောက်ဆက်တွဲ (က) IFLA/ UNESCO ကျောင်းစာကြည့်တိုက်ဆိုင်ရာကြေညာချက်

(ခ) ကျောင်းစာကြည့်တိုက်ရသုံးငွေစာရင်းစီမံခန့်ခွဲမှု

(ဂ)လေ့လာစူးစမ်းမှုကိုအခြေခံသောသင်ယူမှုအတွက်လမ်းညွှန်မှုနမူနာများ

(ဃ)ကျောင်းစာကြည့်တိုက်ကိုအကဲဖြတ်စစ်ဆေးရန်နမူနာအချက်အလက်များ

(င)ကျောင်းစာကြည့်တိုက်ကို အကဲဖြတ်စစ်ဆေးရမည့် ကျောင်းအုပ်ကြီးများ အတွက် နမူနာအချက်အလက်များ

**ကျောင်းစာကြည့်တိုက်များအတွက်အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်အသင်း၏လမ်းညွှန်ချက်များ**

**ရေးသူ**အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်အသင်း(IFLA) ကျောင်းစာကြည့်တိုက်ရေးရာ ကော်မတီ

**တည်းဖြတ်** Barbara Schultz-Jones, Dianne Oberg

International Association of School Librarianship Executive

Board မှပူးပေါင်းပါဝင်တည်းဖြတ်သည်။

ဒုတိယအကြိမ်ထုတ်ဝေသည်။

ဇွန်လ၂၀၁၅

IFLA Professional Committee မှထောက်ခံချက်။

## ၁။ စကားချီး

ဤလမ်းညွှန်ချက်များသည် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းနှင့် ယူနက်စ်ကို (IFLA/UNESCO)က ဒုတိယအကြိမ်ထုတ်ဝေသည့် ကျောင်းစာကြည့်တိုက်လမ်းညွှန်ချက်များ (IFLA Professional Reports 77) ကို အခြေခံပြီးထုတ်ဝေထားခြင်းဖြစ်ပါသည်။ ပထမအကြိမ် လမ်းညွှန်ချက်များကို၂၀၀၂ခုနှစ်တွင်ကျောင်းစာကြည့်တိုက်များနှင့်အရင်းအမြစ် ကဏ္ဍအဖြစ် ထုတ်ဝေခဲ့ပါသည်။ ဤစာအုပ်ကို ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမများ၊ စာကြည့်တိုက်များအား အကျိုးရှိစွာအသုံးချနိုင်ရေးအ

တွက် အရည်အချင်း ပြည့်မီသောစာကြည့်တိုက်ပညာရှင်များက ရည်ရွယ်ပြုစု ဖြန့်ဝေခဲ့ကြခြင်းဖြစ်ပါသည်။ ဤလမ်းညွှန်ချက်မူကြမ်းများတွင် နိုင်ငံပေါင်းစုံမှလူအများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ IFLA ညီလာခံနှင့် နှစ်ပတ်လည်အစည်းအဝေးများမှ ဆွေနွေးချက်များ၊ စကားရည်လုပွဲများ၊ ညှိနှိုင်း ဆွေးနွေးချက်များ သာမက လက်ရှိရေးသားမှုများ၊ လူတွေ့မေးမြန်းချက်များနှင့် Online ပါမှ မေးမြန်း ချက်များလည်းပါဝင်သည်။ ဤလမ်းညွှန်ချက်မူကြမ်း ဖြစ်မြောက်ရေးအတွက် အကူအညီပေးခဲ့သော IFLA ရေးရာကော်မတီအဖွဲ့ဝင်များ၊ ISLA ၏စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ISL School Library အသိုင်းအဝန်းတို့၏ ကျွမ်းကျင်မှုနှင့် စေတနာပေါင်းစပ်၍ အားတက်သရော မျှဝေပေးခဲ့ကြသော အခြားအဖွဲ့ဝင်များကို အယ်ဒီတာအဖွဲ့က အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ IFLA Indigenous Matters SIG မှ သုံးသပ်အကြံပြုချက်များကိုလည်း ဤမူကြမ်းတွင် သင့်တင့်စွာ ပေါင်းစပ်ထည့်သွင်းထားပါကြောင်းမှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

Nancy Achebe (Nigeria), Tracia Adams (UK, Information Coordinator/Web Editor), Lisa Astro''m (Sweswn, Lesly Farmer (USA, Blog/Newsletter Editor), JrenGavigan (USA), REi Iwasaki(Japan), MiraeilleLmaouroux (France), Randi Lundvall (Norway), Danielle Martinod (France), Luisa Marquardt(Italy), Dianne Oberg(Canada, Secretary), Barbara Schultz-Jones (USA, Chair), Annike Selmer (Norway), Lourebse Das (Netherlands), PatenceKersha(Nigera), B.N.Singh(India), DiljitSingh(Malaysia),

IASL ၏ Officer နှင့် Director များဖြစ်သောLourdes T. David (Phillipines), BusiDiamini(South Africa), Nancy +Everhart(USA), ElizebathGreef (Australia, Vice-President), Madhu Bhargava (India), Kay Hones (USA, Vice-President), Geraldine Howel (New Zealand), Katy Mnck(USA,Treasurer), Luisa Marquardt(Italy), Dianne Oberg (Canada), Diljit Singh(Malaysia, President), Ingrid Skirrow (Austria), Paulette Stewart )Jamaica), and AyseYuksel-Durukan (Turkey)., Ingrid Bon (Netherlands), Ross Todd (USA), GLoroa Trinidad (Philippines).

Barbara Schultz-Jones, Chair
Dianne Oberg, Secretary
IFLA Section of School Libraries

## ၂။ အကြောင်းအရာအကျဉ်းချုပ်

### ကျောင်းစာကြည့်တိုက်ဆိုင်ရာကြေညာချက်

ကမ္ဘာပေါ် ရှိကျောင်းစာကြည့်တိုက်များသည် ဘုံအကြောင်းအရာတစ်ခုဖြစ်သော ကျောင်းစာကြည့်တိုက် မည်သည့်အားလုံးအတွက် သင်ကြားခြင်းနှင့်လေ့လာခြင်းအတွက်ဖြစ်သည်ဟူသော အဓိပ္ပါယ် ဖွင့်ဆိုချက်ကို မျှဝေနေကြပါသည်။ ၁၉၉၉ IFLA/UNESCO ကျောင်းစာကြည့်တိုက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြချက်အရ ကျောင်းစာကြည့်တိုက်အမှုထမ်းများသည် ၁၉၈၉ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူညီချက်အရလည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတန်း ၂၀၀၇အရလည်းကောင်း၊ IFLA ၏ အဓိကတန်ဖိုး သတ်မှတ်ချက်အရလည်းကောင်း၊ ကျောင်းစာကြည့် တိုက်မည်သည့် အားလုံးအတွက် သင်ကြားခြင်းနှင့် လေ့လာခြင်း အတွက်ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆို ဖော်ပြထားပါသည်။ ကျောင်းစာကြည့်တိုက်များသည် ကျောင်းသားကျောင်းသူများနှင့် ပညာရှင်များ အတွက် ကျောင်းပတ်ဝန်းကျင် ဆိုင်ရာသင်ကြားခြင်းနှင့် သင်ယူ လေ့လာခြင်းတို့အတွက် ဖြစ်ထွန်း တိုးတက်မှုကို ဖြစ်စေနိုင်သောအင်အားများ ဖြစ်သည်ဟုဖော်ပြပါရှိပါသည်။

### ကျောင်းစာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ

ကျောင်းစာကြည့်တိုက်များအတွက် လမ်းညွှန်ချက်အားလုံးသည် လိုအပ်ချက်များကို အချိန်မီရရှိပြီး ပံ့ပိုးမှုများ ပေးနိုင်စေရန် ရည်ရွယ်ပါသည်။ ကျောင်းစာကြည့်တိုက်များတွင် ရှိကြသည့် တန်ဖိုးရှိသော အချက်အလက် များကို အသုံးပြုစေရေးအတွက် စာကြည့်တိုက် တာဝန်ရှိသူများက လှုံ့ဆော်ပေးရန် လိုအပ်ပါသည်။ ကျောင်းလူမှုအဝန်းအဝိုင်းတစ်ခုလုံး၏ ပညာရေးနှင့်ပက်သက်သော သင့်တော်သည့် လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပြီး ဆင်ခြင်ဉာဏ်ကြီးမားစွာဖြင့်လို အပ်သောသတင်းအချက်အလက်ကိုပံ့ပိုးပေးနိုင်ရန်အလွန်အရေးကြီးပါသည်။

### ကျောင်းစာကြည့်တိုက်များ၏ရည်မှန်းချက်

ကျောင်းစာကြည့်တိုက်အားလုံး၏ရည်မှန်းချက်သည် ကျောင်းသူကျောင်းသား များအား လူမှုပတ်ဝန်း ကျင် အတွက် လိုအပ်နေသော နည်းပညာများကိုရှာဖွေတတ်သည့် လူငယ်များအဖြစ် ဖွံ့ဖြိုးတိုးတက် လာစေရန်ပင် ဖြစ်ပါသည်။ နည်းပညာ ရှာဖွေတတ်သောလူငယ်ကျောင်းသားများသည် ကိုယ်တိုင်ရှာ ဖွေလေ့လာသူများဖြစ်ပြီး အတွေးအခေါ် ပိုင်းဆိုင်ရာတွင်လည်း တက်ကြွစွာပါဝင်သူများ ဖြစ်ကြပါ သည်။ ၎င်းတို့သည် ပြဿနာများကို ယုံကြည်ချက်အပြည့်ဖြင့် ဖြေရှင်းနိုင်သော စွမ်းဆောင်ရည်များ ရှိကြပြီး သင့်တင့်လျှောက်ပတ်၍ အမှန်ပင်ယုံ ကြည်အားထားရသော သတင်းအချက်အလက်များကို မည်သည့်နေရာတွင်မည်သို့ရှာဖွေရမည်ကိုလည်း သိကြသူများဖြစ်ကြပါသည်။ ၎င်းတို့သည် စွမ်းရည် မြင့်နည်းပညာများကို အသုံးပြုနိုင်ကြပြီး သတင်းအချက် အလက်များကိုလည်း ရှာဖွေနိုင်သူများ ဖြစ်ကြပါသည်။ အဖြေများက တစ်ခုမကသောအခြေအနေသို့မဟုတ် တစ်ခုမျှမရှိသောအခါမျိုးတွင်ပင် ရှုပ်ထွေးခြင်းမရှိ သက်တောင့်သက်သာစွာနှင့် ကျော်ဖြတ်နိုင်စွမ်းရှိကြသူများ ဖြစ်ပါသည်။ သူတို့သည် လုပ်ငန်းခွင်တွင်အဆင့်မြင့်မြင့်စွမ်းဆောင်နိုင်ကြပြီး အဆင့်မီထုတ်ကုန်များကိုလည်း တီထွင်ဖန်တီး ထုတ်လုပ်နိုင်ကြပါသည်။ နည်းပညာရှာဖွေတတ်သောကျောင်းသားများသည် အများနှင့်လိုက်လျော ညီထွေစွာ နေတတ်ကြပြီး ပြောင်းလဲမှုများကိုလည်း ကျင့်သားရနေကြကာ တစ်ဦးချင်းဖြစ်စေ အဖွဲ့နှင့် ဖြစ်စေ ပူးပေါင်းလုပ်ဆောင်နိုင်ကြသူများဖြစ်လာစေရန်ရည်မှန်းပါသည်။

## ကျောင်းစာကြည့်တိုက်များနှင့်ကန့်သတ်မှုမူဘောင်များ

ကျောင်းစာကြည့်တိုက်များသည် ဗဟုသုတမျှဝေရာတွင် ဒေသတွင်းနို င်ငံအတွင်းရှိ အာဏာပိုင်များ၏ သတ်မှတ်ထားသည့် မူဘောင်အတွင်းတွင်တည်ရှိပြီး လိုအပ်သောအခွင့်အရေးပံ့ပိုးပေးမှု၊ သင်ကြားမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ညီမျှစွာလုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ ဤကဲ့သို့ပညာရေးနှင့်ယဉ်ကျေး မှု ပတ်ဝန်းကျင်များကို ရေရှည်တည်တံ့စွာထိန်းသိမ်းနိုင်ရေးအတွက် ကျောင်းစာကြည့်တိုက်များ အတွက် အကျိုးပြုသောရံပုံငွေဆိုင်ရာဥပဒေတစ်ရပ်ချမှတ်ပြီးဝိုင်းဝန်းပံ့ပိုးကူညီရန်လိုအပ်ပါသည်။

ကျောင်းစာကြည့်တိုက်များသည် သင်ကြားရေးနယ်ပယ်အတွင်းရှိ ကျောင်းသားများနှင့် အခြား စာကြည့်တိုက် အဖွဲ့ဝင်များ၏ အခွင့်အရေးနှင့်တာဝန်များကို စဉ်းစားပေးရမည် ဖြစ်ပါသည်။ လုပ်အားပေးများအပါအဝင် ကျောင်းစာကြည့်တိုက်များ၌ အလုပ်လုပ်သူတိုင်းသည် စာကြည့်တိုက် အသုံးပြုသူများနှင့် ဆက်ဆံရာတွင် လူမှု ရေးဆိုင်ရာကျင့်ဝတ်စံနှုန်းများကို အမြင့်မားဆုံးအလေးထား လိုက်နာကြရန်တာဝန်ရှိကြပါသည်။ စာကြည့် တိုက်ဝန်ထမ်းများသည် မိမိကိုယ်တိုင်အဆင်ပြေ သက်သာမှုထက် စာကြည့်တိုက်အသုံးပြုသူများ၏ အခွင့်အရေးများကိုဖြည့်ဆည်းပေးရန် ကြိုးစား အားထုတ်ကြရမည်ဖြစ်ပြီး စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် ဘက်လိုက်မှုများ ရှောင် ကြဉ်ရန် အထူးလိုအပ်ပါသည်။ စာကြည့်တိုက်ဝန်ထမ်းများသည် ကလေးများ၊ လူငယ် များ၊လူကြီးများ အားလုံးကို တန်းတူညီမျှဆက်ဆံရမည်ဖြစ်ပြီး တဦးချင်းစီ၏လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့် ဆည်းပေးရန် တာဝန်ရှိပါသည်။

## ကျောင်းစာကြည့်တိုက်ဝန်ထမ်းများခန့်ထားခြင်း

ကျောင်း၏သင်ကြားခြင်းနှင့်သင်ယူလေ့လာခြင်းတို့ကို အလေးထားပံ့ပိုးရန် ကျောင်းစာကြည့်တိုက်များကို ထားရှိဖွင့်လှစ်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းစာကြည့်တိုက်များ၏ဝန်ဆောင်မှုများ နှင့် လှုပ်ရှားဆောင်ရွက်မှုများသည် ကျောင်းအုပ်ကြီးနှင့်ဆရာ၊ဆရာမများ၏ လမ်းညွှန်ချက်များနှင့် အညီ ဖြစ်သင့်ပါသည်။ ထို့ပြင် ကျောင်း၏ခေါင်းဆောင်မှုအခန်းကဏ္ဍ၊ အုပ်ချုပ်ရေးနှင့် သင်ကြား ရေးပိုင်းကဏ္ဍများတွင်လည်း စာကြည့် တိုက်မှူးများက တတပ်တအား ပါဝင်ဆောင်ရွက်သင့်ပါသည်။ စာကြည့်တိုက်မှူးက အထောက်အကူပြု ဝန်ထမ်းများကို ကျောင်း၏လမ်းညွှန်ချက်များ၊ စီမံအုပ်ချုပ်မှု ပိုင်းနှင့် ခေါင်းဆောင်မှုကဏ္ဍများတွင် အချိန်ပြည့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကောင်းစွာ သင်တန်းပို့ချ လေ့ကျင့်ပေးထားရမည် ဖြစ်ပါသည်။ သို့မှသာ အထောက်အကူပြုဝန်ထမ်းများက စာကြည့်တိုက်ဝန်ဆောင်မှုများကို အဆင်ပြေစွာကူညီပံ့ပိုး ပေးနိုင်ကြမည် ဖြစ်ပါသည်။ ကျောင်း၏ ပြဋ္ဌာန်းချက်၊ ရံပုံငွေအင်အား၊ ပညာရေးအခြေခံများအရ စာကြည့်တိုက် ဝန်ထမ်းဖွဲ့ စည်းပုံကို လိုက်လျောညီထွေစွာထားရှိတတ်ရန်လည်းလိုအပ်ပါသည်။ သို့သော် နှစ်ပေါင်း၅၀ကျော် အပြည်ပြည်

ဆိုင်ရာသုတေသနများက ညွှန်ပြသည်မှာ ကျောင်းစာကြည့်တိုက်မှူးများသည် ယေဘုယျအားဖြင့် အခြေခံစာ ကြည့်တိုက်ပညာနှင့်အတန်းပညာရှိရန် လိုအပ်ပါသည်။ အဆင့်မြင့်ပညာရှင်တစ်ယောက် အနေဖြင့်မူ ပို၍ ရှုပ်ထွေးသော ညွှန်ကြားချက်များ၊ အရေးအဖတ်စွမ်းရည်များ၊ ကျောင်းစာကြည့်တိုက် စီမံခန့်ခွဲမှုပိုင်း၊ သင်ကြားရေးဝန်ထမ်းများနှင့် ပူးပေါင်းပါဝင်မှု၊ ပညာရေးအသိုင်းအဝိုင်းနှင့် နီးနှောဖလှယ်နိုင်မှုစွမ်းရည်တို့လည်း လိုအပ်ကြောင်းဖော်ပြထားသည်။

## ကျောင်းစာကြည့်တိုက်အတွက်စာအုပ်စာပေပစ္စည်းစုဆောင်းမှု

ကျောင်းစာကြည့်တိုက်မှူးများသည် ကျောင်းအုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများ၊ သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းပြီး စာကြည့်တိုက်အတွက်စာအုပ်၊ စာကြည့်တိုက်သုံးပစ္စည်းများ ထိန်းသိမ်း၊ ဝယ်ယူစုဆောင်းရေးဆိုင်ရာမူဝါဒများ ချမှတ်ထားကြရပါမည်။ ထိုမူဝါဒများသည် ကျောင်းစာသင်ရိုးညွှန်းတမ်းများကိုအခြေခံပြီး ကျောင်းပတ်ဝန်းကျင်မှလိုအပ်ချက်၊ ကျောင်းသား များ၏ စိတ်ဝင်စားမှုများနှင့် ကိုက်ညီရန်လိုအပ်ပြီး ကျောင်းပတ်ဝန်းကျင်လူမှုဘဝ အသိုင်းအဝိုင်း ကိုလည်း ရောင်ပြန်ဟပ်နိုင်သော စုဆောင်းမှုမျိုးဖြစ်သင့်ပါသည်။ ကျောင်းစာကြည့်တိုက်အတွက် စုဆောင်းမှုများသည် ကျောင်းသားများလိုအပ်သော ဘာသာရပ်ဆိုင်ရာတန်ဖိုးရှိလှသည့် ဗဟုသုတ များဖြစ်သင့်ပြီး လိုအပ်လျှင်ပြည်တွင်းမှသာမက ပြည်ပကပါဝယ်ယူစုဆောင်းသင့်ပါသည်။ ထို့ပြင် ကျောင်းပတ်ဝန်းကျင်နှင့်နီးစပ်ပတ်သက်သည့် အမျိုးသားရေး၊ လူမျိုးစု၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ ထုံးစံများ၊ ဘာသာစကားနှင့် တခြားလူဦးရေဆိုင်ရာ ဖော်ပြချက်များပါဝင်မှုကို အလေးထားသည့် စုဆောင်းမှု ဖြစ်သင့်ပါသည်။

## ကျောင်းစာကြည့်တိုက်များ၏လမ်းညွှန်ချက်အစီအစဉ်များ

ကျောင်းစာကြည့်တိုက်မှူးများသည် မိမိတို့ကျောင်း၏ အဓိကသင်ကြားရေးနှင့်ဆိုင်သော လှုပ်ရှားမှုများ ဖြစ်သည့် -

- အရေးအဖတ်စွမ်းရည်အတွက်စည်းရုံးလှုပ်ရှားမှု

- မီဒီယာနှင့်သတင်းပြန်ကြားမှု(ဥပမာသတင်းဖြန့်ဝေခြင်း၊သတင်းအချက်အလက်ဆိုင်ရာပွဲများကျင်းပခြင်း)
- လေ့လာစုံစမ်းမေးမြန်းမှုကိုအခြေခံသောသင်ကြားမှုပုံစံဖြစ်ခြင်း
- နည်းပညာချင်းပေါင်းစပ်လေ့လာမှုပါဝင်ခြင်း
- ဆရာများအတွက်စွမ်းရည်မြှင့်သင်တန်းများ
- စာပေနှင့်ယဉ်ကျေးမှုကိုတန်ဖိုးထားအသိအမှတ်ပြုခြင်းစသည့်အချက်များကိုအာရုံထားသင့်ပါသည်။

ကျောင်းသားများအား မီဒီယာနှင့်သုတပညာသင်ကြားရာတွင် စနစ်ကျသော မူဘောင်သတ်မှတ်ရေး နှင့် ကျောင်းသားဆရာပူးပေါင်း၍
ကျောင်းသား၏ကျွမ်းကျင်မှုကို တိုးမြှင့်ပံ့ပိုးပေးမှုသည် အရေးကြီးကြောင်း စာကြည့်တိုက်မှူးက သိရှိရမည်ဖြစ်ပါသည်။

## ကျောင်းစာကြည့်တိုက်များ၏တန်ဖိုး

စာကြည့်တိုက်များကိုအကဲဖြတ်ခြင်းသည် စဉ်ဆက်မပြတ်တိုးတက်မှုဖြစ်စဉ်အတွက် အရေးကြီးသော အခန်းကဏ္ဍ တစ်ခုဖြစ်ပါသည်။ စာကြည့်တိုက်၏အစီအစဉ်များ စနစ်ကျနကောင်းမွန်ထောင့်စေ့မှုနှင့်လုပ်ငန်းဆောင်ရွက်မှုတို့မှတစ်ဆင့် ကျောင်း၏ရည်မှန်းချက်ပန်းတိုင်ကို အကဲဖြတ်သိရှိ နိုင်ပါ သည်။ တွက်ချက်နိုင်ပါသည်။ အကဲဖြတ်ခြင်းသည်စာကြည့်တိုက်၏အစီအစဉ်များ စနစ်ကျနကောင်းမွန်မှုနှင့် လုပ်ငန်းများဆောင်ရွက်နိုင်မှုတို့မှတစ်ဆင့် ဆင်းသက်လာပါသည်။ အကဲဖြတ်ခြင်းသည် ကျောင်းသားနှင့်ဆရာ၊ စာကြည့်တိုက်ဝန်ထမ်းများ၊ ပါဝင်ဆောင် ရွက်နေသည့် ပညာရေး အဝန်းအဝိုင်းများကျယ်ပြန့်လာမှုဆိုသော ကောင်းကျိုးဖြစ်ထွန်းမှုများကို ပြသပေး ကြပါသည်။ ဤသို့အကဲဖြတ်ခြင်းဖြင့် ဝန်ထမ်းများနှင့်စာကြည့်တိုက်အသုံးပြုသူများသည် စာကြည့်တိုက်၏ အစီအစဉ်များ၊ လုပ်ငန်းများကို ပိုမိုနားလည်လာပြီးတန်ဖိုးထားမှုများကိုပြသကြသည့်သက်သေအထောက် အထားများပင်ဖြစ်ကြပါသည်။ အောင်မြင်သော အကဲဖြတ်ခြင်းအလေ့အထက စာကြည့်တိုက်၏ လုပ်

ငန်းဆောင်တာအစီအစဉ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်သာမက၊ အသစ်ပြန်လည်စတင်ရန် စေ့ဆော်ပေးနိုင် ကြပါသည်။

## ကျောင်းစာကြည့်တိုက်များကိုထောက်ပံ့မှု

ပြည်သူနှင့်ဆက်ဆံရေးအားပေးမြှင့်တင်ရန်အတွက်ပမာဏခြေလှမ်းအဖြစ် အကဲဖြတ်တွက်ချက်လမ်းညွှန်ပေး ရန်အလွန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းစာကြည့်တိုက်များ၏ အရေးပါမှုကို သင်ကြားရေး နှင့် လေ့လာရေးပိုင်းဘက်က အစဉ်အမြဲလိုလိုကောင်းစွာ နားမလည် ကြပါ။ ထို့ကြောင့် ကျောင်းစာကြည့်တိုက် များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ဆက်လက်ထိန်းသိမ်းနိုင် စေရန် ရန်ပုံငွေနှင့် အခြားအထောက်အပံ့များကို အားပေးထောက်ပံ့ပေးရန်လိုအပ်ပါသည်။

## စာတမ်းအကြောင်းဖော်ပြချက်

ဤကျောင်းစာကြည့်တိုက်လမ်းညွှန်သည် ကျောင်းစာကြည့်တိုက်များအတွက် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်း၏ အခန်းကဏ္ဍ (IFLA Section of School Libraries ) အဖြစ် ဒုတိယအကြိမ် တည်းဖြတ် ထုတ်ဝေထားခြင်းဖြစ်ပါသည်။ ဤစာတမ်းသည် အရည်အချင်းပြည့်မီသော စာကြည့် တိုက် ပညာရှင်များက ကျောင်းစာကြည့်တိုက်ပညာရှင်များအတွက် ရည်ရွယ်ထုတ်ဝေထားခြင်း ဖြစ်သည့်အပြင် ကျောင်းသူကျောင်းသားများနှင့် ဆရာ၊ ဆရာမများ ကျောင်းစာကြည့်တိုက်၏ လုပ်ငန်းစဉ်များအား ရင်းနှီး ကျွမ်းဝင်လာစေရေး ၊ အကျိုးရှိရှိ အသုံးချတတ်စေရန်လည်း ရည်ရွယ်ပါသည်။ ဤလမ်းညွှန်မှုကြမ်းတွင် IFLA ညီလာခံ၊ နှစ်ပတ်လည်အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေး ပွဲများတွင် ပါဝင်ကြသော နိုင်ငံတကာမှ ပါဝင်တက်ရောက်ခဲ့သူများနှင့် သူတို့၏ဆွေးနွေးချက်များ၊စကားဝိုင်းများသာမက လူတွေ့မေးမြန်းချက်များ၊ Online သုံးသပ်အကြံပြုချက်များလည်း ပါဝင် ပါသည်။ ဤစာတမ်းဖြစ်မြောက်ရေးအတွက် ကူညီပေးခဲ့ကြသောသူများအားလုံးကို ကျေးဇူးတင်ရှိပါ ကြောင်း ဖော်ပြအပ်ပါသည်။

Barbara Schultz-Jones,Chair

Dianne Oberg, Secretary

FLA Section of School Libraries

June 2015

## ၃။အကြံပြုချက်များ

အောက်ပါအကြံပြုချက်များကို ကျောင်းစာကြည့်တိုက်များနှင့် ပညာရေးဌာနဆိုင်ရာ တာဝန်ရှိသူများ အသုံးပြုနိုင်စေရန် ထုတ်နုတ်ပေးထားခြင်း ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားအားလုံးနှင့် ဆရာဆရာမများ ကျောင်းစာကြည့်တိုက်လုပ်ငန်းစဉ်များနှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ကျွမ်းကျင်သောစာကြည့်တိုက်ပညာရှင်များက ပြုစုပေးထားခြင်းဖြစ်ပါသည်။ အကြံပြုချက်များကို လမ်းညွှန်ချက်များ တွင် သုံးထားသည့်စာသားများနှင့်ကိုက်ညီစေရန် ချိန်ညှိထားရှိပြီး အကြံပြုချက် တစ်ခုချင်းစီ၏ အဆုံး၌ရှင်းလင်းချက်များကို မှတ်ချက်အနေဖြင့်ဖော်ပြပေးထားပါသည်။ ထိုအကြံပြုချက်များအား အသုံးပြု၍ ကျောင်းစာကြည့်တိုက်တစ်ခုအတွက် စီမံချက်ရေးဆွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆင့်မြှင့်တင်ပေးခြင်းအတွက်ဆောင်ရွက်နိုင်ခြင်းတို့ကိုဖော်ဆောင်နိုင်ပါသည်။ တနည်းအားဖြင့် အကဲဖြတ်ခြင်းဖြင့် အကြံပြုချက်တိုင်းကိုအသုံးချနိုင်စေရန်၊ လက်တွေ့ကျသော စာကြည့်တိုက် သို့မဟုတ် စာကြည့်တိုက်စနစ်တစ်ခု (နောက်ဆက်တွဲတွင်ကြည့်ပါ) ကိုစူးစမ်းလေ့လာ ဖော်ထုတ်ခြင်း၊ တည်ထောင်ခြင်း၊ အနာဂတ်မျှော်မှန်းချက်များ ချမှတ်ခြင်း (ကနေဒါနိုင်ငံ၏ LeadingLearning: ကျောင်းစာကြည့်တိုက်များ အသုံးပြုသင်ကြားခြင်းစံများစာအုပ်  2014 စာမျက် နှာ ၉ကို ကြည့်ပါ။) တို့ကိုလုပ်ဆောင်နိုင်ပါသည်။

### အကြံပြုချက်(၁)

ကျောင်းစာကြည့်တိုက်တစ်ခု၏တာဝန်နှင့်ရည်ရွယ်ချက်၊အသုံးဝင်ပုံများကိုရှင်းလင်းတိကျစွာရေးသားဖော်ပြထားသင့်ပါသည်။ IFLA/UNESCO ကျောင်းစာကြည့်တိုက်ဆိုင်ရာ လမ်းညွှန် ကြေညာချက်၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးကြေညာချက်၊ ကမ္ဘာ့ကု

လသမဂ္ဂ ဒေသခံတိုင်းရင်းသားများအခွင့်အရေး ကြေညာချက်များအပါအဝင် IFLA ၏ စံတန်ဖိုး သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီမှုရှိရပါမည်။

## အကြံပြုချက်(၂)

ကျောင်းစာကြည့်တိုက်တစ်ခု၏ တာဝန်နှင့်ရည်ရွယ်ချက်၊ အသုံးဝင်ပုံဖော်ပြချက်များသည် ဒေသတွင်းရှိ တိုင်းပြည်အာဏာပိုင်များ၏ မျှော်မှန်းချက်များ၊ ကျောင်းစာသင်ရိုးညွှန်းတမ်းများ၏ အကျိုးရလဒ်များနှင့်လည်း ကိုက်ညီမှုရှိသင့်ပါသည်။ (မိတ်ဆက်စကား၁-၁၊၁-၈တွင်ကြည့်ပါ)

## အကြံပြုချက်(၃)

ကျောင်းစာကြည့်တိုက်တစ်ခု အောင်မြင်စေရန်စီမံရာတွင် အောက်ပါအင်္ဂါရပ်သုံးခုနှင့် လိုက် လျောညီထွေဖြစ်စေရန် လိုအပ်ပါသည်။

(က) အရည်အချင်းပြည့်မီသော ကျောင်းစာကြည့်တိုက်မှူးရှိရန်လိုအပ်ခြင်း၊

(ခ) ကျောင်း၏သင်ရိုးညွှန်းတမ်းကိုပံ့ပိုးပေးနိုင်သောစာပေပစ္စည်းစုဆောင်းရယူခြင်းနှင့်

(ဂ) ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်စေရန် တိကျမှန်ကန်သော စီမံချက်ချမှတ်ခြင်း

တို့ ဖြစ်ကြပါသည်။

## အကြံပြုချက်(၄)

ကျောင်းစာကြည့်တိုက်သည် ကျောင်းပတ်ဝန်းကျင်၏ပြောင်းလဲနေသော လိုအပ်ချက်များကို အမြဲပံ့ပိုးပေးနိုင်စေရေးအတွက် စာကြည့်တိုက်၏လုပ်ငန်းလုပ်ဆောင်မှုများကို ပုံမှန်စောင့် ကြည့်စစ်ဆေးပေးရန် လိုအပ်ပါသည်။ (၁-၉၊၆-၁၊၆-၄)

## အကြံပြုချက်(၅)

အစိုးရအဆင့်နှင့်အညီ ကျောင်းစာကြည့်တိုက်စည်းမျဉ်းဥပဒေများကို သင့်တင့်လျောက်ပတ် စွာ ပြဋ္ဌာန်းသင့်ပြီး စာကြည့်တိုက်တည်ထောင်မှု၊ စာကြည့်တိုက်ကိုအားပေး ကူညီမှုနှင့်

ကျောင်းစာကြည့် တိုက်များစဉ်ဆက်မပြတ်တိုးတက်မှုရှိစေရန် ဖော်ဆောင်ပေးမည့် ဥပဒေစည်းမျဉ်းများကိုသာ ပြဋ္ဌာန်း ထားသင့် ပါသည်။(၂-၃၊၃-၆၊၃-၈)

**အကြံပြုချက်(၆)**

ကျောင်းစာကြည့်တိုက်ဥပဒေစည်းမျဉ်းများသည် သင့်တော်ရာအစိုးရအဆင့်နှင့်အညီ ပြဋ္ဌာန်း သင့်ပြီး စာကြည့်တိုက်အသုံးပြုသူအဖွဲ့ဝင်များ၏ ကျင့်ဝတ်တာဝန်များကို သေချာစွာသတ် မှတ်ထားခဲ့သင့်သည်။ ၎င်းစည်းမျဉ်းများတွင် ရသင့်သောအခွင့်အလမ်း၊ သတင်းအချက်အလက်လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ခွင့်၊ မူပိုင်ခွင့်နှင့် ညာဏပစ္စည်းမူပိုင်ခွင့်နှင့် ကလေးသူငယ် အခွင့်အရေးအစရှိသည်တို့ပါဝင်သင့်သည်။( ၂၊၃၃၊၆၃၊၈)

**အကြံပြုချက်(၇)**

ကျောင်းစာကြည့်တိုက်လုပ်ငန်းများနှင့်အစီအစဉ်များသည်ပညာရှင်ကျောင်းစာကြည့်တိုက်မှူး၏လမ်းညွှန်မှုအောက်တွင်ရှိနေသင့်ပါသည်။

**အကြံပြုချက်(၈)**

ပညာရှင်စာကြည့်တိုက်မှူးတစ်ဦး၏ အဆင့်အတန်းများသတ်မှတ်ရာတွင်(စာတတ်မြောက်မှုနှင့် စာဖတ်နိုင်မှုတိုးမြှင့်လာစေရန် ဆောင်ရွက်နိုင်မှု၊ စုံစမ်းမှုဗဟိုပြု၊ သတင်းအရင်းမြစ် ဗဟိုပြုသည့် စာကြည့်တိုက်စီမံခန့်ခွဲမှုကိုဖော်ဆောင်ပေးနိုင်ခြင်း၊ကျောင်းအတွက် ခေါင်းဆောင်မှုပေးခြင်း၊ပူးပေါင်းဆောင်ရွက်ခြင်း၊လူမှုအသိုင်းအဝန်းတွင်ပါဝင်မှုစာကြည့်တိုက်လုပ်ငန်းများ အဆင့်တိုးမြှင့်ခြင်းစသည့် အချက်တို့အပေါ်မူတည်သတ်မှတ် သင့်ပါသည်။

**အကြံပြုချက်(၉)**

ကျွမ်းကျင်အဆင့်၊ပညာရှင်အဆင့်နှင့်လုပ်အားပေးအဆင့်စသည့်စာကြည့်တိုက်ဝန်ထမ်းများအားလုံးမိမိတို့၏တာဝန်ဝတ္တရားများကိုရှင်းလင်းစွာနားလည်ရမည်ဖြစ်ပြီးစာကြည့်တိုက်မူဝါဒများနှင့်အညီစာကြည့်တိုက်အသုံးပြုသူများလိုအပ်သောသတင်းအချက်အလက်ကို အမြန်ဆုံးပံ့ပိုးပေးရပါမည်။ (၃-၁၊၃-၂၊၃-၆၊၃-၇)

## အကြံပြုချက်(၁၀)

စာကြည့်တိုက်ဝန်ထမ်းအားလုံးသည်စာအုပ်နှင့်ပုံနှိပ်စာမဟုတ်သောစာပေပစ္စည်းများ၊စာမူများစုဆောင်းရာတွင်ကျောင်း၏သင်ရိုးညွှန်းတမ်းနှင့်ကိုက်ညီမှုရှိသောအမျိုးသားရေး၊လူမျိုးရေး၊ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့်ထပ်တူညီမှုကိုက်ညီမှုရှိရပါမည်။စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကတ်တလောက်ရေးခြင်း၊ပြတိုက်အလုပ်များ၊စုဆောင်းထားမှုများကိုမျှဝေပေးခြင်းစသည့်စာပေပစ္စည်းများတိုးပွားလာစေရေးစသည့်လုပ်ငန်းများကိုလည်းကြိုးပမ်းအားထုတ်မှုရှိသင့်ပါသည်။

## အကြံပြုချက်(၁၁)

ကျောင်းစာကြည့်တိုက်တစ်ခု၏အင်္ဂါရပ်များ၊ပရိဘောဂနှင့်တခြားပစ္စည်းများစုဆောင်းထားရှိမှုနှင့်ဝန်ဆောင်ပေးမှုများသည်ကျောင်းသားများနှင့်ဆရာများအတွက်သင်ကြားမှုလေ့လာမှုပြုရာတွင်အထောက်အပံ့ပေးနိုင်ရမည်ဖြစ်ပြီးသင်ကြားရေး၊လေ့လာရေးပုံစံများပြောင်းလဲသည်နှင့်အတူပံ့ပိုးပေးမှုများလည်းလိုက်၍ပြောင်းလဲနိုင်ရပါမည်။(၄-၁၊၄-၂)

## အကြံပြုချက်(၁၂)

စာပေပစ္စည်းမျှဝေမှုလုပ်ငန်းများ၊စာဖတ်သူအဖွဲ့ဝင်များ၏ပညာရှာဖွေမှုများ၊စာအုပ်နှင့်ပုံနှိပ်စာမဟုတ်သောစာပေပစ္စည်းများစုဆောင်းမှုများအားကောင်းဖွံ့ဖြိုးတိုးတက်လာစေရန်ကျောင်းစာကြည့်တိုက်များ၊ပြည်သူ့စာကြည့်တိုက်များနှင့်တက္ကသိုလ်စာကြည့်တိုက်များအချင်းချင်းဆက်သွယ်ချိတ်ဆက်မှုထားရှိပြီး၊စာကြည့်တိုက်အချင်းချင်းမျှဝေမှုများပိုမိုဖွံ့ဖြိုးတိုးတက်လာစေသင့်ပါသည်။(၄-၂၊၅-၄)

## အကြံပြုချက်(၁၃)

ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည် သုတရသစာပေများဖတ်ရှုမှု၊မီဒီယာနှင့်နည်းပညာသင်ကြားပို့ချချက်များ၊စူးစမ်းမေးမြန်းမှုကိုအခြေခံသောသင်ကြားနည်းများ၊နည်းပညာပေါင်း

စပ်မှုနှင့်ဆရာများ၏အရည်အချင်းပြည့်မီသောတိုးတက်မှုတို့အပေါ်တွင်အာရုံစိုက်ကြည့်ရှုနေသောအလေ့အကျင့်တစ်ခုအဓိကရှိနေသင့်ပါသည်။

**အကြံပြုချက်(၁၄)**

ကျောင်းစာကြည့်တိုက်လုပ်ငန်းစဉ်များ၊ကျောင်း၏ရည်မှန်းချက်များပြည့်ဝစေရန်ကျွမ်းကျင်သောစာကြည့်တိုက်မှူးတစ်ဦးနှင့်အတူကျောင်းအုပ်၊ဘာသာရပ်သင်ဆရာဆရာမများ၊အခြားစာကြည့်တိုက်မှုအဖွဲ့ဝင်များ၊ယဉ်ကျေးမှုအဖွဲ့များ၊ဘာသာစကားဆိုင်ရာအဖွဲ့များ၊တိုင်းရင်းသားများနှင့်အခြားသီးခြားလူမျိုးများအစရှိသဖြင့်အားလုံးပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။ (၃-၅၊၃-၅-၄၊၅-၁၊၅-၈)

**အကြံပြုချက်(၁၅)**

ကျွမ်းကျင်ဝန်ထမ်းများအတွက် သင်ကြားရေးပိုင်းတွင် လေ့ကျင့်ပေးမှုနှင့်ပါဝင်ပတ်သက်မှုများသည်ကျောင်းစာကြည့်တိုက်၏လုပ်ငန်းဝန်ဆောင်မှုများအတွက၊်လိုအပ်သောအချက်အလက်များပံ့ပိုးပေးရန်အတွက်အဓိကကျသည့်လေ့ကျင့်မှုများဖြစ်ကြောင်းသက်သေထူနိုင်ပါသည်။

**အကြံပြုချက်(၁၆)**

ကျောင်းစာကြည့်တိုက်၏လုပ်ငန်းစဉ်များနှင့်ထောက်ပံ့မှုများသည်ပစ္စုပ္ပန်နှင့်အနာဂတ်တွင်စာကြည့်တိုက်အသုံးပြုသူများ၏လိုအပ်ချက်နှင့်ကိုက်ညီနေစေရန်လည်းလိုအပ်ပါသည်။

## ၄။ မိတ်ဆက်စကား

ကမ္ဘာပေါ် ရှိကျောင်းစာကြည့်တိုက်များသည် ပုံစံမျိုးစုံနှင့်တည်ရှိနေကြပြီးအားလုံးအတွက်လေ့လာ သင်ကြားရေးဟူသောဘုံရည်မှန်းချက်ကို မျှဝေနေကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းစာကြည့် တိုက်ဝန်ထမ်းများသည် အသုံးပြုသူများအား ညီမျှသောအခွင့်အရေးနှင့်

တရားမျှတမှုကိုပေးစွမ်းနိုင် သူများဖြစ်ရပါမည်။ ကျောင်းစာကြည့်တိုက်ဝန်ထမ်းများသည် ၁၉၅၉ကမ္ဘာ့ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးကြေညာစာတမ်း၊ ၁၉၈၉ကမ္ဘာ့ကုလ သမဂ္ဂကလေးသူငယ်အခွင့်အရေးသဘောတူစာချုပ်၊ ကမ္ဘာ့ကုလသမဂ္ဂလူမျိုးစုဆိုင်ရာ ကြေညာစာတမ်း(၂၀၀၇)နှင့် IFLA ၏ အဓိကတန်ဖိုးထား မှုများမှာအောက်ပါဖော်ပြချက် များဖြစ်ကြပါသည်။

- သတင်းအချက်အလက်ရှာဖွေရာတွင် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း ကြေညာချက် အပိုဒ်၁၉တွင်ဖော်ပြပါရှိသောတီထွင်ဖန်တီးမှုနှင့် အတွေးအခေါ် ပိုင်းဆိုင်ရာလွတ်လပ်ခွင့်ရှိရမည်ဟူသောစည်းမျဉ်း
- လူ့အဖွဲ့အစည်းများအသင်းအဖွဲ့များကရင်းတို့လိုအပ်သောလူမှုရေး၊ပညာရေး၊ယဉ်ကျေးမှု၊ဒီမိုကရေစီနှင့်ဆိုင်သောအကြောင်းအရာများနှင့်စီးပွားရေးဆိုင်ရာပညာရပ်များသတင်းအချက်အလက်များရှာဖွေရာတွင်မြန်မြန်ဆန်ဆန်ပေးနိုင်ရမည်ဟူသောခံယူချက်
- စာကြည့်တိုက်၏အဆင့်မြင့်လုပ်ငန်းစဉ်များဖြင့်အသုံးပြုသူများလိုအပ်သောသတင်းအချက်အလက်ဟူသောခံယူချက်
- အဖွဲ့ဝင်များအားလုံးအကျိုးရှိစေရန်အတွက် စာကြည့်တိုက်၏လုပ်ငန်းစဉ်များသည် နိုင်ငံသား တိုင်း၊ မည်သည့်ဒေသမဆို လူမျိုးဘာသာစကား မသန်စွမ်းမှု တိုင်းရင်းသားကျားမ မရွေး မခွဲခြားပဲ ပံ့ပိုးပေးရမည်ဟူသောကတိခံယူချက် စည်းမျဉ်းများသည်ပထမအကြိမ်1999 တွင်ထုတ်ဝေခဲ့သော IFLA/UNESCO ကျောင်းစာကြည့်တိုက်ဆိုင်ရာကြေညာချက်တွင် ဖော်ပြ ထားချက်များကိုအခြေခံထားပြီး ဘာသာ များစွာသို့လည်း ဘာသာပြန်ဆိုထားရှိကြပြီး ကျောင်းစာကြည့်တိုက်များ၏ ပံ့ရိပ်မြှင့်တင်ပေးရနလည်း လိုက်နာ အသုံးပြုခဲ့ကြသည်။ ကြေညာချက်တွင်(သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနများသည်မဟာဗျူဟာ၊မူဝါဒနှင့်စီမံချက်များရေးဆွဲ၍ဤကြေညာချက် အကောင်အထည်ဖော်ဆောင်နိုင်စေရန်ပံ့ပိုးပေးရမည်) ဟု ဖော်ပြပါရှိသည်။ဤစာတမ်းထုတ်ဝေမှုကိုကမ္ဘာပေါ် ရှိဆုံးဖြတ်ချက်ပေးနိုင်သူများကိုအသိပေးထားခြင်းဖြစ်ပြီးစာကြည့်တိုက်အသိုင်းအဝန်းကိုအကူအညီအထောက်အပံ့များပေးနိုင်

စေရန်ဖြစ်သည်။ ဤကြေညာချက်ပါစာတမ်းများသည်ကျောင်းဦးဆောင်သူများအတွက်စည်းမျဉ်းများရေးသားရာတွင်အကူအညီဖြစ်စေရန်ဖော်ပြထားခြင်းဖြစ်သည်။အဘယ့်ကြောင့်ဆိုသော်ကျောင်းများနှင့်ကျောင်းစာကြည့်တိုက်များသည်တစ်နိုင်ငံနှင့်တစ်နိုင်ငံမတူညီကြသည့်အတွက်ပြည်တွင်းတုံ့ပြန်မှုများအတွက်စည်းမျဉ်းများကိုသတိနှင့်သုံးစွဲကြရန်လိုအပ်ပါသည်။ ဤကြေညာချက်ပါစာတမ်းများသည်စိတ်ကူးစိတ်သန်းနှင့်ရည်မှန်းချက်များကိုရည်ရွယ်ထားခြင်းဖြစ်ပြီးကောင်းမွန်တိုးတက်စွာဝန်ဆောင်မှုပေးနိုင်သောနိုင်ငံများကစာကြည့်တိုက်ပညာရှင်များကပင်အသုံးပြုကြသည်။ပါဝင်ပက်သက်သူများကိုလှုံ့ဆော်ပေးကြပြီးအလုပ်ပတ်ဝန်းကျင်၏လိုအပ်ချက်၊ပြောင်းလဲမှုအချက်အလက်များကိုလိုက်၍ပံ့ပိုးပေးရန်လိုအပ်ကြောင်းသတိပြုမိကြသည်။ စည်းမျဉ်းများအားလုံးသည်အောင်မြင်လိုမှုနှင့်၎င်းအောင်မြင်မှုမှတဆင့်ရနိုင်သောမျှော်လင့်ချက်တို့အကြားညှိနှိုင်းမှုပြုနိုင်စေရန်ကိုယ်စားပြုပါသည်။ကျောင်းစာကြည့်တိုက်မှူးတစ်ဦးချမှတ်အသုံးပြုနေသောစည်းမျဉ်းတာဝန်များသည်ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေရန်ကားအရေးကြီးလှပါသည်။စံစည်းမျဉ်းများသည်စာကြည့်တိုက်ကိုအသုံးပြုသူများနှစ်သက်လိုက်နာနိုင်သည့်စည်းမျဉ်းများသာဖြစ်သင့်ပါသည်။စာကြည့်တိုက်ကိုပြုပြင်မွမ်းမံခြင်း၊ရန်ပုံငွေတိုးမြှင့်ခြင်း၊ဝန်ထမ်းတိုးမြှင့်ခန့်ထားခြင်းများဆောင်ရွက်ရန်လိုအပ်ကြောင်းတင်ပြလာပါကအဆိုပါပြောင်းလဲမှုများဖြစ်ပေါ်လာခြင်းသည်ကျောင်းသားကျောင်းသူများနှင့်ဆရာများစာကြည့်တိုက်အသုံးပြုမှုများပြားလာသည်ဆိုသောအောင်မြင်မှုသက်သေခံများပင်ဖြစ်ပါသည်။ ရန်ပုံငွေ၊နည်းပညာ၊စာအုပ်စာတမ်းနှင့်စာပေပစ္စည်းစုဆောင်းမှု၊ဝန်ထမ်းခန့်ထားမှုတို့ကအကောင်းဆုံးသင်ကြားပေးမှု၊လေ့လာမှုပတ်ဝန်းကျင်များအတွက်အာမခံပေးဖို့လိုအပ်ချက်တွေမဟုတ်ကြပါဘူး။ပိုအရေးကြီးတာကတော့စာကြည့်တိုက်အသုံးပြုသူများလူငယ်များအားလုံးစာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရေးပဲဖြစ်ပါသည်။

ကျောင်းအုပ်ကြီးများ၊ပါဝင်ပတ်သက်သူများ၊ကျောင်းစာကြည့်တိုက်ပညာရှင်များအတွက်အရေးကြီးဆုံးမေးခွန်းမှာကျောင်းစာကြည့်တိုက်လုပ်ငန်းဝန်ဆောင်မှုများမှတစ်ဆင့်ကျောင်းသားနှင့်ဆရာများအတွက်တန်ဖိုးရှိသောမည်သည့်ထောက်ကူမှုမျိုးကိုမဆိုရစေနိုင်သည်ဆိုသ

ည့်အချက်ဖြစ်ပါသည်။ဆယ်စုနှစ်လေးခုအတွင်းသုတေသနပြုချက်များအရသင့်တင့်လျှော က်ပတ်စွာစုဆောင်းထားသောစာစုများဖြင့်ဝန်ဆောင်မှုပေးနေသောကျောင်းစာကြည့်တိုက် များသည်ကျောင်းသားများရရှိလာသည့်အောင်မြင်မှုအတွက်သိသာထင်ရှားသောသက်ရော က်မှုကိုရရှိခံစားကြရပါသည်။ကျောင်းစာကြည့်တိုက်များအတွက်အရေးကြီးဆုံးအရင်းအမြ စ်မှာစာကြည့်တိုက်မှူးဖြစ်ပါသည်။သို့သော်ထိုစာကြည့်တိုက်မှူးသည်အရည်အချင်းပြည့်မီပြီး အခြားသင်ကြားရေးပိုင်းနှင့်လည်းပူးပေါင်းဆောင်ရွက်တတ်၍ဗဟုသုတပြည့်စုံလျက်ကော ျင်းသားများအတွက်အတွေ့အကြုံများမျှဝေပေးနိုင်သူဖြစ်ရပါမည်။

IFLAကျောင်းစာကြည့်တိုက်စည်းမျဉ်းများကို အသုံးပြုပြီး ကျောင်းစာကြည့်တိုက်များကိုပိုမို တိုးတက် ကောင်းမွန်လာစေရန် ပုံစံမျိုးစုံဖြင့်ပံ့ပိုးပေးသင့်ပါသည်။ ဖွံ့ဖြိုးပြီး၊ဖွံ့ဖြိုးဆဲနိုင်ငံ များတွင် ထိုသို့ပံ့ပိုးပေး ရန်စိန်ခေါ်မှုများရှိနိုင်ပါသည်။ သို့သော်ကျင့်ဝတ်နှင့်ပညာရေးဆိုင်ရာ ရည်မှန်းချက်များကို အခြေခံ၍ ပညာသင်ကြားခြင်းအားဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ ဖြိုးတိုးတက်ရေးအတွက် ဖြတ်သန်း ကြရမည်ဖြစ်ပါသည်။ စာတတ်မြောက်မှု၊နည်းပညာနှင့် စီမံကိန်းများကို IFLA ကပံ့ပိုးပေးသောစာအုပ် Global Perspectives on School Libraries: Projects and Practices (Marquardt & Oberg 2011)တွင်ဥပမာအနေဖြင့်ဖော်ပြပေးထားပါသည်။ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတ က်ရေး အကောင်အထည်ဖော်ရန်နှင့် အဆင့်တိုးမြှင့်ပေးရန် နည်းပညာလမ်းညွှန်ချက်များကို IFLA မှထုတ်ဝေ ထားသော Global Action on School Library Guidelines (Schhhultz-Jones & Oberg ,2015) တွင်တွေ့ရှိနိုင်ပါသည်။ IFLA /UNESCO School Library Manifesto ကကျောင်း စာကြည့်တိုက် များဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံကျသောစ ည်းမျဉ်းများကိုဖော်ပြပေးထားပါသည်။ ကျောင်းစာ ကြည့်တိုက်လမ်းညွှန်ချက်များသည် ဖော်ပြပါအခြေခံကျသော စည်းမျဉ်းများကို အကောင်အထည် ပေးရန် လမ်းညွှန်ပေးပါသည်။ ကျောင်းစာကြည့်တိုက်လမ်းညွှန်ချက်များသည်အားလုံးအတွက်သင်ကြားပေးရန်နှင့်လေ့

လာနိုင်စေရန်ဟူသောဆောင်ပုဒ်အရကျွန်ုပ်တို့၏အားထုတ်မှု၊ဝန်ဆောင်မှုကိုအကောင်းဆုံးနှင့်အစွမ်းဆောင်နိုင်ဆုံးပံ့ပိုးပေးရေးသည်စိန်ခေါ်မှုများဖြစ်ကြပါသည်။

## ကမ္ဘာနှင့်ယှဉ်စဉ်းစားကြည့်ခြင်း

ဤကျောင်းစာကြည့်တိုက်လမ်းညွှန်အကြံပြုချက်များသည် အခွင့်အရေး၊ လူမှုရေးနှင့် တရားမျှတ မှုများ ပါဝင်ရေးအတွက်ကို ကြိုတင်တွက်ဆထားခြင်း ဖြစ်ပါသည်။ ၎င်းတို့ကို၂၁ရာစု၏ ဆက်စပ်အကြောင်းအရာများတွင် ပြောင်းလဲမှု၊ ကွဲပြားလှုပ်ရှားမှုများကို ထူးခြားချက်အနေနှင့် ကွဲပြားသောအဆင့်အတန်းများအကြား ဆက်သွယ်ချက်အဖြစ် အကောင်အထည်ဖော်ခဲ့ကြခြင်း ဖြစ်သည်။ ကမ္ဘာပေါ်တွင်လူသားတို့၏ဘဝများသည် စီးပွားရေး၊ ကမ္ဘာတဝန်းချိတ်ဆက်ဆောင်ရွက်မှု (ဂလိုဘယ်လိုင်ဇေးရှင်း) လူမှုရေးမတည်ငြိမ်မှု၊ ဒီဂျစ်တယ်နှင့်နည်းပညာများတိုးတက်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်အစိမ်းရောင်လှုပ်ရှားမှုများကြောင့်ထိခိုက်နေကြရသည်။ပညာရေးသည်တိုးတက်နေသောနည်းပညာကိုအသုံးပြု၍သင်ရိုးများကိုပြောင်းလဲရခြင်းဖြစ်သည်။ ( ဥပမာ- တွက်ချက်ခြင်း၊ဂိမ်းကစားခြင်း၊စမတ်ဖုန်းများ) ။ နိုင်ငံများစွာတွင်ပညာရေးအတွက်စံပုံစံအသစ်များသည်ဘဏ္ဍာရေး၊ဥပဒေပြုမှုတို့နှင့်ဆက်စပ်နေသောအကြောင်းအရာများကိုအသုံးပြုကြပြီးကျောင်းနှင့်တက္ကသိုလ်များ၏ကုန်ကျစရိတ်နှင့်အသုံးစရိတ်လျှော့ချမှုကိုအလေးအနက်ထားလာကြပါသည်။ တကမ္ဘာလုံးတွင်အထက်တန်းကျောင်းအဆင့်အောင်မြင်မှုအရေအတွက်မြင့်မားလာနေသော်လည်း မူလတန်းအောင်မြင်မှုမှာနိမ့်ကျနေဆဲဖြစ်နေပါသည်။စီးပွားရေးနှင့်လူမှုရေးပြောင်းလဲမှုများကြောင့် အဆိုပါကျောင်းများနှင့်တက္ကသိုလ်များတွင်နိုင်ငံခြားကျောင်းသားများနှင့်ဒုတိယဘာသာစကားသင်ယူသူများတိုးလာကြောင်းတွေ့ရှိရပါသည်။နည်းပညာကဏ္ဍနေရာအနှံ့ပျံ့နှံ့နေမှုသည်လေ့လာသူများအတွက်သတင်းအချက်အလက်သုတပညာရရှိနိုင်မှုနှင့်ဆက်သွယ်ရေးနယ်ပယ်ဆိုင်ရာနည်းလမ်းများကိုပြောင်းလဲစေခဲ့ပါသည်။စာကြည့်တိုက်များသည်စာပေမဟုတ်သောပစ္စည်းများ ( Non-book materials) နှင့် open access

data ကဲ့သို့သောလမ်းကြောင်းများ၊လေ့လာရေးဆောင်ရွက်ချက်အဆင့်များကြောင့်ထိခိုက်မှုများလည်းရှိနေခဲ့ပါသည်။ကမ္ဘာပေါ် ရှိအစိုးရများသည် EU ၏ DigitalAgendaနှင့်တူညီသောအောက်ပါအချက်၇ချက်ကိုအခြေခံထားသောအချက်အလက်များကိုစုဆောင်းနေခဲ့ကြပါသည်။

- Digital Single Market- online လုပ်ငန်းများနှင့်ပါဝင်သည့်ဆက်စပ်အကြောင်းအရာများအရအခက်အခဲအတားအဆီးများမရှိတော့ပေ။စံနှုန်းများITပစ္စည်းများအတွက်စံအသစ်များသည်ချို့ယွင်းမှုမရှိသောဆက်သွယ်ချက်များအဖြစ်ပံ့ပိုးပေးနိုင်လာကြပါသည်။
- ယုံကြည်မှုနှင့်လုံခြုံမှု- ခိုင်မာသောနည်းဥပဒေများဖြင့် cyber hacking များကိုတုံ့ပြန်မှုပေးနိုင်သောဒေတာလုံခြုံရေး။
- လျင်မြန်သောအင်တာနက်-လျင်မြန်သောအင်တာနက်ရရှိနိုင်ရေးရင်းနှီးမြှုပ်နှံမှု
- သုတေသနနှင့်တီထွင်မှုများ- ICT ပိုင်းတွင်ရင်းနှီးမြုပ်နှံမှုတိုးမြှင့်ခြင်း
- ဒီဂျစ်တယ်စာတတ်မြောက်မှုနှုန်း၊ကျွမ်းကျင်မှုဒီဂျစ်တယ်ပစ္စည်းများကိုအကျိုးမရှိသောသုံးစွဲမှုမဖြစ်စေရန်ပညာပေးလေ့ကျင့်ပေးခြင်း
- ICTအကျိုးကျေးဇူးများစွမ်းအင်သုံးစွဲမှုလျှော့ချရေး၊ပုဂ္ဂလိကလုပ်ငန်းများအတွက်အကျိုးဖြစ်ထွန်းသောနည်းလမ်း၊နှင့်ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရန်။

ကျောင်းစာကြည့်တိုက်ပညာရှင်များအတွက်ဒီဂျစ်တယ်စွမ်းရည်များတိုးတက်စေရန်ကျောင်းနှင့်ကျောင်းသားများ၊လေ့လာသူများအတွက်သတင်းအချက်အလက်သုတပညာဗဟုသုတတိုးတက်စေရန်ကျောင်းပတ်ဝန်းကျင်တွင်လုပ်ဆောင်ကြရပါမည်။တကမ္ဘာလုံးတွင်၊ကျောင်းစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းသည်ဒီဂျစ်တယ်နည်းပညာတိုးတက်ပြောင်းလဲမှုကြောင့်ပြောင်းလဲမှုများဖြစ်ပေါ်နေကြသည်။၎င်းပြောင်းလဲမှုများကနိုင်ငံသားများအနေဖြင့်ဒီဂျစ်တယ်နည်းပညာအခြေခံစည်းမျဉ်းများသင်ကြားကြရန်လိုအပ်ကြောင်းတိုးမြှင့်ဖော်ပြလျက်ရှိပါသည်။

## ပြည်တွင်း၌ဆောင်ရွက်ခြင်း

ကျောင်းစာကြည့်တိုက်လမ်းညွှန်ချက်များသည်ပြည်တွင်းအနေအထားအရဆီလျော်စွာညှိနှိုင်းလုပ်ဆောင်ရန်ရည်ရွယ်ထားပြီးအထူးသဖြင့်ဥပဒေနှင့်သင်ရိုးများပေါ်တွင်အခြေခံထားပါသည်။ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးမှုဥပဒေပြုရေးသည်ပညာရေးဥပဒေသို့မဟုတ်စာကြည့်တိုက်ဥပဒေသို့မဟုတ်နှစ်ခုစလုံးတွင်ပါဝင်ခြင်း(သို့မဟုတ်)နှစ်ခုစလုံးတွင်မပါဝင်မှုမရှိခြင်းရှိနိုင်ပါသည်။ကျောင်းစာကြည့်တိုက်လမ်းညွှန်ချက်များသည်စာကြည့်တိုက်၏သီးခြားအလုပ်တာဝန်များ၊အဆင့်အတန်း၊အကျိုးရလဒ်များကိုသတ်မှတ်ပေးနိုင်သည့်နည်းတူထိုအချက်များနှင့် ပက်သက်၍လုံးဝဖော်ပြမထားခြင်းလည်းဖြစ်နိုင်ပါသည်။

လမ်းညွှန်ချက်များသည်ဒေသတွင်းလူ့အဖွဲ့အစည်းအတွင်းရှိကျောင်းစာကြည့်တိုက်များကိုချိန်ညှိပေးပြီးငင်းတို့၏ရလဒ်များ၊ကျောင်းအတွင်းလိုအပ်သောသတင်းအချက်လက်များ၊လူမှုရေး၊လူမျိုးရေး၊ယဥ်ကျေးမှု၊ဘာသာစကား၊တိုင်းရင်းသားနှင့်အခြားလူဦးရေပမာဏစသည်တို့ကိုကျောင်းတွင်းကျောင်းပြင်နှစ်ဌာနစလုံးအတွက်ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်ထားပါသည်။

စာကြည့်တိုက်လုပ်ငန်းများသည်လူငယ်များကိုအောင်မြင်စွာအကျိုးပြုပုံသုတေသနအထောက်အထားများကိုကျောင်းအုပ်ချုပ်သူများ၊အစိုးရဥပဒေပြုသူများနှင့်ပညာရေးအရာရှိများသိရှိစေရန်လမ်းညွှန်ချက်များကဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

စာကြည့်တိုက်တာဝန်ရှိသူများအနေဖြင့်ပညာရေးနှင့်လူ့အဖွဲ့အစည်းအတွင်းပြောင်းလဲတိုးတက်နေမှုများနှင့်အမီလိုက်နိုင်ရန်၊ဤလမ်းညွှန်ချက်များကိုအသုံးပြုနိုင်မည်ဖြစ်ပါသည်။ထို့ပြင်လမ်းညွှန်ချက်များသည်အဆိုပါပြောင်းလဲမှုများအတွက်အထောက်အကူပြုပစ္စည်းအနေဖြင့်ဆက်သွယ်ပေးမည်ဖြစ်သည်။

## ရည်ညွှန်းချက်များ

Marquardt,L., & Oberg, D. (2011). Global perspectives on school libraries: Projects and practices.

The Hague, Netherlands: De Gruyter Saur.

Schultz-Jones, B.& Oberg, D. (2015).

Global action on school libraries guidelines.The hague, Netherlands: De Gruyter Saur.

OECD (Organization for Co-operation and Development).

(2014).

Education at a glance 2014: OECD indicators. Paris: OECD Publishing, Retrieved from dx.doi. org/ 10.1787/eag-2014-en

## အခန်း(၁)

## ကျောင်းစာကြည့်တိုက်၏တာဝန်နှင့်ရည်ရွယ်ချက်များ

## ကျောင်းစာကြည့်တိုက်၏ကြေညာချက်

“ကျောင်းစာကြည့်တိုက်များသည်ယနေ့ခေတ်၏သတင်းအချက်အလက်များ၊ဗဟုသုတများကိုအခြေခံသောလူ့အဖွဲ့အစည်းအတွင်းအဓိကလိုအပ်သောသတင်းအချက်အလက်များအတွေးအခေါ်များအားပံ့ပိုးပေးမည်ဖြစ်ပါသည်။ကျောင်းစာကြည့်တိုက်များသည်ကျောင်းသားများကိုသူတို့၏ဘဝတစ်သက်တာသင်ကြားရေးစွမ်းရည်နှင့်စိတ်ကူးစိတ်သန်းများကိုတိုးတက်ဖွံ့ဖြိုးစေပြီးနိုင်ငံသားကောင်းပီသစွာကြီးပြင်းနိုင်စေရန်မွေးထုတ်ပေးကြရပါမည်။”

### ၁၊၁ -နိဒါန်း

ဤအခန်းသည်ကျောင်းစာကြည့်တိုက်၏တာဝန်နှင့်ရည်ရွယ်ချက၊်မူဝါဒများကို IFLA/UNESCO School Library Manifesto (1999) မှသတ်မှတ်ချက်များအတိုင်းဖော်ပြထားပါသည်။ကြေညာချက်တွင်ကျောင်းစာကြည့်တိုက်ဟူသည်ကျောင်း

အဖွဲ့အစည်းအတွင်းပညာရှာသူများနှင့်ကျောင်းသားများ၏သင်ကြားရေးသင်ယူရေးများကိုတိုးတက်လာစေရန်တွန်းအားပေးရသောနေရာအဖြစ်ဖော်ပြထားပါသည်။ကြေညာချက်၏အဓိကအကြောင်းအရာများကိုနောက်ပိုင်းအခန်းများတွင်အသေးစိတ်ဖော်ပြပါမည်။

## ၁၊၂ - ဆက်စပ်သောအကြောင်းအရာများ

ကျောင်းစာကြည့်တိုက်များသည်တစ်ကမ္ဘာလုံးတွင်လေ့လာစရာနေရာများအဖြစ်တည်ရှိနေကြပြီးကျောင်းသားများဆရာများ၏ပညာရေးလိုအပ်ချက်များဖြစ်သောစာအုပ်နှင့်ပုံနှိပ်မဟုတ်သောစာပေပစ္စည်းများကိုပံ့ပိုးပေးရာနေရာများလည်းဖြစ်ကြပါသည်။ကျောင်းစာကြည့်တိုက်များ၏ရှင်သန်မှုသည်စာကြည့်တိုက်အသုံးပြုသူများ၏လိုအပ်ချက်များအားဝန်ဆောင်ပေးနိုင်မှုနှင့်ပေးနိုင်စွမ်းရှိမှုအပေါ်မူတည်နေပါသည်။ကျောင်းစာကြည့်တိုက်များ၏တာဝန်နှင့်ဝတ္တရားများသည်အသုံးပြုသူကျောင်းနှင့်ကျောင်းသားတို့၏လိုအပ်မှုအပေါ်လိုက်၍ကွဲပြားကြပြီးတစ်ဦးတစ်ယောက်ချင်းကိုဖြစ်စေ၊အဖွဲ့ငယ်၊အဖွဲ့ကြီးများကိုဖြစ်စေ၊စာကြည့်တိုက်အသုံးပြုသူတို့၏လိုအပ်ချက်များကိုအလုံးစုံပံ့ပိုးပေးကြရပါသည်။ကျောင်းစာကြည့်တိုက်ကိုအသုံးပြုဖတ်ရှုလေ့လာသူ၏ဦးတည်သည့်အချက်များသည်ကျောင်း၏သင်ရိုးညွှန်းတမ်းများကိုပံ့ပိုးအားပေးကြပါသည်။ဥပမာ- Lubato Library စီမံကိန်းသည်ဇမ်ဘီးယားနိုင်ငံရှိမိဘမဲ့နှင့်အခြားကလေးသူငယ်များကိုပညာရေးအတွေ့အကြုံများရရှိစေပြီး၊ယဉ်ကျေးမှုအရင်းအမြစ်များအားထိန်းသိမ်းတတ်စေရန်ပံ့ပိုးပေးခဲ့ပါသည်။

## ၁၊၃ -ကျောင်းစာကြည့်တိုက်၏အဓိပ္ပါယ်

ကျောင်းစာကြည့်တိုက်ဆိုသည်မှာကျောင်း၏စာအုပ်စာတမ်းများနှင့်ပုံနှိပ်မဟုတ်သောစာပေပစ္စည်းများထားရှိရာနေရာဖြစ်ပြီးအသုံးပြုသူကျောင်းသားကျောင်းသူများစာပေဖတ်ရှုလေ့လာရန်၊စူးစမ်းသိမြင်လိုစိတ်ထက်သန်လာစေရန်၊သုတေသနပြုရန်၊တွေးတောကြံဆရန်၊စိတ်ကူးဉာဏ်ရင့်သန်စေရန်၊တီထွင်ဖန်တီးတတ်စေရန်စသည့်အလေ့အကျင့်များအားဘဝတစ်သက်တာတွင်စွဲမြဲသွားစေသည်ထိပျိုးထောင်ပေးမည့်အချက်အချာကျလှသောနေရာတစ်ခုလည်းဖြစ်ပါသည်။ဤနေရာကို School media centre; centre for documentation and Information, Library recource center ၊ Library learning commons

စသဖြင့်အမျိုးမျိုးခေါ်ကြစေကာမူကျောင်းစာကြည့်တိုက်ဟူသောအသုံးကိုသာအများဆုံးအသုံးပြုနေကြပါသည်။နှစ်ပေါင်းငါးဆယ်ကျော်အပြည်ပြည်ဆိုင်ရာသုတေသနပြုချက်အရကျောင်းစာကြည့်တိုက်ကိုအောက်ပါအင်္ဂါရပ်များဖြင့်ခွဲခြားနိုင်ကြပါသည်-

- စာကြည့်တိုက်တွင်ကျွမ်းကျင်သောစာကြည့်တိုက်မှူးတစ်ဦးနှင့်အတူစာတတ်မြောက်ရေးတိုးတက်စေရန်ပံ့ပိုးပေးနိုင်သောကျောင်းစာသင်ကြားသူဆရာဆရာမများ၊ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲရေးအဖွဲ့၊သင်ကြားရေးဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ပညာရေးအသိုင်းအဝန်းအတွင်းစေ့စပ်ညှိနှိုင်းလုပ်ဆောင်နိုင်ရန်စီမံချက်များထားရှိခြင်း။
- ကျောင်းနှင့်ကျောင်းပြင်ပပညာရေးသင်ရိုးများနှင့်တစ်ဦးချင်းအလိုက်လိုအပ်ချက်များ၊လုပ်ဆောင်ရန်အတွက် အဆင့်မြင့်သီးခြားစုဆောင်းမှုများ (ပုံနှိပ်၊ပုံနှိပ်မဟုတ်သောစာပေပစ္စည်းများ) ပံ့ပိုးပေးနိုင်ရန်စီမံချက်များ ထားရှိခြင်း။
- တိုးပွားလာမည့် စာပေပစ္စည်းစုဆောင်းမှုများနှင့် စာစုခြင်းလုပ်ငန်း စဉ်ဆက်မပြတ်ရှင်သန်နေစေရန်ရှင်းလင်းတိကျပြတ်သားသော မူဝါဒနှင့်စီမံချက်များထားရှိခြင်း။

ပညာရေးစနစ်တွင် ကျောင်းစာကြည့်တိုက်များ၏ ရည်ရွယ်ချက်နှင့်ဦးတည်ချက်ရှင်သန်စေရန်အထက်ဖော်ပြပါလက္ခဏာ၃ရပ်ဖြင့် အဆင့်ဆင့်ကျော်ဖြတ်ကြရန်လိုအပ်ပါသည်။ကျောင်းသားများ၏ လေ့လာမှုများကို အထောက်အပံ့ရစေရန်သည်အထက်ပါအချက်များပေါ်တွင် မူတည်နေသည်ဟု သုတေသနပြုချက်များကဖော်ပြနေကြသည်။ကျောင်းစာကြည့်တိုက်များသည်အောက်ဖော်ပြပါအတိုင်းလည်ပတ်လုပ်ဆောင်နေကြပါသည်-

- စာကြည့်တိုက်နေရာသည်ကျောင်းပတ်ဝန်းကျင်ရှိလူတိုင်းအသုံးပြုနိုင်သောနေရာဖြစ်ခြင်း။
- သတင်းအချက်အလက်တို့ကိုပံ့ပိုးပေးနိုင်ရန်စုဆောင်းထားမှုသည်မီဒီယာအသီးသီးမှအဆင့်မီမီထိန်းသိမ်းထားရှိမှုရှိခြင်း။
- တစ်ဦးတစ်ယောက်ချင်းစီ၏စူးစမ်းမှု၊တီထွင်မှုနှင့်စိတ်အားထက်သန်မှုတို့ကိုအားပေးကူညီနိုင်ခြင်း၊

- ကျောင်းသားအသီးသီးကရယူရှာဖွေလိုသည့်မတူကွဲပြားသောပညာရပ်များနှင့်အငြင်းပွားဖွယ်အကြောင်းအရာများအားလုံးကိုလွတ်လပ်လုံခြုံစွာရှာဖွေနိုင်ခြင်း။
- ဗဟုသုတရှာဖွေရာတွင်ကျောင်းသားများ၏လုပ်ဆောင်နိုင်စွမ်းနှင့်လုပ်လိုစိတ်အပေါ်မူတည်၍ပံ့ပိုးပေးနိုင်သောနေရာဖြစ်ခြင်း။
- နည်းပညာပစ္စည်းများကိုအသုံးပြု၍ဗဟုသုတဖြန့်ဝေနိုင်သောနေရာဖြစ်ခြင်း။
- ကျောင်းအသိုင်းအဝန်းတွင်စာရေးစာဖတ်တိုးတက်စေရေးအတွက်ပုံစံမျိုးစုံဖြင့်ပံ့ပိုးပေးနိုင်သောနေရာဖြစ်ခြင်း။
- ဒီဂျစ်တယ်ဆိုင်ရာပစ္စည်းများ၊၎င်းတို့ကိုကျွမ်းကျင်စွာအသုံးပြုရမည့်နည်းလမ်း၊၎င်းတို့ကိုကျင့်ဝတ်နှင့်အညီသုံးတတ်စေရန်၊၎င်းတို့ကိုလုံခြုံစိတ်ချစွာအသုံးချတတ်စေရန်ပံ့ပိုးမှုပေးနိုင်သောနေရာဖြစ်ခြင်း။
- မိမိတို့အိမ်တွင်အမြဲတမ်းမရနိုင်သောနည်းပညာ၊ကျွမ်းကျင်မှုတို့ကိုအသုံးပြုပြီးသတင်းရင်းမြစ်များရယူနိုင်မှုနေရာတစ်ခုအဖြစ်ကျောင်းအသိုင်းအဝန်းတွင်လူသားအားလုံးအတွက်တည်ရှိခြင်း။
- (ယဉ်ကျေးမှု၊အသက်မွေးဝမ်းကျောင်းပညာနှင့်ပက်သက်သောပွဲလမ်းသဘင်များအတွက်အစည်းအဝေးများ၊ပြပွဲများ၊အစရှိသဖြင့်) လူမှုရေးပွဲများကျင်းပရာနေရာတစ်ခုအဖြစ်လည်းရပ်တည်နိုင်ခြင်း။

## ၁၊၄ -ကျောင်းတွင်း၌ကျောင်းစာကြည့်တိုက်၏အခန်းကဏ္ဍ

ကျောင်းစာကြည့်တိုက်သည်ကျောင်းတွင်း၌သင်ကြားရေးနှင့်လေ့လာစရာနေရာတစ်ခုအဖြစ်ဆောင်ရွက်ပေးလေ့ရှိပြီးကျောင်း၏သင်ရိုးညွှန်းတမ်းများနှင့်ဆက်စပ်အကြောင်းအရာများကိုပံ့ပိုးပေးသောနေရာလည်းဖြစ်သည်။ထို့ပြင်အောက်ပါအချက်များကိုလည်းအဓိကအားဖြင့်အလေးထားပါသည်-

- အရင်းအမြစ်အခြေခံစွမ်းဆောင်ရည်များ-

  သတင်းအချက်အလက်အရင်းအမြစ်များကိုရှာဖွေရယူရာတွင်ပုံစံမျိုးစုံဖြင့်ရယူနိုင်ပြီးလူ့ယဉ်ကျေးမှုသမိုင်းကိုဖော်ညွှန်းပြသောလူတို့ဖန်တီးခဲ့သည့်အသုံးအဆောင်ပစ္စည်းများ၊(လူသားများသည်လည်းအရင်းအမြစ်များအဖြစ်ပါဝင်ကြသည်)

ငင်းစွမ်းဆောင်ရည်များတွင်နည်းပညာကရိယာများကိုအသုံးပြုခြင်း၊ပုံနှိပ်စာနှင့်ပုံနှိပ်စာမဟုတ်သော အခြားစာပေပစ္စည်းများဖွံ့ဖြိုးတိုးတက်လာခြင်းလည်းအပါအဝင်ဖြစ်သည်။တွေးတောကြံဆနိုင်မှုအ ခြေခံစွမ်းဆောင်ရည်များ-

သတင်းအချက်အလက်အရင်းအမြစ်များကိုရှာဖွေရယူရာတွင်သုတေသနပြုလုပ်ခြင်း၊စူးစမ်းမှုနည်း လမ်းသစ်များဖြင့်ရှာဖွေပြီးပို၍အဆင့်မြင့်သောတွေးတောခြင်းနှင့်ဆန်းစစ်ဝေဖန်ခြင်းတို့ဖြင့်အရည် အသွေးမြင့်မားသောထုတ်ကုန်များကိုဖန်တီးထုတ်လုပ်နိုင်ခြင်း။

- ဗဟုသုတဆိုင်ရာအခြေခံစွမ်းဆောင်ရည်များ-

  သတင်းအချက်အလက်အရင်းအမြစ်များကိုသုတေသနပြုလုပ်ခြင်း၊စူးစမ်းမှုနည်းလမ်းများဖြင့်ရှာ ဖွေရယူရာတွင်ဗဟုသုတကြွယ်ဝခြင်းဟူသည့်အခြေခံမှုကိုအဓိကထားခြင်းဖြစ်သည်။

- စာဖတ်ခြင်းနှင့်စာတတ်မြောက်မှုစွမ်းဆောင်ရည်များ-

  စိတ်ပျော်ရွှင်မှုအတွက်စာဖတ်ခြင်း၊စာဖတ်ခြင်း၌မွေ့လျော်ခြင်း၊ဘဝလမ်းဆုံလမ်းခွများအတွက်စာဖ တ်ခြင်းမှသင်ယူရခြင်း၊ဘဝတွင်ပြောင်းလဲမှု၊စသဖြင့်ဆက်သွယ်ချက်များနှင့်ယုံကြည်မှုများကိုပုံစံ မျိုးစုံဖြင့်ဖြန့်ဖြူးကြရာတွင်ပင်ကိုယ်စွမ်းဆောင်နိုင်မှုနှင့်ပင်ကိုယ်ဗီဇတို့သည်စာဖတ်ခြင်းဖြင့်နားလ ည်နိုင်စွမ်းကိုတိုးတက်စေနိုင်ခြင်း။

- လူလူချင်း၊ဆက်သွယ်မှုစွမ်းဆောင်ရည်များ-

  သတင်းအချက်အလက်အရင်းအမြစ်များကိုရှာဖွေရာတွင်သုတေသနပညာရှင်များ၊သတင်းအချက် အလက်အသုံးပြုသူများ၊ဗဟုသုတဖန်တီးသူများနှင့်နိုင်ငံသားများအကြောင်းယဉ်ကျေးမှုနှင့်လူမှုရေး အဖြစ်သတင်းအရင်းအမြစ်အခြေခံစူးစမ်းခြင်းနှင့်သင်ကြားခြင်းတို့ပါဝင်ပတ်သက်ခြင်းတို့ဖြစ်စေနို င်သည်။

- သင်ကြားခြင်းစီမံခန့်ခွဲမှုစွမ်းဆောင်ရည်များ-

  လုပ်ငန်းများနှင့်အစီအမံများကိုစွမ်းဆောင်နိုင်စွမ်းရှိသည့်ကျောင်းသားများဖြစ်လာစေရန်သင်ရိုးညွှ န်းတမ်းကိုအခြေခံသောစူးစမ်းမှုအဖွဲ့ဖြင့်အောင်မြင်စွာတာဝန်ယူနိုင်သော စွမ်းဆောင်ရည်များဖြင့် အဓိကထားသင်ကြားပေးခြင်း။

ကျောင်းစာကြည့်တိုက်မှူး တစ်ဦးသည်ဤစွမ်းဆောင်ရည်များကို တစ်ခုချင်းစီ သော်လည်းကောင်း၊ ပူးပေါင်း၍ သော်လည်းကောင်း၊ အသုံးပြုပြီး သင်ရိုးညွှန်းတမ်းမာတိကာနှင့် အကျိုးရလဒ်များတိုးတက်လာစေရန် တိကျစွာ ဆက်သွယ်ထားရှိသောညွှန်ကြားချက်များဖြင့် အဓိက ပါဝင်ဆောင်ရွက်သူတစ်ဦးပင် ဖြစ်ပါသည်။

## ၁၊၅ -ထိရောက်သောကျောင်းစာကြည့်တိုက်လုပ်ငန်းအခြေအနေများ

ထိရောက်သောကျောင်းစာကြည့်တိုက်အစီအစဉ်ဖြစ်မြောက်စေရန်အရေးကြီးဆုံးအချက်မှာကျွမ်းကျင်သောစာကြည့်တိုက်မှူးတစ်ဦးရှိနေရန်ပင်ဖြစ်သည်။ကျောင်းစာကြည့်တိုက်တစ်ခုတွင်သင်ကြားနည်းပညာညွှန်ကြားချက်မရှိလျှင် (ဥပမာ- သင်ကြားရေး၊လေ့လာရေးများအတွက်ပြီးပြည့်စုံသောအစီအမံများ) ပီးပြည့်စုံသောသင်ကြားမှုမဖြစ်နိုင်ကြောင်းသုတေသနများကဖော်ပြထားပြီးကျောင်းစာကြည့်တိုက်မှူးကငင်းအစီအမံများကိုအကောင်အထည်ဖော်ပေးရန်တာဝန်ရှိပါသည်။ကျောင်းစာကြည့်တိုက်များသည်ရှင်းလင်းစွာမှဘောင်ချမှတ်ထားပြီးစာဖတ်ခြင်း၊စူးစမ်းလေ့လာခြင်း၊စုပေါင်းလုပ်ဆောင်ခြင်းများအတွက်နေရာတစ်ခုဖြစ်စေရပါမည်။စာကြည့်တိုက်စည်းမျဉ်းများသည်အားလုံးနှင့်ဆိုင်သောမူဝါဒများအဖြစ်စိတ်ထဲတွင်အစဉ်သိရှိလျက်ကျောင်း၏လိုအပ်ချက်များကျောင်း၏ရည်မှန်းချက်၊ရည်ရွယ်ချက်များအခြေအနေမှန်များကိုလည်းရောင်ပြန်ဟပ်စေသင့်ပါသည်။စာကြည့်တိုက်လုပ်ငန်းများအကျိုးရှိစွာလည်ပတ်နိုင်ရန်ကျောင်းစာကြည့်တိုက်မူဝါဒအပေါ်အုပ်ချုပ်ရေးအပိုင်း၏ထောက်ပံ့ပေးမှုသည်လည်းအထူးလိုအပ်ပါသည်။ကျောင်းစာကြည့်တိုက်အစီအစဉ်များအကျိုးရှိစွာအသက်ဝင်စေရန်ပုံနှိပ်စာမဟုတ်သောစာပေပစ္စည်းများ၊စာအုပ်စာတမ်းများ၊စာကြည့်တိုက်သုံးပစ္စည်းများ၊လူသားအရင်းအမြစ်များလည်းလိုအပ်ကြောင်းနောက်ပိုင်းအခန်းကဏ္ဍတွင်ဆက်လက်ဆွေးနွေးသွားပါမည်။

## ၁၊၆ -ကျောင်းစာကြည့်တိုက်တစ်ခု၏ရည်မှန်းချက်များ

ကျောင်းစာကြည့်တိုက်တစ်ခု၏ရည်မှန်းချက်များသည်ကျောင်းအတွက်လိုအပ်သောအနာဂတ်လုပ်ငန်းစဉ်များကိုဖော်ပြပါသည်။ဤရည်မှန်းချက်သည်ကမ္ဘာနှင့်အဝှမ်းပြောင်းလဲနိုင်ပြီးကျောင်းစာကြည့်တိုက်များ၏စတင်မှုအနေအထားပေါ်လိုက်၍ပြောင်းလဲနိုင်ပါသည်။

## ၁၊၇ -ကျောင်းစာကြည့်တိုက်တစ်ခု၏တာဝန်ဝတ္တရားများ

ကျောင်းစာကြည့်တိုက်တစ်ခု၏တာဝန်ဝတ္တရားများဆိုသည်မှာကျောင်းကမျှဝေရသည့်ရည်ရွယ်ချက်နှင့်ကတိကဝတ် တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။ ကမ္ဘာနှင့်အဝှမ်းရှိ ကျောင်းစာကြည့်တိုက်များ၏ တာဝန်ကို၁၉၉၉ခုနှစ် IFLA/UNESCO School Library Manifesto နောက်ဆက်တွဲ(က)တွင် အတိအလင်း ဖော်ပြထားပါသည်။

စာကြည့်တိုက်တစ်ခုချင်းစီအတွက် တာဝန်ဝတ္တရား ဖော်ပြချက်တိုင်းကို ကျောင်းများက လိုက်နာရမည်ဖြစ်ပြီး

ကျောင်း၏ပညာရေးနှင့် အံဝင်ခွင်ကျဖြစ်စေရန် ကြေညာချက်တွင်ပါသော အချက်အလက်များကို ပြန်လည်

စစ်ဆေးကြည့်ရှုသင့်ပါသည်။ ကျောင်းသားများ၏ အနာဂတ်အတွက် အကျိုးရှိသော၊ လူမှုပတ်ဝန်းကျင် အတွက်အကျိုးရှိသော ပြင်ဆင်ပေးရမည့် ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များကို နိုင်ငံသားများအနေနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ ၎င်းတို့ထဲတွင်အရည်အချင်း၊ ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များ ပါဝင်ပြီး ၎င်းအရင်းအမြစ်များမှ တစ်ဆင့် အနာဂတ်တွင် ကျောင်းသားများ နိုင်ငံသားကောင်း ပီသစွာ ကြီးပြင်းနိုင်စေခြင်း ရလဒ် ထွက်ပေါ်လာစေရန် ပြဋ္ဌာန်းထားသည့် တာဝန်ဝတ္တရားများပင် ဖြစ်ကြပါသည်။

## ၁၊၈ -ကျောင်းစာကြည့်တိုက်ဝန်ဆောင်မှု

လုပ်ငန်းများစာပေလေ့လာ သင်ယူနေသောလူ့အသိုက်အမြုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကျောင်းစာကြည့်တိုက်များအနေဖြင့်ဝန်ဆောင်မှုအမျိုးမျိုးကိုဖန်တီးပေးရလေ့ရှိကြပါသည်။

ဤဝန်ဆောင်မှုများမှာ ကျောင်းစာကြည့်တိုက်များကပင် ပုံစံမျိုးစုံနှင့် ပံ့ပိုးပေးရမည်ဖြစ်ပြီး သတင်း

အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)ကို အသုံးပြုလျှက် ဝန်ဆောင်မှုများ ပေးခြင်းက ကျောင်းနှင့်ပတ်သက်နေသည့် နယ်ပယ်အားလုံး၊ အိမ်တိုင်ယာရောက် ဝန်ဆောင်မှုပေးခြင်းတို့ဖြင့် ဝန်ဆောင်မှုအား ချဲ့ထွင်ရန် အခွင့်အလမ်း များကိုလည်း ပေါ်ပေါက်စေပါသည်။ စာအုပ်စာတမ်း စုဆောင်းခြင်း၊လူသားအရင်းအမြစ်များ၊သိုမှီးထားသောပုံနှိပ်စာမဟုတ်သောစာပေပစ္စည်းများ၊အချက်အလက်ဆိုင်ရာစုဆောင်းထားချက်များ၊ သုတေသန အခြေပြုရှာဖွေလေ့လာခြင်း၊ သုတပညာတည်ဆောက်ခြင်း၊ တင်ပြခြင်းနှင့် မျှဝေခြင်းများအတွက် ခိုင်မာသော ကွန်ရက်ဖြန့်ကျက်ထားသည့် သတင်းနည်းပညာများဖြင့် ကရိယာ တန်ဆာပလာပလာများအဖြစ် သုံး၍ပံ့ပိုးပေးနိုင်ပါသည်။

ကျောင်းစာကြည့်တိုက်ကပေးသည့်ဝန်ဆောင်မှုများတွင်ပါဝင်သောလုပ်ငန်းများမှာ-

- ပညာသင်ကြားရေးဆိုင်ရာမဟာဋ္ဌာနများအတွက်ကျွမ်းကျင်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ(ဥပမာ-စာဖတ်ခြင်း၊အရေးအဖတ်နှင့်အတွက်အချက်ပညာ၊စူးစမ်းရှာဖွေခြင်းနှင့်သုတေသနလုပ်ငန်းစဉ်များ) ဝန်ဆောင်ပေးခြင်း။
- ပညာရေးဆိုင်ရာအောင်မြင်မှု၊ပုဂ္ဂိုလ်ရေးဆိုင်ရာပျော်ရွှင်မှုနှင့်ချမ်းသာမှုအတွက်စာဖတ်ခြင်း/ ခွန်အားဖြည့်စာပေများဝန်ဆောင်ပေးခြင်း။
- စူးစမ်းမှုအခြေပြုလေ့လာရေး၊နှင့်သတင်းအချက်အလက်ဆိုင်ရာတတ်မြောက်ရေးတိုးတက်မှုဝန်ဆောင်ပေးခြင်း။
- အခြားစာကြည့်တိုက်များနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း( အများပြည်သူ၊အစိုးရ၊လူ့အသိုက်အဝန်းရင်းမြစ်များဆိုင်ရာစာကြည့်တိုက်များနှင့်)ဖြင့်ဝန်ဆောင်ပေးခြင်း။

ကျောင်းစာကြည့်တိုက်များသည်ပညာရေးအသိုင်းအဝန်းအတွင်းတွင်တစ်မူထူးခြားသောတန်ဖိုးကိုပေးစွမ်းနိုင်စွမ်းရှိသည်။ကျောင်းစာကြည့်တိုက်၏စုဆောင်းထားမှုများသည်အရည်အသွေးပြည့်ဝသောကျောင်းစာကြည့်တိုက်မှုနှင့်စိတ်ဝင်စားဖွယ်စာကြည့်တိုက်အစီအစဉ်များကြောင့်ပိုမိုတန်ဖိုးမြင့်မားလာရပါမည်။

## ၁၊၉ -ကျောင်းစာကြည့်တိုက်လုပ်ငန်းနှင့်ဝန်ဆောင်မှုများကိုအကဲဖြတ်ခြင်း

ကျောင်းစာကြည့်တိုက်လုပ်ငန်းနှင့်ဝန်ဆောင်မှုများလုပ်ငန်းများကိုအကဲဖြတ်ခြင်းသည်ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုအတွက်အထူးလိုအပ်လှပါသည်။အကဲဖြတ်ခြင်းသည်တာဝန်ယူမှုကိုဖြစ်ပေါ်စေပြီးထိုသို့အကဲဖြတ်ခြင်းကြောင့်ကျောင်းစာကြည့်တိုက်၏လုပ်ငန်းတာဝန်၊ဝန်ဆောင်မှုများသည်ကျောင်းအသိုင်းအဝန်း၏လိုအပ်ချက်များနှင့်ထပ်တူကျစေနိုင်ပါသည်။အကဲဖြတ်ခြင်းသည်ကျောင်းစာကြည့်တိုက်လုပ်ငန်းတာဝန်များတွင်ပါဝင်ပက်သက်သူများ၏စာကြည့်တိုက်အပေါ်လွှမ်းမိုးမှုနှင့်ထောက်ပံ့ပေးမှုတို့လည်းပါဝင်နေသည်။ထိုသို့အကဲဖြတ်ခြင်းနည်းလမ်းသို့မဟုတ်ချဉ်းကပ်ခြင်းသည်ကျောင်းပတ်ဝန်းကျင်မှလိုအပ်ချက်အပေါ်တွင်မူတည်နေသကဲ့သို့စာကြည့်တိုက်၏ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းပေါ်တွင်လည်းမူတည်နေပါသည်။(

ဥပမာ-

အစီအစဉ်၏ကောင်းမွန်ပြည့်စုံမှု၊ပါဝင်ပက်သက်သူများ၏သိမြင်နားလည်တတ်မှု၊အစီအစဉ်မာတိကာနှင့်အစီအစဉ်ကပေးမည့်အကျိုးရလဒ်များ)

စာကြည့်တိုက်လုပ်ငန်းအစီအစဉ်တစ်ခုလုံး၏အရည်အသွေးကိုအကဲဖြတ်ခြင်းလုပ်ငန်းသည်ပြည်ပ၊ပြည်တွင်းသို့မဟုတ်ဒေသတွင်းရှိစံများကိုစစ်ဆေးပေးရန်နှင့်အဆင့်ခွဲခြားပေးရန်အသုံးပြုခြင်းဖြစ်ပါသည်။ (ဥပမာ-ဝန်ထမ်းအင်အား၊ပံ့ပိုးပေးမှုများ၊နည်းပညာစုဆောင်းထားမှုများ၊လုပ်ငန်းညွှန်ကြားလွှာများလည်းပါဝင်သည်)။ကျောင်းစာကြည့်တိုက်တစ်ခု၏လုပ်ငန်းလုပ်ဆောင်မှုများကိုတိုးတက်စေရန်အကဲဖြတ်ရာတွင်ကျောင်းစာသင်ကြားမှုများ၊အတန်းလိုက်အဆင့်လိုက်သို့မဟုတ်ဘာသာရပ်အလိုက်သင်ကြားမှုပုံစံများဖြင့်သော်လည်းကောင်း၊ကျောင်းသားမိဘ၊ဆရာများကိုကွင်းဆင်းလေ့လာ၍သော်လည်းကောင်း၊စာကြည့်တိုက်၏စာငှားစာရင်းမှတ်တမ်းများနှင့်ကတ်တလောက်စာရင်းများမှတစ်ဆင့်သုံးသပ်အကဲဖြတ်ကြရသည်။ဤစာတမ်း၏အခန်း၆တွင်ကျောင်းစာကြည့်တိုက်များကိုပို၍အတွင်းကျကျအကဲဖြတ်ခြင်းနှင့်၎င်း၏ပြည်သူ့ဆက်ဆံရေး၊စီမံခန့်ခွဲခြင်းနယ်ပယ်တို့တွင်အသုံးဝင်ပုံတို့ကိုဖော်ပြထားသည်။

**အသုံးဝင်သောအရင်းအမြစ်များ**

American Association of School Librarians. (2014). Governing documents. Retrieved from www.ala.org/aasl/about/governing-docs

American Association of School Librarians.(2011). Standards for the 21st century learner. Retrieved from www.ala.org/aasl/standards-guidelines/learning-standards

Hay, L., & Todd, R. J. (2010).School libraries 21C.NSW Department of Education and Training. Retrievedfrom www.curriculumsupport.education.nsw.gov.au/schoollibraries/assets/pdf/21c_report.pdf

Haycock, K. (1992).What works: Research about teaching and learning through the school's library resource center. Seattle, WA: Rockland Press.

IFLA/UNESCO School Library Manifesto.(1999). Retrieved from www.ifla.org/publications/iflaunesco-school-library-manifesto-1999

Library Research Service [Colorado State Library, Colorado Department of Education].School libraries impact studies. Retrieved from www.lrs.org/data-tools/school-libraries/impact-studies/

Groupe de Recherche sur la Culture et la Didactique de l'information. (2010). Parcours de formation à la culture de l'information [The learning path to an information culture]. Retrieved from http://culturedel.info/grcdi/?page_id=236

Williams, D., Wavell, C., & Morrison, K. (2013).Impact of school libraries on learning: Critical review of published evidence to inform the Scottish education community. Aberdeen, Scotland: Robert Gordon University, Institute for Management, Governance & Society (IMaGeS). Retrieved from www.scottishlibraries.org/storage/sectors/schools/SLIC_RGU_Impact_of_School_Libraries_2013.pdf).

## အခန်း (၂)

## ကျောင်းစာကြည့်တိုက်ဥပဒေအရတရားဝင်ဖြစ်မှုနှင့်ငွေကြေးဆိုင်ရာမူဘောင်

**ဒေသတွင်း၊နိုင်ငံအတွင်းရှိစာကြည့်တိုက်များ၏တာဝန်များကိုတိကျသောဥပဒေမူဝါဒများဖြင့်သတ်မှတ်ပံ့ပိုးပေးထားရမည်။ကျောင်းစာကြည့်တိုက်များသည်လုံလောက်၍လုပ်ကိုင်နိုင်စွမ်းရှိသည့်ဝန်ထမ်းကောင်းများ၊နည်းပညာများ၊အဆောက်အအုံတို့ရှိသင့်ပြီးရင်းကျောင်းစာကြည့်တိုက်များကိုအခမဲ့အသုံးပြုခွင့်ပေးရမည်။ (ကျောင်းစာကြည့်တိုက်ကြေညာချက်)**

### ၂၊၁ - နိဒါန်း

ကျောင်းစာကြည့်တိုက်တစ်ခုသည်၎င်းတည်ရှိရာနေရာ၌ရှိကြသောသူများ၏အကျိုးစီးပွားအတွက်ပညာရေးနယ်ပယ်အတွင်းလိုအပ်မှုများကိုဖြည့်ဆည်းပေးပေးကြရမဲဖြစ်ပါသည်။ထိုသို့ကျောင်းစာကြည့်တိုက်တစ်ခုသည်ဒေသတွင်းအာဏာပိုင်များ၏မူဘောင်များအတွင်းတည်တံ့နေပြီးသုတအဖွဲ့အစည်းများတွင်ပါဝင်နိုင်ရန်စွမ်းရည်များပံ့ပိုးပေးရန်အခွင့်အရေးများပေးအပ်နေသောနေရာလည်းဖြစ်ပါသည်။အစဉ်တိုးတက်နေသော

လူ့ယဉ်ကျေးမှုနှင့်ပညာရေးပတ်ဝန်းကျင်တွင်ကျောင်းစာကြည့်တိုက်များစဉ်ဆက်မပြတ်ရေရှည်တည်တံ့ထိန်းသိမ်းထားနိုင်စေရန်အကျိုးပြုမည့်ရန်ပုံငွေကို၊ဥပဒေအရအထောက်အပံ့ပေးရန်လိုအပ်ပါသည်။

## ၂၊၂ - ဥပဒေဆိုင်ရာအခြေခံအချက်များနှင့်ပြဿနာများ

ကမ္ဘာတဝန်းရှိကျောင်းစာကြည့်တိုက်များနှင့်အစိုးရစာကြည့်တိုက်များအကြားချိတ်ဆက်မှုများသည်ပုံစံမျိုးစုံဖြင့်ရှိကြပါသည်။အစိုးရစာကြည့်တိုက်များ၏လုပ်ငန်းတာဝန်များ၊ရန်ပုံငွေအစီအမံများသည်ပုံစံများကွဲပြားနိုင်ပြီးရှုပ်ထွေးမှုရှိကြပါသည်။ဥပမာကျောင်းစာကြည့်တိုက်ဥပဒေများ၊မူဝါဒများနှင့်စံနှုန်းများသည်နိုင်ငံတစ်နိုင်ငံ၏ပညာရေးဝန်ကြီးဌာန၊ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏တာဝန်ယူမှုတာဝန်ခံမှုုများပင်ဖြစ်ပြီး၊၎င်းဝန်ကြီးဌာနနှစ်ခုအကြားတာဝန်ခွဲဝေယူမှုလည်းဖြစ်နိုင်ပါသည်။ကမ္ဘာပေါ် ရှိအချို့နိုင်ငံများတွင်ကျောင်းစာကြည့်တိုက်များကိုခွဲဝေပေးရာ၌တိုင်းနှင့်ပြည်နယ်များစည်ပင်သာယာပိုင်နယ်မြေများသို့တစ်စိတ်တစ်ပိုင်းသော်လည်းကောင်းအားလုံးသော်လည်းကောင်းခွဲဝေပေးကြသည်။

ကျောင်းစာကြည့်တိုက်များသည်စူးစမ်းရှာဖွေမှု၊တီထွင်ဖန်တီးမှု၊စေ့စပ်ညှိနှိုင်းမှု၊နည်းပညာအသစ်အဆန်းများအဖြစ်ပံ့ပိုးပေးနိုင်ရန်၎င်း၏ဥပဒေနှင့်နိုင်ငံရေးအပိုင်းကဏ္ဍကိုအချိန်ယူ၍လိုက်ဖက်အောင်ပြင်ဆင်ကြသည်။စာကြည့်တိုက်၏စဉ်ဆက်မပြတ်အရင်းအမြစ်စုဆောင်းမှုများသည်ကျောင်းသားများ၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်ကျောင်း၏စနစ်ကျသောလမ်းညွှန်ချက်များ၊သင်ကြားမှုစနစ်များပေါ်တွင်မူတည်၍စုဆောင်းထားပေးနိုင်ရမည်။

## ၂၊၃ -ကိုယ်ကျင့်တရားဆိုင်ရာအခြေခံအချက်များနှင့်ပြဿနာများ

ကျောင်းစာကြည့်တိုက်တစ်ခုသည်သင်ကြားရေးနယ်ပယ်အတွင်းကျောင်းသားကျောင်းသူများ၊အခြားအဖွဲ့ဝင်အသုံးပြုသူများ၏အခွင့်အရေးအတွက်ကိုယ်ကျင့်တရားမူဘောင်ရှိနေရမည်။ကျောင်းစာကြည့်တိုက်တစ်ခုတွင်အလုပ်ခန့်အပ်မှုသည်လူမျိုးဘာသာသာသနာယဉ်ကျေးမှုဘာသာစကားအသားအရောင်ခွဲခြားမှုမရှိစေရ။

Universal Declaraiton of Human Rights and in the values of IFLA ဆောင်းပါး၁၉တွင်ဖော်ပြထားသောအဓိကတန်ဖိုးမှာလိုအပ်ချက်ကိုလွယ်ကူအဆင်ပြေချောမောစွာလွတ်လပ်စွာရရှိနိုင်ရေးပင်ဖြစ်ပါသည်။ (www.ifla.org/about/more)

အခြားအချက်များအဖြစ်

-စာကြည့်တိုက်အခွင့်အရေးဥပဒေကြမ်း

-သတင်းအချက်အလက်နှင့်လွတ်လပ်ခွင့်

-မူပိုင်ခွင့်၊ဉာဏပစ္စည်းမူပိုင်ခွင့်နှင့်နှင့်ခိုးကူးခြင်းတို့အတွက်ကြေငြာချက်များ

-ကလေးသူငယ်အခွင့်အရေးများ (www.un.org/cyberschoolbus/humanrights/resources/childasp)

-ဌာနေတိုင်းရင်းသားများအတွက်အခွင့်အရေးများ(http://undesadspd.org/ indigenouspeoples/ declarationtherightsofindigenouspeoplesaspx)

ကျောင်းစာကြည့်တိုက်သည်ကျောင်းနှင့်သက်ဆိုင်သောသူတိုင်း၏လိုအပ်ချက်တို့ကိုဖြည့်ဆည်းပေးရာတွင် သတင်းအချက်အလက်လွတ်လပ်ခွင့်၊ဉာဏပစ္စည်းမူပိုင်ခွင့်နှင့်ခိုးကူးခြင်းများအတွက်ပညာပေးမှု အစီအစဉ်များထားရှိရမည်။

## ၂.၄ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုအတွက်အခြေခံပံ့ပိုးပေးမှု

ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုနှင့်အကောင်အထည်ဖော်မှုအတွက်အုပ်ချုပ်ရေးပိုင်းမှလည်းဒေသတွင်းဆင့်အနေဖြင့်ဖော်ဆောင်ပေးရန်လိုအပ်သည်။ကျောင်းစာကြည့်တိုက်လုပ်ငန်းများလှုပ်ရှားမှုများကိုသတ်မှတ်ချက်အနေနှင့်ထားရှိပြီး၊ထိုသတ်မှတ်ချက်များကိုကျောင်းသားနှင့်ဆရာများကလည်းနားလည်သဘောပေါက်ပြီးစာကြည့်တိုက်ကိုသင်ကြားရေးနှင့်သင်ယူလေ့လာရေးအတွက်အရင်းအမြစ်အနေနှင့်အသုံးပြုတတ်လာရန်အားထုတ်သင့်သည်။ဤကဲ့သို့ဝန်ဆောင်မှုပြုရာတွင်သတိပြုရန်မှာကျောင်းစာကြည့်တိုက်မှူးများ၏စဉ်ဆက်မပြတ်ပညာရေးရှိနေစေရန်၊အတတ်ပညာရှင်များနှင့်ဆွေးနွေးမှုများ၊သုတေသနလေ့လာချက်များ၊အခြားစာကြည့်တိုက်မှူးများနှင့်ပူးပေါင်းဆောင်ရွက်မှုရှိနေစေရန်၊အဖွဲ့အစည်းများအတွင်းပါဝင်မှုရှိနေစေရန်၊စံနှုန်းများနှင့်လမ်းညွှန်ချက်များဖွံ့ဖြိုးတိုးတက်မှုရှိနေစေရန်တို့ပါဝင်သင့်သည်။ကျောင်းစာကြည့်တိုက်လုပ်ငန်းများလှုပ်ရှားမှုများ၏သဘောသဘာဝနှင့်ကျယ်ပြန့်မှုသည်နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံမတူညီကြပေ။ကျောင်းတစ်

ကျောင်းနှင့်တစ်ကျောင်းလည်းမတူညီနိုင်ပေ။သို့သော်လည်းကျောင်းသားအင်အားနှင့်၎င်း၏မိသားစုတိုးပွာလာမှုသည်ကျောင်းနှင့်ကျောင်းစာကြည့်တိုက်များအသုံးဝင်မှုနှင့်တစ်ပြေးညီဖြစ်နေပြီးကျောင်းအသိုက်အဝန်းအတွင်းကျောင်းသားများ၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သောသင်ကြားရေးစနစ်နှင့်လည်းတစ်ပြေးညီဖြစ်နေသင့်သည်။ဥပမာ- အမေရိကန်နိုင်ငံ Texas Legislature သည် 1967 တွင်ပညာရေးနှင့်ပက်သက်သောစင်တာ

20ကိုတည်ဆောက်ခဲ့ပြီးတစ်နိုင်ငံလုံးရှိကျောင်းများကိုအကူအညီပေးစေခဲ့သည်။ထိုစင်တာများသည်ကျောင်းများနှင့်တတန်းတည်းလိုက်ပြီးရည်မှန်းချက်သုံးရပ်ကိုဖော်ထုတ်ခဲ့ကြသည်။ဒေသတွင်းရှိကျောင်းများတွင်ကျောင်းသားများ၏လုပ်ဆောင်ချက်များပိုမိုတိုးတက်လာစေရန်၊ကျောင်းများ၏လုပ်ငန်းလည်ပတ်မှုပို၍ကောင်းစေရန်နှင့်တွက်ခြေကိုက်စေရန်၊နှင့်ဥပဒေပြုအဖွဲ့သို့မဟုတ်ကော်မရှင်အဖွဲ့မှချမှတ်ထားသောလုပ်ဆောင်ချက်များကိုအကောင်အထည်ဖော်နိုင်စေရန်တို့ဖြစ်သည်။ပညာရေးဝန်ဆောင်မှုလုပ်ငန်းစင်တာများသည်အုပ်ချုပ်ရေး၊စာကြည့်တိုက်မှူးများ၊နှင့်ဆရာများအတွက်အကူအညီပေးရန်၊အတတ်ပညာပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန်၊နည်းပညာပိုင်းဆိုင်ရာအကူအညီများ၊ပညာရေးအစီအစဉ်များစီမံခန့်ခွဲခြင်းတို့ကိုပံ့ပိုးပေးကြသည်။

## ၂.၅မူဝါဒများ

ကျောင်းစာကြည့်တိုက်တစ်ခုသည်တိကျစွာပြဌာန်းထားသောမူဝါဒဘောင်အတွင်းစီမံခန့်ခွဲရန်အတွက်စာကြည့်တိုက်သည်ပင်အရင်းအမြစ်ဗဟိုဖြစ်ပြီးစာပေဗဟုသုတရှာမှီးရန်နှင့်စူးစမ်းလေ့လာရန်အတွက်ဖြစ်သည်ဟုသတ်မှတ်ထားရှိသည်။ကျောင်းစာကြည့်တိုက်မူဝါဒသည်ကျောင်း၏လိုအပ်ချက်နှင့်အရေးပါထိရောက်မှုရှိသောမူဝါဒများဖြစ်သင့်ပြီး၎င်းမူဝါဒများသည်ကျောင်း၏ရည်မှန်းချက်၊မျှော်မှန်းချက်၊ရည်ရွယ်ချက်များ၊တာဝန်များ၊သဘောထားများနှင့်အခြေအနေမှန်ကိုရောင်ပြန်ဟပ်နေသင့်သည်။စာကြည့်တိုက်ဟူသည်အားလုံးအတွက်ဖြစ်ရမည်ဟူသောအချက်သည်မူဝါဒနှင့်အရှင်းလင်းဆုံးကိုက်ညီနေရမည်ဖြစ်ပြီးစာကြည့်တိုက်မှူးကလည်းကျောင်းအုပ်ချုပ်ရေးပိုင်းနှင့်သင်ကြားရေးပိုင်း

(ကျောင်းအုပ်ကြီး၊အုပ်ချုပ်သူ၊သင်ကြားရေးဝန်ထမ်းများ)တို့နှင့်ပူးပေါင်း၍မူဝါဒကိုကောင်အထည်ဖော်ရမည်။မူဝါဒကြမ်းကိုကျောင်းပတ်ဝန်းကျင်တွင်သာမကဆွေးနွေးပွဲများပြုလုပ်ပြီးဖြန့်ဝေရမည်။ထိုသို့ဖြန့်ဝေခြင်းဖြ

င့်အတွေးအခေါ်အယူအဆနည်းလမ်းများရည်ရွယ်ချက်များကိုနားလည်လာပြီးလက်ခံကျင့်သုံးလာကြမည်ဖြစ်သည်။မူဝါဒများသည်စာကြည့်တိုက်၏အဆင့်အတန်းကိုလိုက်၍အခြေခံထားပြီးအောက်ပါအချက်တို့နှင့်ဆက်နွယ်နေသည်။

-ကျောင်းနှင့်ကျောင်းပြင်ပသင်ရိုးညွှန်းတမ်းများ

-ကျောင်း၏သင်ကြားရေးနည်းစနစ်

-အမျိုးသားရေးနှင့်ဒေသတွင်းအဆင့်နှင့်စံသတ်မှတ်ချက်များ

-ကျောင်းသားများ၏သင်ကြားရေးနှင့်တစ်ကိုယ်ရေတိုးတက်မှုအတွက်လိုအပ်ချက်များ

-ဆရာများအတွက်လိုအပ်ချက်များ

-ပညာရေးအောင်မြင်မှုအဆင့်မြင့်စေရန်

-စူးစမ်းလေ့လာမှုစွမ်းရည်တိုးတက်စေရန်

-စာလေ့လာရာတွင်စွမ်းဆောင်ရည်မြှင့်တင်ပေးရန်

-ပြည်သူ့နီတိပါဝင်ပက်သက်မှုနှင့်ပွင့်လင်းမြင်သာရှိမှု

အထက်ဖော်ပြချက်အားလုံးသည်အမှန်တကယ်မူဝါဒချမှတ်ရန်အတွက်အရေးပါသောအရာများဖြစ်ကြသည်။ဤအချက်များဖြင့်စာကြည့်တိုက်တစ်ခု၏တာဝန်ဝတ္တရာများကိုစောင့်ကြည့်သုံးသပ်ပြီးရည်မှန်းချက်ပြည့်ဝစေရန်လုပ်ဆောင်သင့်သည်။မူဝါဒနှင့်လုပ်ဆောင်ချက်တို့သည်သက်ဝင်လှုပ်ရှားမှုရှိနေရမည်ဖြစ်ပြီးပုံမှန်လည်းပြန်လည်သုံးသပ်နေသင့်သည်။

## ၂၊၆စီမံကိန်းရေးဆွဲမှု

ကျောင်းစာကြည့်တိုက်၏စီမံကိန်းရေးဆွဲရာတွင်စာကြည့်တိုက်မှူး၏ကျောင်းအုပ်ချုပ်ရေးနှင့်ကျောင်းသားများကြားတွင်ဆွေးနွေးညှိနိုင်းမှု၊ကျောင်းပတ်ဝန်းကျင်နှင့်ကျောင်းစာကြည့်တိုက်၏ဆက်နွယ်မှု၊ပါဝင်ပက်သက်မှုတို့လိုအပ်သည်ကိုတွေ့ရသည်။စီမံကိန်းရေးဆွဲရန်အရေးကြီးသောအချက်များအနေနှင့်-

- ပြည်တွင်း၊ပြည်ပအသင်းအဖွဲ့များမှအနာဂတ်အတွက်သင့်လျော်သောလေ့လာမှုအဖြစ်သတ်မှတ်ထားသောတည်တံ့စေသည့်ဖွံ့ဖြိုးမှုပန်းတိုင်၊

- ပြည်တွင်းနှင့်ကျောင်းအဆင့်ပညာရေးတာဝန်များ၊အတွေးအခေါ်များ၊မျှော်မှန်းချက်များ။
- ကျောင်းစာကြည့်တိုက်၏တန်ဖိုး၊ပါဝင်ပက်သက်သူများ၏အဆင့်အတန်း၊ယဉ်ကျေးမှုမိတ်ဖက်နှင့်ပညာရေးလုပ်ငန်းများတွင်ရန်ပုံငွေထည့်ဝင်သူများ
- ကျောင်းစာကြည့်တိုက်၏အဆင့်ကိုဖော်ပြနိုင်သောလေ့လာဆန်းစစ်မှုလိုအပ်ပြီးအနာဂတ်တွင်သင်ကြားရေးစင်တာအဖြစ်ပြောင်းလဲနိုင်စေရန်
- ကျောင်းအသိုင်းအဝန်းတစ်ခုလုံးကိုတန်ဖိုးမြင့်အရင်းအမြစ်များ၊ပစ္စည်းများနှင့်သင်ကြားရေးပတ်ဝန်းကျင်အတွက်ဒစ်ဂျစ်တယ်နှင့်ဒစ်ဂျစ်တယ်မဟုတ်သောစာပေများဖြင့်ဆက်သွယ်ပေးရန်စီမံထားရှိခြင်း
- နည်းပညာအစီအမံအနေဖြင့်သတင်းအချက်အလက်ဝန်ဆောင်မှုများပြောင်းလဲနိုင်မှုအတွက်ကြိုတင်စီမံထားရှိခြင်း
- ကျောင်းသားဗဟိုပြုဌာနနှင့်လူမှုအခြေပြုဗဟိုဌာနမှလှုပ်ရှားမှု၊တုံ့ပြန်ပြောင်းလဲမှုများကိုအစီအမံများထားရှိခြင်း
- ကျောင်းစာကြည့်တိုက်မှူး၏စွမ်းဆောင်ရည်တိုးတက်လာစေရန်အစီအမံများပါဝင်ခြင်း၊
- စာကြည့်တိုက်၏ဝန်ဆောင်မှုများသည်ကျောင်းသားများ၏အောင်မြင်မှုအတွက်ပံ့ပိုးပေးနိုင်မှုအားသုတေသနပြုချက်များဖြင့်စဉ်ဆက်မပြတ်တိုးတက်နေစေရန်ပံ့ပိုးပေးနေမှု၊လေ့လာချက်များစီမံထားရှိခြင်း-တို့ပင်ဖြစ်သည်။

ဥပမာ-

အင်ဒိုနီးရှားနိုင်ငံကျေးလက်များတွင်ကျောင်းများမှစီမံရေးဝန်ထမ်းများသည်စာကြည့်တိုက်ဝန်ထမ်းများ၊အစိုးရဝန်ကြီးဌာန၊နှင့်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့်အတူပူးပေါင်းလုပ်ဆောင်ကြရပြီးကျောင်းစာကြည့်တိုက်တစ်ခုကိုစံပြအနေနှင့်ဖွံ့ဖြိုးတိုးတက်စေရန်လုပ်ဆောင်ကြသည်။

## ၂။၇ငွေကြေးထောက်ပံ့မှု

ကျောင်းစာကြည့်တိုက်များ၏လည်ပတ်ငွေကြေးနှင့်ရှင်သန်ရပ်တည်နိုင်ရေးအတွက်သင့်တင့်လျှောက်ပတ်သောဘတ်ဂျက်ခွဲဝေမှုရှိရန်လိုအပ်ပြီးအသုံးစာရင်းများသည်လည်းစာကြည့်တိုက်မူဝါဒနှင့်ကိုက်ညီရမည်ဖြစ်ပြီးကျောင်းသားများ၊ဆရာများနှင့်ကျောင်းဝန်ထမ်းများအတွက်ရင်နှီးမြှုပ်နှံမှုများနှင့်လည်းရောင်ပြန်ဟပ်နေ

စေရမည်။ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည်အထက်တန်းစီမံခန့်ခွဲသူများနှင့်ပူးပေါင်း၍ဘတ်ဂျက်ကိုစီမံခန့်ခွဲရန်လိုပြီးစာကြည့်တိုက်များကိုငွေကြေးထောက်ပံ့မှုသည်

- ကျောင်းစာကြည့်တိုက်၏ဆရာဆရာမအင်အားနှင့်စုဆောင်းထားရှိမှုအရွယ်အစားနှင့်အဆင့်အတန်းပေါ်မူတည်ပြီးရင်း
- စာမေးပွဲရမှတ်မြင့်မားသောကျောင်းသားများသည်စာကြည့်တိုက်နှင့်ဆက်နွယ်မှုရှိပြီးကျောင်းစာကြည့်တိုက်မှစာအုပ်၊စာစောင်၊လစဉ်ထုတ်စာစောင်များ၊အွန်လိုင်းစာပေများစသည့်အရင်းအမြစ်များကိုအသုံးချမှုပေါ်တွင်ရင်း (ဥပမာ- IASL Research Abstracts www.iasl-online.org./research/abstracts; Kachel& Lance, 2013)

ဘတ်ဂျက်ကိုသုံးစွဲရာတွင်တစ်နှစ်ပတ်လုံးအတွက်မူဝါဒဘောင်အတွင်းကောင်းမွန်သေချာစွာစီမံထားရန်လိုအပ်သည်။ရင်း ဘတ်ဂျက်အစီအမံများကို နောက်ဆက်တွဲ စာမျက်နှာ B တွင်ဖော်ပြထားသည်။နှစ်ပတ်လည်အစီရင်ခံစာများတွင်ကျောင်းစာကြည့်တိုက်ရံပုံငွေကိုမည်ကဲ့သို့အသုံးပြုခဲ့ကြောင်း၊ရှင်းလင်းနားလည်အောင်ရှင်းလင်းပြရန်လိုပြီးစာကြည့်တိုက်အစီအစဉ်များအတွက်သုံးစွဲငွေကြေး၊အရင်းအမြစ်များအတွက်သုံးစွဲငွေကြေး၊များသည်လည်းစာကြည့်တိုက်၏မူဝါဒနှင့်လျော်ညီစွာသုံးစွဲထားကြောင်းဖော်ပြနိုင်ရန်လိုအပ်သည်။စာကြည့်တိုက်ဝန်ဆောင်မှုများ၊လုပ်ငန်းစဉ်များသည်ကျောင်း၏သင်ကြားရေးနှင့်သင်ယူရေးများတွင်ထိရောက်သောသက်သေခံများအဖြစ်နှစ်ပတ်လည်အစီရင်ခံစာများတွင်ပါဝင်သင့်သည်။အခန်း(၆) တွင်ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲခြင်းတွင်အကဲဖြတ်ခြင်း၏အသုံးဝင်ပုံကိုပို၍နက်နဲစွာ ပြဆိုထားပါသည်။

အသုံးဝင်သောအရင်းအမြစ်များ

American Association of School Librarians.(2011). Standards for the 21st century learner.Retrieved from www.Org/aasl/standards-guidelines/learning-standards

American Library Association.(2010). Intellectual Freedom Manual(8th ed.). Retrieved from www.ala.org/advocacy intfreedom/librarybill

Australian Library Association (1996).Library Bill of Rights. Retrieved from www.ala.org.au/policy/bill-of-rights.apx

Hay,L.& Todd, R.J. (2010). School Libraries 21C.NSW Department of Education and Training. Retrieved frpmwww.curriculusupport.education.nsw.gov.ay/schoollibraries/assets/pdf/21C-report.pdf

International Federation of Library Associations. (2015). Indigenous Matters Special Interest Group, retrieved from www.org/indigenous -matters

International Federation of Library Associations.(2015). Lesbiam, Gay, Bisexual, Transgender and Queerl/ Questioning Users Special Interest Group. Retrieve from www.ifla.org/lgbtq

International Federation of Library Associations (2015).IFLA/UNESCO Multicultural Library Mansfesto. Trtrieved from www.ifla.org/node/8976

Kachel,D.E., &Lance,K.C.(2013). Latest study: a full-time school librarian makes a critical difference in boosting student achievement, School Library Journal, 59(3), 28.

## အခန်း(၃) ကျောင်းစာကြည့်တိုက်တစ်ခုအတွက် လိုအပ်သော လူသားအရင်းအမြစ်များ

"ကျောင်းစာကြည့်တိုက်မှူးဟူသည်မှာအရည်အချင်းပြည့်မီသောစာကြည့်တိုက်ဝန်ထမ်းများဖြစ်ပြီးကျောင်းစာကြည့်တိုက်ကိုစီမံခန့်ခွဲရန်တာဝန်ရှိသူများဖြစ်၍ကျောင်းအသိုင်းအဝန်းအတွင်းလူအားလုံးနှင့်လက်တွဲအလုပ်လုပ်နိုင်သူများဖြစ်ပြီးအခြားစာကြည့်တိုက်များနှင့်လည်းထိတွေ့ဆက်ဆံနိုင်သူများလည်းဖြစ်ရန်လိုသည်။ (ကျောင်းစာကြည့်တိုက်ကြေညာချက်)

### ၃၊၁ -နိဒါန်း

ကျောင်းစာကြည့်တိုက်တစ်ခု၏ အဓိကလုပ်ငန်းစဉ်မှာ အလိုရှိသောစာ၊ အချက်အလက်၊ ပုံနှိပ်မဟုတ်သောစာပေပစ္စည်းများ၊ ပုံနှိပ်စာပေများ၊ သတင်းအချက်အလက်အတွေးအခေါ်များကို ပံ့ပိုးပေးနိုင်ရန်ပင်ဖြစ်သည်။ကျောင်းစာကြည့်တိုက်စနစ်တစ်ခု၏ ကြီးကျယ်ခမ်းနားခြင်းနှင့်အဆင့်အတန်းအရည်အသွေးသည် ကျောင်းစာကြည့်တိုက်နှင့် ပတ်ဝန်းကျင်ရှိ လူ့စွမ်းအားအရင်းအမြစ်အပေါ်တွင်သာ အဓိက ရပ်တည်နေသည်။ ကျောင်းအဖွဲ့အစည်း၏ သင်ကြားရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် စာကြည့်တိုက်၏ အရွယ်အစားနှင့်လိုက်၍ ကောင်းစွာ လေ့ကျင့်ထားသော၊ စိတ်ဓာတ်တက်ကြွသော လုပ်ကိုင်လိုစိတ်ပြင်းပြသော စာကြည့်တိုက်ဝန်ထမ်းများကို ပြည့်စုံလုံလောက်စွာခန့်ထားပေးနိုင်ရန်လိုအပ်သည်။ကျောင်းစာကြည့်တိုက်ရှိ ဝန်ထမ်းတိုင်းသည် စာကြည့်တိုက်၏ လုပ်ငန်းစဉ်၊ မူဝါဒများကို ကြေညက်စွာ နားလည် သဘောပေါက်ရန် လိုအပ်ပြီး တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ရာထူးတိုးမြှင့် ခြင်းများကို မျှော်လင့်နိုင်ကြောင်းကိုလည်း ကောင်းစွာ သဘောပေါက်သင့်သည်။

## ၃၊၂ -ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် စဉ်းစားတွေးခေါ်မှု

ကျောင်းစာကြည့်တိုက်တစ်ခု၏ လုပ်ငန်းစဉ်များကို ကျောင်း၏ သင်ကြားခြင်း၊ လေ့လာခြင်းတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်စေရန်၊ စာကြည့်တိုက်ပညာရှင်၊ ကျောင်းမှ သင်ကြားရေး ဆရာဆရာမများ၊ ပညာရေး ပိုင်းမှ တာဝန်ရှိသူများ၏ ပူးပေါင်းလမ်းညွှန်ချက်များဖြင့် သတ်မှတ်ထားခြင်းဖြစ်ပြီး အတန်းပိုင်ဆရာများနှင့် ပူးတွဲ၍ လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရမည်။ ကျောင်းစာကြည့်တိုက်မှူးက ကျောင်းကို ဦးဆောင်ရမည် ဖြစ်သဖြင့် ၎င်းပညာရှင်သည် အခြားကျောင်းမှ ဦးဆောင်သူများ၊ ဥပမာ ကျောင်းအုပ်ချုပ်ရေးမှူး၊ သင်ကြားရေး ပညာရှင် တို့၏ အဆင့်နှင့် တန်းတူညီရှိနေရန်လည်းလိုအပ်ပါသည်။ သို့မှသာ စာကြည့်တိုက်တွင် ကောင်းစွာ လေ့ကျင့်ပေးထားသည့် အကူဝန်ထမ်းများ နှင့် နည်းပညာပိုင်း

အထောက်အပံ့ပေးသော ဝန်ထမ်းများဖြင့် စာကြည့်တိုက်မှူးက စာကြည့်တိုက်ကို ကောင်းစွာ လည်ပတ်နိုင်မည် ဖြစ်ပါသည်။

## ၃၊၃ - ကျောင်းစာကြည့်တိုက်မှူး တစ်ဦးကို အဓိပ္ပါယ် သတ်မှတ်ချက်

ကျောင်းစာကြည့်တိုက်မှူး ဆိုသည်မှာ ကျောင်းမှ စုဆောင်းထားသော ပုံနှိပ်စာပေများနှင့် ပုံနှိပ်မဟုတ်သော စာပေ ပစ္စည်းများ အားလုံးကို စာပေ သင်ကြားရန်၊ လေ့လာရန်၊ သုတေသန ပြုရန်၊ ဖန်တီးမှုများပြုလုပ်ရန်၊ တွေးတောကြံဆရာတွင် ဆုံးဖြတ်ချက် မှန်ကန်စေရန် တို့အတွက် ၎င်းတို့ကိုအသုံးပြုပြီး ဝန်ဆောင်မှု ပေးရသော သူများဖြစ်ကြပါသည်။ ၎င်းတို့ကို ပုံစံမျိုးစုံဖြင့် ခေါ်ဝေါ်ကြရာ(ဥပမာ- ကျောင်းစာကြည့်တိုက်မှူး၊ ကျောင်းစာကြည့်တိုက် မီဒီယာ ပညာရှင်၊စာကြည့်တိုက်ဆရာမ၊မှတ်တမ်း ပါမောက္ခဆရာ စသဖြင့်) ကျောင်းစာကြည့်တိုက်မှူး ဟူသည်ကားအသင့်တော်ဆုံးနှင့်အသုံးပြုဆုံး စကားလုံးပင်ဖြစ်ပါသည်။

ကျောင်းစာကြည့်တိုက်မှူးများ၏အရည်အချင်းများမှာကမ္ဘာနှင့်အဝှမ်းအမျိုးမျိုးကွဲပြားလေ့ရှိကြပြီး၎င်းတို့ထဲ တွင်အချို့စာကြည့်တိုက်ပညာရှင်များသည် သင်ကြားရေး သင်တန်းပြီးမြောက်ခြင်းမရှိသူများလည်းပါဝင်နိုင်သလိုအခြားဘာသာရပ်ဆိုင်ရာစာကြည့်တိုက်များတွင်သင် တန်းတက်ရောက်ခဲ့သူများလည်းပါဝင်နိုင်ပါသည်။မည်သို့ပင်သတ်မှတ်စေကာမူကျောင်းစာကြည့်တိုက်များ သည်ပြည်သူ့စာကြည့်တိုက်များနှင့်ပူးပေါင်း၍ဝန်ဆောင်မှုပြုကြရသည်ကတော့အတူတူပင်ဖြစ်သည်။ကျော င်းစာကြည့်တိုက်များအတွက်ဝန်ထမ်းဖွဲ့စည်းပုံသည်စာကြည့်တိုက်၏အနေအထားဥပဒေ၊ ချမှတ်စည်းကမ်း၊ ဘဏ္ဍာရေးအခြေအနေ၊ ပညာရေး အခြေခံ တို့ အပေါ် မူတည်၍ ပြောင်းလဲမှုရှိသည်။သို့သော်လည်းနှစ်ပေါင်း၅၀ကျော်အပြည်ပြည်ဆိုင်ရာသုတေသနပြုချက်အရကျောင်းစာ ကြည့်တိုက်မှူးတစ်ဦးသည်ကျောင်းပညာနှင့်စာကြည့်တိုက်ပညာရပ်များရှိရန်လိုအပ်ပြီး၎င်းပညာရပ်များကို အဆင့်မြင့်အထိသင်ကြားထားရန်လိုသည်။ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲခြင်း၊စာတတ်မြောက်ခြင်းနှင့်စာဖ တ်မြှင့်တင်ခြင်းများအတွက်၎င်း၊ ကျောင်း၏ ပိုမို ရှုပ်ထွေးလာမည့် ပို့ချမှု များအတွက်၎င်း အဆင့်မြင့် ပညာရှင်တစ်ယောက်အဖြစ် သင်ကြားနိုင်ရန် လိုအပ်ခြင်းဖြစ်သည်။

ဥပမာ ပြင်သစ်နိုင်ငံတွင် Junior High School နှင့် High Scchoolများတွင်အလုပ်လုပ်ကြသောကျောင်းစာကြည့်တိုက်မှူးများသည် ကျောင်း၏ သင်ကြားရေးပိုင်းမှ ဆရာဆရာမများနည်းတူ သင်တန်းပို့ချမှု ခံရပြီး အဆင့်အတန်းလည်း တန်းတူပင် ဖြစ်သည်။ဥပမာ အီတလီနိုင်ငံ South Tyrol မြို့တွင် Brozen Province Law အရကျောင်းစာကြည့်တိုက်ဝန်ထမ်းများကို K-13 Level school တွင်သူတို့၏အဆင့်အလိုက်သင်ကြားတတ်မြောက်မှုအလိုက်အလုပ်ခန့်အပ်သည်။စာကြည့်တိုက်လက်ထောက်ရာထူးအတွက် Secondary Education K-13 ပီးမြောက်ရမည်ဖြစ်ပြီးစာကြည့်တိုက်ပညာသင်တန်း (အနည်းဆုံးသီအိုရီနှင့်လက်တွေ့တစ်နှစ်သင်တန်း)ကိုအောင်မြင်ထားရမည်။အရည်အချင်းပြည့်မီစာကြည့်တိုက်မှူးတစ်ယောက်အဖြစ်ပိုမိုမြင့်မားသောပညာများ(အနည်းဆုံးသုံးနှစ်သင်တန်း) ပြီးမြောက်ထားရန်လိုသည်။ဥပမာ Portugal နိုင်ငံတွင်ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည်ကျောင်းဆရာမတစ်ဦးပင်ဖြစ်ပြီးစာကြည့်တိုက်ပညာကိုအထူးသင်ကြားအောင်မြင်ထားသူဖြစ်ရမည်ဟု 2009 ခုနှစ်ကပြဋ္ဌာန်းထားခဲ့သည်။

## ၃၊၄ -ကျောင်းစာကြည့်တိုက်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် လိုအပ်သော အရည်အသွေးများ

ကျောင်းစာကြည့်တိုက် လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် လိုအပ်သော အရည်အသွေးများတွင် အောက်ပါတို့ ပါဝင်သည်-

- သင်ကြားရေးနှင့်လေ့လာရေး၊သင်ရိုးညွှန်းတမ်း၊သင်ကြားပို့ချမှုဒီဇိုင်း၊နှင့်သင်တန်းပို့ချချက်။
- လုပ်ငန်းစဉ်စီမံခန့်ခွဲချက်-

  အစီအစဉ်ဆွဲခြင်း၊ဖွံ့ဖြိုးတိုးတက်ရန်ဒီဇိုင်းရေးဆွဲခြင်း၊အကောင်အထည်ဖော်ခြင်း၊တိုးတက်မှုအကဲဖြတ်ခြင်း။
- စာကြည့်တိုက်အတွက်စုဆောင်းခြင်း၊စာပေများစုဆောင်းခြင်း၊အဖွဲ့အစည်းအတွက်လူအင်အားစုဆောင်းခြင်း၊စာငှားများအားပြန်လည်သိမ်းဆည်းခြင်း။

- သတင်းဆက်သွယ်မှုလုပ်ငန်းစဉ်များနှင့်အမူအကျင့်များအတွက်-စာတတ်မြောက်ရေး၊သတင်းအချက်အလက်ပညာကိုတတ်မြောက်ခြင်း၊ဒီဂျစ်တယ်ပညာရပ်များတွင်တတ်မြောက်ခြင်း။
- စာဖတ်ခြင်းအတွက်တာဝန်ခံထားမှု။
- ကလေးသူငယ်နှင့်လူငယ်စာပေများနှင့်ပက်သက်၍ဗဟုသုတရှိခြင်း။
- စာဖတ်ရာတွင်မသန်စွမ်းများကြုံတွေ့နိုင်သောအခက်အခဲများနှင့်ပက်သက်၍ဗဟုသုတရှိခြင်း။
- လူအများနှင့်ဆက်သွယ်မှုပူးပေါင်းဆောင်ရွက်နိုင်မှုရှိခြင်း။
- ဒီဂျစ်တယ်နှင့်မီဒီယာပိုင်းကိုလည်းတတ်ကျွမ်းနားလည်ခြင်း။
- ကျင့်ဝတ်များ၊နီတိများ၊လူမှုရေးပိုင်းတွင်လည်းတာဝန်ခံမှုရှိခြင်း။
- ပြည်သူလူထုအတွက်ကောင်းကျိုးဆောင်ရွက်လိုစိတ်ရှိခြင်း-လူ့ပတ်ဝန်းကျင်အတွက်တာဝန်ခံမှုရှိခြင်း
- အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူဘဝတစ်သက်တာသင်ကြားရေးအတွက်တာဝန်ခံခြင်း။
- စာကြည့်တိုက်မှူး၏လူမှုဆက်ဆံရေးနယ်ပယ်နှင့်စာကြည့်တိုက်၏သမိုင်းကြောင်းများကိုလည်းတန်ဖိုးထားလေးစားခြင်း။

စာကြည့်တိုက်မှူးတစ်ဦး၏ပညာရည်ပြည့်ဝမှုဖြင့်ဒီပလိုမာ(သို့) ဒီဂရီ (သို့) သက်ဆိုင်ရာနယ်ပယ်မှအသိအမှတ်ပြုပညာများရယူနိုင်သည်။ကျောင်းစာကြည့်တိုက်မှူးတစ်ဦး၏ပညာရေးပန်းတိုင်မှာစာကြည့်တိုက်ပညာစွမ်းရည်အပြင်သင်ကြားရေးကိုလည်းမုချတတ်မြောက်ခြင်းပင်ဖြစ်သည်။အချို့နိုင်ငံများတွင်သီးခြားကျောင်းစာကြည့်တိုက်မှူးအစီအစဉ်များထားရှိပြီးသင်ရိုးထဲတွင်စာကြည့်တိုက်မှူးအတွက်အဓိကလိုအပ်ချက်များ၊ခေတ်ပေါ် ဒီဂျစ်တယ်နည်းပညာ၊ဆိုရှယ်မီဒီယာများကိုနားလည်သဘောပေါက်ခြင်း၊လူငယ်၊ယဉ်ကျေးမှုများကိုလည်းနားလည်ခြင်း၊တို့ကိုလည်းထည့်သွင်းထားရှိသည်။ထို့အပြင်ဌင်းအစီအစဉ်၏ရလဒ်အနေနှင့်သတင်းအချက်အလက်ကျွမ်းကျင်တတ်မြောက်မှု၊ပြဿနာများကိုဖြေရှင်းနိုင်မှုများန

က်နက်နဲနဲရှိလာအောင်ပြုလုပ်ထားကြခြင်းဖြစ်သည်။ဤသို့ဖြင့်စာကြည့်တိုက်ပညာရေးမှတဆင့်အဆင့်မီ ကျောင်းစာကြည့်တိုက်မှူးတစ်ဦးအဖြစ်ပြောင်းလဲသင့်သည်။

ဥပမာ-

ပြင်သစ်နိုင်ငံတွင်ကျောင်းဆရာများအတွက်စွမ်းရည်ပြည့်ဝသောမှူဘောင်ချမှတ်ထားပြီးစွမ်းရည်များ၊အထူး တတ်ကျွမ်းမှုတို့ကိုမည်သည့်ကျောင်းဆရာကမဆိုဖြစ်မြောက်နိုင်အောင်လုပ်ဆောင်နိုင်ရမည်ဟုချမှတ်ထား သည်။သတင်းအချက်အလက်ကျွမ်းကျင်မှုသည်အလိုအပ်ဆုံးဖြစ်သည်ဟုသတ်မှတ်ထားပြီးၾင်းကိုကိုယ်ပိုင် အခွင့်အရေးအဖြစ်ဆရာများနှင့်ပူးပေါင်း၍လုပ်ဆောင်မှုတွင်ထည့်သွင်းထားခြင်းဖြစ်သည်။

## ၃၊၅ -ကျွမ်းကျင်သော ကျောင်းစာကြည့်တိုက်မှူး၏ အခန်းကဏ္ဍ

ကျွမ်းကျင်သော ကျောင်းစာကြည့်တိုက်မှူး၏ အခန်းကဏ္ဍများတွင် ညွှန်ကြားခြင်း၊ စီမံခန့်ခွဲခြင်း၊ ခေါင်းဆောင်မှု ပြုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ပါဝင်သ ည်။ အောက်တွင် အချက်တစ်ခုချင်းနှင့် ပတ်သက်၍ အသေးစိတ် ဖော်ပြထားသည်။

### ၃၊၅၊၁ - လမ်းညွှန်ဆောင်ရွက်ပေးခြင်း

ကျောင်းစာကြည့်တိုက်မှူးတစ်ဦး၏လမ်းညွှန်ဆောင်ရွက်ပေးခြင်းခြင်းခြင်းဟူသည် ကျယ်ပြန့်သောသင်ကြားရေးအခြေအနေကို အခြေအနေအတွက် ကျောင်းသား တစ်ယောက်ချင်းစီဖြစ်စေ၊ အစုအဖွဲ့ တစ်စုချင်းစီ ဖြစ်စေ ကျောင်းအခန်းများအတွင်း သမားရိုးကျ ပညာရေး နှင့် ကျောင်းပြင်ပ ပညာရေး တို့ကို လမ်းညွှန်ပေးနိုင်ခြင်း ဖြစ်ပြီး၊ အသေးစိတ်ကို အခန်း ၅ တွင် ဖော်ပြထားပါသည်။ကျောင်းစာကြည့်တိုက်မှူးတစ်ဦး၏ လမ်းညွှန်ဆောင်ရွက်ပေးခြင်း များတွင်

- စာဖတ်ခြင်းနှင့်စာတတ်မြောက်ရေးမြှင့်တင်ခြင်း
- အချက်အလက်( data) ရှာဖွေမှုတတ်မြောက်ခြင်း
- စူးစမ်းလေ့လာမှုအခြေပြုသောသင်ကြားမှုပေးခြင်း
- နည်းပညာနှင့်ပြည့်စုံသည့်အခြေအနေဖြစ်ခြင်းနှင့်

- ကျောင်းဆရာများအတွက်အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်နိုင်စေခြင်းတို့ဖြစ်သည်။ဥပမာ-ကွဲပြားခြားနားသောမူဘောင်များကိုလမ်းညွှန်ချက်များအဖြစ်အသုံးပြုရန်ချမှတ်ပေးထားသည်။ပြင်သစ်နိုင်ငံတွင်ပြဋ္ဌာန်းထားသည်။

### ၃၊၅၊၂ -စီမံခန့်ခွဲခြင်း

စာကြည့်တိုက်မှူးတစ်ဦး၏စီမံခန့်ခွဲမှုတွင်စာရွက်စာတမ်းများစီစဉ်ထားရှိသိမ်းဆည်းခြင်း၊ကျောင်းစာကြည့်တိုက်လုပ်ငန်းစဉ်စီမံခန့်ခွဲခြင်းတို့ကိုအကောင်းဆုံးအဆင့်မြင့်ဆုံးစီမံခန့်ခွဲနိုင်ရန်တို့ပါဝင်သည်။၎င်းတွင်လိုအပ်သောအထောက်အပံ့ပစ္စည်းများနှင့်လုပ်ငန်းစဉ်များကိုစာကြည့်တိုက်မှူးကထောက်ပံ့ပေးခြင်းစသည်တို့ပါဝင်သည်။လူ့အရင်းအမြစ်စီမံခန့်ခွဲမှုအဖြစ်စာကြည့်တိုက်အတွက်ဝန်ထမ်းအသစ်ခေါ်ယူရာတွင်စီမံခန့်ခွဲခြင်း၊လူရွေးချယ်ခြင်း၊ကြီးကြပ်ခြင်း၊အကဲဖြတ်ခြင်းတို့လည်းအစိတ်အပိုင်းတစ်ရပ်အနေနှင့်ပါဝင်နေပါသည်။

### ၃၊၅၊၃ -ခေါင်းဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ကျောင်းစာကြည့်တိုက်မှူးတစ်ဦး၏ အဓိကဆောင်ရွက်ချက်မှာ ကျောင်း၏ ရည်ရွယ်ချက် ၊ ရည်မှန်းချက် များ ကို ပန်းတိုင်သို့ ရောက်ရှိအောင် အားပေးကူညီ ဆောင်ရွက်ရန် ဖြစ်သည်။ ကျောင်း၏ အုပ်ချုပ်ရေး ပိုင်းနှင့် သင်ကြားရေးပိုင်းနှင့် ပူးပေါင်း၍ ကျောင်း၏ သင်ရိုးကို အခြေခံသော စာကြည့်တိုက်လုပ်ငန်းများ တိုးတက်စေရန် ပင်ဖြစ်သည်။ စာကြည့်တိုက်မှူးတစ်ဦးသည် ကျောင်း၏ သင်ကြားရေး လုပ်ငန်းများတွင် ဆက်စပ်နေသော သတင်းအချက်အလက်များနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးနိုင်သော အနေအထားလည်းရှိသင့်သည်။ စာကြည့်တိုက်မှူးတစ်ဦးသည် ကျောင်း၏ အခြားသော သီးခြားဘာသာရပ်အထူးပြုများနှင့် ပူးပေါင်း၍ နည်းပညာ ပြည့်စုံရေး နှင့် သင်ကြားရေးပိုင်းမှ ဝန်ထမ်းများ ၏ အရည်အချင်း၊ နှင့် အုပ်ချုပ်သူ အပိုင်းမှ အရည်အချင်းများ တိုးတက်လာစေရန် ပံ့ပိုးပေးနိုင်ရမည်။ ထိုသို့ ပူးပေါင်းမှုသည် စာကြည့်တိုက်မှူး၏ အလိုအပ်ဆုံးသော အလုပ်ပင်ဖြစ်လေသည်။ ထိုသို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ကျောင်း၏ ရည်မှန်းချက် ပန်းတိုင်ကို ရောက်ရှိစေနိုင်သည်။ ကျောင်းစာကြည့်တိုက်မှူးသည် ကျောင်းအုပ်ကြီး၊ဒုကျောင်းအုပ်နှင့်သင်ကြားရေးခေါင်းဆောင်ထံသို့ တိုက်ရိုက်သတင်းပို့ အစီရင်ခံစာ တင်ရမည်ဖြစ်ပြီး၊ ကျောင်း၏ အစီအစဉ်များ အသင်းအဖွဲ့များတွင် လည်း ပါဝင်ဆောင်ရွက်သင့်သည်။ကျောင်းပေါင်းစုံ

သင်ရိုးပေါင်းစုံဘာသာရပ်ပေါင်းစုံသင်ကြားရေးအဖွဲ့များမှစူးစမ်းလေ့လာသောစီမံကိန်းများတွင်လိုလားစွာပါဝင်ဆောင်ရွက်မှုရှိနေသင့်သည်။ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည်မိမိ၏အရည်အချင်းတိုးတက်ကျယ်ပြန့်စေရန်အခြားစာကြည့်တိုက်မှူးများနှင့်ပူးပေါင်း၍လုပ်ဆောင်သင့်သည်။ဥပမာ-အမေရိကန်နိုင်ငံတက္ကဆက်စ်ပြည်နယ်မြောက်ပိုင်းတွင်ရှိကျောင်းစာကြည့်တိုက်ဒါရိုက်တာများသည်လစဉ်တွေ့ဆုံကြပြီးသူတို့၏အတွေ့အကြုံများအတွေးအခေါ်များကိုဖလှယ်ကြခြင်းဖြင့်၄င်းတို့၏အစီအစဉ်အသစ်များကိုချဉ်းကပ်လေ့ရှိကြသည်။အင်္ဂလန်နိုင်ငံတွင်မူဒေသဆိုင်ရာကျောင်းစာကြည့်တိုက်များကိုကောင်းမွန်စွာပံ့ပိုးတည်ဆောက်ထားပြီးကျောင်းစာသင်နှစ်တစ်နှစ်တိုင်းတွေ့ဆုံ၍ကျောင်း၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်ကြသည်။

## ၃၊၅၊၄ -လူ့အသိုင်းအဝိုင်းတွင် ပါဝင်မှု

ကျောင်းစာကြည့်တိုက်၏လူ့အသိုင်းအဝိုင်းတွင် ပါဝင်မှုသည် အမျိုးမျိုး ကွဲပြားသော ယဉ်ကျေးမှု၊ ဘာသာစကား၊ တိုင်းရင်းမျိုးနွယ်နှင့်အခြား လူမျိုးစု အားလုံးကို စာကြည့်တိုက်၏ အစီအစဉ်များ၊ပွဲများတွင် ပါဝင်စေပြီး လူအများကို နှစ်သက်စေခြင်းတို့ ဖြစ်ပါသည်။ ကျောင်းရှိ သားသမီးများ၏ ပညာရေး၊ ဗဟုသုတ ပြည့်စုံမှု ထပ်ဆင့်လွဲပြောင်းမှုတို့သည် အရေးကြီးကြောင်း ကျောင်းစာကြည့်တိုက်များက အသိအမှတ်ပြုလာကြသည်။ ကလေးသူငယ်များကို မိသားစု အသိုင်းအဝန်းများက ထောက်ပံ့ပေးကြရသည်။ ထိုသို့ လုပ်ဆောင်ကြရန် စာကြည့်တိုက်များကို လုံးလုံးလျားလျား မှီခိုကြရန် လိုအပ်ပါသည်။ လူ့အသိုင်းအဝိုင်းများ အားလုံး၏အဓိက တန်ဖိုးအရှိဆုံးတစ်ခုမှာ ချမ်းသာခြင်းနှင့် ဗဟုသုတပြည့်ဝခြင်းတို့ကို လက်ဆင့်ကမ်း လွှဲပြောင်းပေးရန် ပင်ဖြစ်သည်။ ထိုသို့ ကလေးများကို ဗဟုသုတအထိရောက်ဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးနည်းဖြင့် လက်ဆင့်ကမ်း လွှဲပြောင်းပေးခြင်းပုံစံသည်ကျောင်းစာကြည့်တိုက်၏ လုပ်ငန်းစဉ်များအတွင်းလွှမ်းမိုးထားသော ယဉ်ကျေးမှုမှ သိသာထင်ရှားစွာကွဲပြားခြားနားလာခြင်း ပင်ဖြစ်သည်။ ကျောင်းသားများအားလုံးအတွက် ကိုယ်ပိုင်လက္ခဏာ နှင့် ပိုင်ဆိုင်မှုများသည် စာတတ်မြောက်ခြင်းနှင့် သင်ကြားရေးဖြစ်ထွန်းမှုအတွက် လိုအပ်သောအစိတ်အပိုင်းများ ဖြစ်သည်။ ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည် ဖြစ်နိုင်မည်ဆိုလျှင် အခြားစာကြည့်တိုက်အစုအဖွဲ့များနှင့် ဆက်သွယ်မှု ရှိနေသင့်သည်။ ကလေးသူငယ်များနှင့်

လူငယ်များအတွက် စာကြည့်တိုက်လုပ်ငန်းစဉ်များကို ဖွံ့ဖြိုးတိုးတက်စေဖို့ရန် စာကြည့်တိုက်များအနေဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်တွင်အောက်ပါအချက်များပါဝင်သင့်သည်။

ပူးပေါင်းမှုအတွက်ယေဘုယျပမာဏ၊ပူးပေါင်းဆောင်ရွက်မည့်ဧရိယာအတွက်သတ်မှတ်ချက်နှင့်ရှင်းလင်းချက်၊စီးပွားရေးဆိုင်ရာပါဝင်မှုရှင်းလင်းချက်၊နှင့်ကုန်ကျစရိတ်များကိုမည်သို့ခွဲဝေကျခံမည်၊ပူးပေါင်းဆောင်ရွက်မှုအတွက်အချိန်ဇယားစသည်တို့ပါဝင်သည်။ပူးပေါင်းဆောင်ရွက်မှုဧရိယာ၏ဥပမာအနေနှင့်ဝန်ထမ်းများကိုသင်တန်းပေးခြင်း၊စာစုပစ္စည်းများအတွက်ပံ့ပိုးပေးခြင်း၊ပရိုဂရမ်ရေးဆွဲခြင်း၊အီလက်ထရောနစ်လုပ်ငန်းစဉ်များအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၊ပြည်သူ့စာကြည့်တိုက်များသို့အတန်းလိုက်လေ့လာမှုသွားရောက်ခြင်း၊ပူးပေါင်းစာဖတ်ပွဲများနှင့်စာတတ်မြောက်ရေးလှုပ်ရှားမှုပွဲများစာကြည့်တိုက်လုပ်ငန်းစဉ်များကိုကလေးများနှင့်လူငယ်များလက်ခံလာနိုင်အောင်စျေးကွက်ရှာဖွေခြင်းစသည်တို့ပါဝင်သည်။ဥပမာနော်ဝေနိုင်ငံအော်စလိုမြို့တွင်ကျောင်းအုပ်ချုပ်ရေးပိုင်းနှင့်ပြည်သူ့စာကြည့်တိုက်များပူးပေါင်း၍စာကြည့်တိုက်ပေါင်း၁၂၀နှင့်သက်ဆိုင်သောခေါင်းစဉ်များကိုပုံမှန်တွေ့ဆုံဆွေးနွေးကြသည်။ပြည်သူ့စာကြည့်တိုက်များသည်ဝန်ထမ်းခန့်ထားရာတွင်ကျောင်းအတွက်လိုအပ်သောပစ္စည်းများကိုပံ့ပိုးပေးနိုင်ရန်အကြံဉာဏ်ပေးနိုင်ရန်ရည်ရွယ်ပြီးပြည်သူ့စာကြည့်တိုက်လုပ်ငန်းတွင်ခန့်အပ်သည်။စာကြည့်တိုက်မှူးများအားလုံးနှင့်ဆရာများသည်၎င်းလုပ်ငန်းသို့ဖုံး(သို့)အီးမေးလ်ဖြင့်ဆက်သွယ်ပြီးအကူအညီတောင်းခံနိုင်ကြသည်။လိုအပ်သောပစ္စည်းကိုစာကြည့်တိုက်အနေနှင့်ဝယ်ယူနိုင်စွမ်းမရှိလျှင်သော်၎င်း၊သို့မဟုတ်ပုံမှန်အသုံးပြုသောပစ္စည်းမဟုတ်ခြင်းစသည်တို့ကိုစာကြည့်တိုက်သို့မဟုတ်စာသင်ခန်းသို့တိုက်ရိုက်ပို့ဆောင်ပေးနိုင်သည်။

## ၃၊၅၊၅ -စာကြည့်တိုက်လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများကို တိုးမြှင့်ပေးခြင်း

စာကြည့်တိုက်လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများကို တိုးမြှင့်ပေးခြင်းတွင် အသုံးပြုသူများ လိုအပ်သည်များကို စာကြည့်တိုက်မှ ပေးနိုင်သော ဝန်ဆောင်မှုများနှင့် ဆက်သွယ်ပေးခြင်း ဖြစ်ပြီး၊ ထိုသို့ စာကြည့်တိုက်မှပံ့ပိုးပေးမှုများကိုအသုံးပြုသူများကသတိပြုမိပြီးစာပေလေ့လာရေးတွင်အားကိုးရသောနေရာအဖြစ်သတ်မှတ်လာကြမည်ဖြစ်သည်။စာကြည့်တိုက်လုပ်ငန်းများကိုအဆင့်မြင့်တင်ရာတွင်အသုံးပြုသောသူများ၊အခြားသောအဖွဲ့ဝင်များကျောင်းအုပ်ချုပ်ရေးဌာနဆိုင်ရာအကြီးအကဲများ၊ဆရာဆရာမများ၊ကျောင်း

သားများနှင့်မိဘများကိုပစ်မှတ်ထားရှိသည်။ထိုသို့ကျောင်း၏သဘောသဘာဝနှင့်ကွဲပြားခြားနားသောပစ်မှတ်တို့ကိုဆက်သွယ်ချိန်ညှိခြင်းသည်အရေးကြီးလှသောလုပ်ငန်းစဉ်ဖြစ်သည်။ကျောင်းစာကြည့်တိုက်တွင်သတ်မှတ်ဖော်ပြထားသောစီမံချက်များရှိသင့်ပြီးငင်းကိုကျောင်းအုပ်ချုပ်ရေးပိုင်းနှင့်သင်ကြားရေးပိုင်းတို့မှပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ငင်းသတ်မှတ်ဖော်ပြထားသောစီမံချက်တွင်အောက်ပါအချက်တို့ကိုလည်းထဲ့သွင်းရမည်-

-ရည်ရွယ်ချက်ပြည့်ဝစေရန်လုပ်ဆောင်ရမည့်လှုပ်ရှားမှုပုံစံကိုဖော်ပြထားခြင်းနှင့်

-ငင်းလှုပ်ရှားမှုပုံစံကိုအောင်မြင်အောင်အကဲဖြတ်ခြင်းနည်းလမ်းတို့ကိုလည်းထဲ့သွင်းရမည်။

## ၃၊၆-ကျွမ်းကျင်သူအားအထောက်အကူပြုမည့်ကျောင်းစာကြည့်တိုက်ဝန်ထမ်းအဖွဲ့ခွဲအခန်းကဏ္ဍနှင့်အရည်အချင်းများ

ကျွမ်းကျင်သူအားအထောက်အကူပြုမည့်ကျောင်းစာကြည့်တိုက်ဝန်ထမ်းအဖွဲ့ခွဲ(စာကြည့်တိုက်လက်ထောက်ရာထူး၊ စာကြည့်တိုက်ပညာရှင်များ) ဝင်များသည် စာကြည့်တိုက်မှူးထံသို့ အစီရင်ခံစာ ရေးသွင်း၍ ငင်းတို့၏ အလုပ်များကို ပံ့ပိုးကူညီပေးကြရမည်။ ကျွမ်းကျင်သူအား အထောက်အကူပြုမည့် ကျောင်းစာကြည့်တိုက်ဝန်ထမ်းများသည် သက်ဆိုင်ရာ သင်တန်းများ တက်ရောက်ထားသင့်ပြီး စာကြည့်တိုက် လုပ်ငန်းစဉ် ဆောင်ရွက်မှုများဖြစ်သော စင်တင်ခြင်း၊ စာငှားခြင်း၊ စာအုပ်လက်ခံခြင်းနှင့် စာကြည့်တိုက် လုပ်ငန်းစဉ်များ ပြုလုပ်ခြင်း ၊ online circulation များ၊စာအုပ်များစာရင်းရေးသွင်းခြင်းနှင့်ပုံနှိပ်မဟုတ်သောစာပေပစ္စည်းများအတွက်ပြင်ဆင်ပံ့ပိုးပေးခြင်းစသောလုပ်ငန်းများကိုလုပ်ဆောင်ကြရမည်။

## ၃၊၇-ကျောင်းစာကြည့်တိုက်တွင်စေတနာ့ဝန်ထမ်းလုပ်အားပေးဆောင်ရွက်သူ၏အခန်းကဏ္ဍနှင့်အရည်အချင်းများ

ကျောင်းစာကြည့်တိုက်တွင်ဆန္ဒအလျှောက်လုပ်အားပေးဆောင်ရွက်သူများသည် လခစား စာကြည့်တိုက်ဝန်ထမ်းများ ကဲ့သို့ အစားထိုးလုပ်ဆောင်ရန် မသင့်ပါ။ သို့သော်

၎င်းတို့ခန့်အပ်ရာတွင်သဘောတူညီချက်မူဘောင်အရ၎င်းတို့လုပ်ဆောင်ရမည့်တာဝန်များကိုစာကြည့်တိုက်မှူး၏ကြီးကြပ်မှုဖြင့်လုပ်ဆောင်စေရမည်။ကျောင်းသားများအနေနှင့်လည်းကောင်းမွန်စွာချမှတ်ထားသောနည်းဥပဒေများကြီးကြပ်မှုများဖြင့်ကျောင်းစာကြည့်တိုက်များတွင်လုပ်အားပေးများအနေနှင့်လုပ်ဆောင်နိုင်သည်။ထိုသို့ကျောင်းသားလုပ်အားပေးများသည်အတန်းကြီးများဖြစ်သင့်ပြီးပုံမှန်လျှောက်လွှာတင်သွင်းလျှောက်ထားနိုင်ပြီးသင်တန်းများပို့ချ၍စာကြည့်တိုက်တွင်ခင်းကျင်းပုံစံများ၊စာကြည့်တိုက်ပစ္စည်းများကိုစနစ်တကျစင်တင်ခြင်း၊ကလေးငယ်များနှင့်စာဖတ်ဝိုင်းများပြုလုပ်ခြင်း၊နှင့်အခြားကျောင်းသားများကိုစာအုပ်စာတမ်းများရွေးချယ်ရန်အကြံပြုထောက်ခံပေးခြင်းစသောတာဝန်များချမှတ်ပေး၍ကူညီလုပ်ဆောင်စေသင့်သည်။ဥပမာအမေရိကန်နိုင်ငံမီချီဂန်မြို့တွင်မူလတန်းကျောင်းစာကြည့်တိုက်တွင်စာကြည့်တိုက်၏တာဝန်ဝတ္တရားများကိုအများပြည်သူသို့ချမပြဘဲစာကြည့်တိုက်လုပ်ငန်းများအဆင်ပြေချောမွေ့နေစေရန်လုပ်ဆောင်လျှက်ရှိခြင်းပင်ဖြစ်သည်။တစ်ပတ်တစ်ကြိမ်ဆိုသလို၎င်းကျောင်းသားများကစာကြည့်တိုက်စာအုပ်များစင်တင်ခြင်း၊ KG

အခန်းများမှစာအုပ်များပြန်လည်သိမ်းဆည်းခြင်း၊တခါတရံစာအုပ်အသစ်ရောက်ရှိမှုတို့အတွက်ကြော်ငြာကပ်ခြင်း၊ဘားကုဒ်ထည့်ခြင်း၊စာရှာနံပါတ်စသည်တို့ဖြင့်ကူညီလုပ်ဆောင်ပေးရသည်။ဥပမာအီတလီနိုင်ငံရုမ်းမြို့တွင်အထက်တန်းကျောင်းသားများကစာကြည့်တိုက်ကိုချောမွေ့စွာလည်ပတ်နိုင်ရေးလုပ်အားပေးရန်စာရင်းသွင်းကြပြီးစာကြည့်တိုက်စီမံခန့်ခွဲမှုအတွင်းပါဝင်လုပ်ဆောင်စေရုံမျှမကကျောင်းသား၏ကိုယ်ရည်ကိုယ်သွေးကိုလည်းတိုးတက်စေနိုင်သည်။ကျောင်းသားများကကျောင်းစာကြည့်တိုက်ပြန်လည်ပြုပြင်သောအခါများတွင်လည်းပါဝင်ကူညီကြသည်။ဤသို့ဖြင့်၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်ကိုတိုးတက်စေပြီး၊စိတ်ဝင်စားမှုများကျယ်ပြန့်လာကာကိုယ့်ကိုကိုယ်တန်ဖိုးထားလေးစားလာစေသည်။ဥပမာဟန်ဂေရီနိုင်ငံတွင်se condary

ကျောင်းသားများကိုတာဝန်ပေးကာစေခိုင်းလေ့ရှိသည်။ဤသို့ဖြင့်ကျောင်းတွင်ရောပြည်သူ့စာကြည့်တိုက်များတွင်ပါအလုပ်လုပ်စေနိုင်သည်။

၃၊၈ -ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများ

စေတနာ့ဝန်ထမ်းလုပ်အားပေးများအပါအဝင်ကျောင်းစာကြည့်တိုက်များတွင်အလုပ်လုပ်သူများသည်အခြားသူများနှင့်ဆက်ဆံရာတွင်ကျင့်ဝတ်ဆိုင်ရာ စံနှုန်း အမြင့်ဆုံး ထားရှိရန် တာဝန်ရှိပါသည်။ ကိုယ်ကျိုးကိုပဓာနမထားဘဲ စာကြည့်တိုက်အသုံးပြုသူများ၏ အခွင့်အရေး အပြည့်အဝ ပေးနိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ စာကြည့်တိုက် လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် ကိုယ်ပိုင်သဘောထားယုံကြည်ချက်များ၊ ဘက်လိုက်မှုများကို လုံးဝ လုံးဝ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ကျောင်းစာကြည့်တိုက်အတွင်း ရှိ ကလေးသူငယ်များ၊ လူငယ်များ၊ လူကြီး များအားလုံးကို တန်းတူညီမျှဆက်ဆံနိုင်ရမည်။ သူတို့၏ ကိုယ်ပိုင် အခွင့်အရေးနှင့် သိရှိလိုသည်များကို ပံ့ပိုးပေးရမည်၊ ၎င်းစာကြည့်တိုက် အသုံးပြုသူတို့၏ အခွင့်အရေး ကို အမြဲ ထိန်းသိမ်းစောင့်ရှောက်နိုင်ရမည်။

လုပ်အားပေးများအပါအဝင်ကျောင်းစာကြည့်တိုက်များတွင်အလုပ်လုပ်သူများသည်စာကြည့်တိုက်၏အဓိကတန်ဖိုးကိုပံ့ဖော်ပေးရန်တာဝန်ရှိကြသည်။စာဖတ်ခြင်း နှင့် လေ့လာခြင်း၊ ဗဟုသုတရှာဖွေရန်နှင့်သတင်းအချက်အလက်ရယူရန် ကျင့်ဝတ်၊လုပ်ငန်း၊အသိဉာဏ်ဆိုင်ရာလွတ်လပ်ခွင့်၊ ဆင်ခြင်မှု ၊မူဝါဒ၊များကို လုပ်ကိုင်ဖော်ဆောင်ရာတွင် IFLA ၏ Universal Declaration of Human Riaghtsအပိုဒ် 19 ဖြင့်ပံ့ဖော်ထားသည်။

အသုံးဝင်သောအရင်းအမြစ်များ


American Library Association .(2010).

ALA/AASL Standards for initial preparation of school libraries,.Retrieved from www.Ala.org/aasl/education/ncate

CLEMI: Centre de liaison de l’enseignement et des me’diasd’information. (2013).

Preparation pour un ref’eretirlenseignantene’ducation aux me’dias[Proposal for a repository in teaching media literacy] [ pdf enligne].

Retrieved from 31

www.clemi.org/fichier/plug_download/29480/download_fichier_fr_referentiel_clemi_version2
pdfConseil supérieur de l'éducation aux médias. (2013). Les compétencesenéducation aux medias: Un enjeuéducatifmajeur [Media literacy skills: A major educational challenge]. Belgique: CSEM.

Gorman, M. (2000).Our enduring values: Librarianship in the 21st century. Chicago: American Library Association.

International Federation of Library Associations.(2012). Professional Codes of Ethics for Librarians.Retrieved from www.ifla.org/faife/professional-codes-of-ethics-for-librarians

International Federation of Library Associations.(2015). Indigenous Matters Special Interest Group.www.ifla.org/indigenous-matters

International Federation of Library Associations.(2015). Lesbian, Gay, Bisexual, Transgender and Queer/Questioning Users Special Interest Group.Retrieved from www.ifla.org/lgbtq

International Federation of Library Associations.(2015). IFLA/UNESCO Multicultural Library Manifesto.Retrieved from www.ifla.org/node/8976

Markless, S. (Ed.). (2009). The innovative school librarian: Thinking outside the box. London: Facet Publishing. [See Chapters 1 & 2, pp. 1-46.]

Ministère de l'éducationnationale.(2013). Référentiel de compétences des enseignants [Competency framework for teachers].Bulletinofficiel de l'éducationnationale, n°30, 25/07/2013.

National Forum on Information Literacy.(2014). Policy statement on the importance of certified school librarians.Retrieved from http://infolit.org/nfil-policy-statement-school-librarians

Simpson, C. (2003). Ethics in school librarianship: A reader. Worthington, OH: Linworth.

Wilson, C., Grizzle, A., Tuazon, R., Akyempong, K., & Cheung, C.K. (2012).Education aux médias et àl'information: programme de formation pour les enseignants [Media education and information: A training program for teachers]. Paris: UNESCO.

## အခန်း(၄) ကျောင်းစာကြည့်တိုက်တစ်ခု၏ ရုပ်ပိုင်းနှင့် ဒစ်ဂျစ်တယ် ဆိုင်ရာ အရင်းအမြစ်များ

စာကြည့်တိုက်ဝန်ထမ်း သည် စာအုပ်များ၊ အခြား အရင်းအမြစ်များ ကို အသုံးပြုရာတွင် ဝတ္ထုမှ စ၍ မှတ်တမ်းများအထိ၊ စာရွက်စာတမ်းပုံစံမှသည် အီလက်ထရောနစ် စုဆောင်းမှု ပုံစံများ အဖြစ်သုံးနိုင်အောင် ပံ့ပိုးပေးကြရသည်။ ဤကဲ့သို့ စုဆောင်းထားမှသာ ကျောင်းစာကြည့်တိုက်တစ်ခု စုဆောင်းထားမှုသည် ရုပ်ပိုင်းနှင့် ဒစ်ဂျစ်တယ် ဆိုင်ရာ အရင်းအမြစ်များ ပြည့်စုံလုံလောက်သည်ဟု ဆိုနိုင်သည်။

### ၄၊၁ -နိဒါန်း

ကျောင်းစာကြည့်တိုက်တစ်ခု၏ ရုပ်ပိုင်းနှင့် ဒစ်ဂျစ်တယ် ဆိုင်ရာ အရင်းအမြစ်များတွင် သင်ကြားရေးအတွက် စာအုပ်စာတမ်း ပစ္စည်းများ၊ ပစ္စည်းကိရိယာတန်ဆာပလာများ နှင့် အရင်းအမြစ်များစုဆောင်းမှုတို့ ပါဝင်သည်။ နည်းပညာအသုံးပြုမှု ကျယ်ပြန့်လာမှုသည် ကျောင်းစာကြည့်တိုက်၏ စုဆောင်းမှုများကို ပို၍ တိုးမြှင့်စေသည်။ စာကြည့်တိုက် အရင်းအမြစ်များကို အသုံးပြုရာတွင်24/7 အချိန်တိုင်းတွင် အသုံးပြုနိုင်စေရန်(တစ်ရက် ၂၄ နာရီ တစ်ပတ် ၇ရက်) (မည်သည့်အချိန်၊ မည်သည့်နေ့တွင်မဆို ) ၊ကျောင်းတွင်း၌သာမက ကျောင်းပြင်ပ ၊ ကျောင်းဖွင့်ရက်သာမက ကျောင်းဖွင့်ရာသီ ပြင်ပတွင်ပါ လွယ်ကူအဆင်ပြေ အသုံးပြုနိုင်အောင် နည်းပညာများဖြင့် ပံ့ပိုးပေးနိုင်သည်။ ဤကဲ့သို့ နည်းပညာများဖြင့် ပံ့ပိုးပေးနိုင်ခြင်းသည် ကျောင်းသားနှင့် ဆရာများအကြား သင်ကြားရေးနှင့် လေ့လာရေးအတွက်ပိုမို ပံ့ပိုးပေးနိုင်ရန် စုဆောင်းမှုများကို ပုံစံ ပြောင်းလဲရန် အဖြေလည်းဖြစ်သည်။

## ၄၊၂ -အထောက်အပံ့ ပစ္စည်းများ

ကျောင်းဆောင်အသစ် ဆောက်လုပ်မှုများတွင်ငှင်း၊ လက်ရှိ အဆောက်အဦကို ပြန်လည်ပြုပြင်မွမ်းမံရာတွင်လည်းကောင်း ကျောင်းစာကြည့်တိုက်များ၏ လုပ်ငန်းတာဝန် အသုံးဝင်မှုများသည် အဓိက အရေးကြီးသော အပိုင်းများဖြစ်ကြသည်။ ကျောင်းစာကြည့်တိုက်များ၏ ပညာရေး အဆင့် အတန်းသည် ၎င်း၏ ပံ့ပိုးပေးသော အထောက်အပံ့ပစ္စည်း ကို ရောင်ပြန်ဟပ်နေသည်။ ယနေ့ခေတ်တွင် ကျောင်းစာကြည့်တိုက်အများစုသည် အများပြည်သူလေ့လာရေးဆိုင်ရာနေရာများတွင် ယဉ်ကျေးမှု ဝင်ရောက်ခြင်းအနေဖြင့်၎င်း သတင်းအချက်အလက်များကို ရယူနိုင်သော နေရာများအဖြစ်၎င်း ပုံစံချလာကြသည်။ ထိုနေရာများသည် သတင်းအချက်အလက်များထုတ်ယူသုံးစွဲနိုင်သော နေရာများဖြစ်ကြပြီး ရိုးရာ သင်ကြားရေးပုံစံ နှင့် လေ့လာမှု နေရာများအဖြစ်လည်း အသုံးပြုလာကြသည်။

### ၄၊၂၊၁ -တည်နေရာနှင့် အကျယ်အဝန်း

ကျောင်းစာကြည့်တိုက်ဆောက်လုပ်မှုအတွက် စံသတ်မှတ်ချက် အနေဖြင့် မထားရှိသော်လည်း ၎င်းထဲတွင် ထားရှိမည့် သိုလှောင်ပစ္စည်းများ၏ အနေအထားကို လိုက်၍စီမံထားကြရသည်။ ယေဘုယျအားဖြင့်- စာကြည့်တိုက်များကို အရင်းအမြစ် ထားရှိရာ နေရာမှ သင်ကြားမှု ဗဟိုပြု စံပုံစံ အဖြစ်သို့ ပြောင်းလဲရမည်။ ကျောင်းနှင့် ပညာရပ်ဆိုင်ရာစာကြည့်တိုက်များသည် ယေဘုယျအားဖြင့် ဘုံသင်ကြားမှု

ပုံစံများ အဖြစ် တည်ဆောက်လေ့ရှိသည်။ အောက်ပါအချက်တို့ကို စာကြည့်တိုက်ပစ္စည်းများ စီမံခန့်ခွဲရာတွင် ထည့်သွင်းစဉ်းစားရမည်။-

- အချက်အချာကျသောနေရာတွင်တည်ဆောက်ထားရမည်ဖြစ်ပြီးဖြစ်နိုင်လျှင်မြေညီထပ်တွင်တည်ရှိရမည်။
- သင်ကြားရေးဧရိယာများနှင့်ကပ်လျက်တည်ရှိခြင်း၊အနီးအပါး၌ထိစပ်နေခြင်း။
- စာကြည့်တိုက်၏အချို့နေရာများကိုဆူညံမှုအနည်းဆုံးဖြစ်အောင်၊ပြင်ပဆူညံမှုမဝင်အောင်စီမံထားရှိခြင်း။
- သင့်တင့်လျှောက်ပတ်လုံလောက်သော သဘာဝအလင်းရောင်၊ သို့မဟုတ် လျှပ်စစ်မီး ရနိုင်ခြင်း။
- သင့်တင့်လျှောက်ပတ်လုံလောက်သော အခန်းအပူချိန်၌ထားရှိခြင်း( စာပေပစ္စည်းများအား နှစ်ကာလ ကြာရှည်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်)။
- စာကြည့်တိုက်အသုံးပြုသူများအတွက် လိုအပ်သော အထူးဝန်ဆောင်မှု၊ လုပ်ဆောင်ချက်များကို ပံ့ပိုးနိုင်ရန် ဒီဇိုင်းဆောက်လုပ်ထားခြင်း။
- စုဆောင်းစာအုပ်စာတမ်းများ၊ သတင်းစာ၊ စာနယ်ဇင်း၊ ဝတ္ထု၊ ဝတ္ထုမဟုတ်သောစာအုပ်များ၊ မဂ္ဂဇင်းများ၊ ပုံနှိပ်မဟုတ်သော စာပေပစ္စည်းများ၊ စာဖတ်ရန်နေရာများ၊ အလုပ်စားပွဲများ၊ကွန်ပျူတာများ၊ စာအုပ်စာပေ ခင်းကျင်းပြသရန်နေရာ၊ စာကြည့်တိုက်ဝန်ထမ်းများ အလုပ်လုပ်ရန် နေရာ စသည် တို့အတွက် လုံလောက်သော အကျယ်အဝန်းရှိခြင်း။
- ပြပွဲများစွာပြုလုပ်ရန်အတွက်လည်းကောင်း၊နောင်တွင်ပြောင်းလဲမည့်သင်ရိုးများနှင့်နည်းပညာများစုဆောင်းမှုများအတွက်လည်းကောင်းပြောင်းလွယ်ပြင်လွယ်ရှိသောတည်ဆောက်မှုဖြစ်ရမည်။

### ၄.၂.၂ -နေရာအကျယ်အဝန်း ဖွဲ့စည်းထားပုံ

အောက်ပါ အချက်များကို ပံ့ပိုးပေးထားရမည်-

- လေ့လာရန်နှင့်သုတေသနပြုရန်နေရာ (မေးမြန်းစုံစမ်းရန်စားပွဲနေရာ၊စာအုပ်စာရင်းကတ်တလောက်များထားရှိရာနေရာ၊ on-line source များထားရှိရာနေရာ၊လေ့လာရေးနှင့်သုတေသနပြုရာစားပွဲများ၊ရည်ညွှန်းပစ္စည်းများထားရှိရာနေရာနှင့်အခြေခံပစ္စည်းများထားရှိရာနေရာ)စသည်ဖြင့်။
- ရိုးရိုးစာဖတ်ရန်နေရာ(ပျော်ရွှင်မှုအတွက်၊ဘဝတစ်သက်တာအတွက်လေ့လာမှု၊စာတတ်မြောက်မှုကိုအားပေးသောစာအုပ်နှင့်စာနယ်ဇင်းများ) ။
- ပညာပေးစာအုပ်များထားရှိရာနေရာ(အုပ်စုအဖွဲ့ငယ်များ၊အဖွဲ့လိုက်လုပ်ဆောင်ရသောကျောင်းသင်ခန်းစာများလုပ်ဆောင်ရန်ခုံများစီစဉ်ထားရှိပြီး၊အနည်းဆုံးကျောင်းရှိစုစုပေါင်းကျောင်းသားဦးရေ၏၁၀% အတွက်ခုံများစီစဉ်ထားရန်လိုသည်)။
- အုပ်စုလိုက်ပရောဂျက်လုပ်ဆောင်ခြင်းများအတွက်နေရာစီစဉ်ပေးထားခြင်း( တစ်ဦးချင်းအတွက်၄င်း၊အုပ်စုလိုက်အတွက်၄င်း၊အတန်းလိုက်အတွက်၄င်း)၊တစ်ခါတစ်ရံတွင်ဓာတ်ခွဲခန်း၊လက်တွေ့စမ်းသပ်ခန်းစသဖြင့်ခေါ်ကြသည်။
- စီမံခန့်ခွဲရေးဧရိယာ( စာငှားစားပွဲ၊ရုံးခန်းဧရိယာ၊စာကြည့်တိုက်၏မီဒီယာပစ္စည်းများထားရှိသောနေရာ၊စာကြည့်တိုက်သုံးကိရိယာများသိုလှောင်ခန်း၊ပစ္စည်းပစ္စယများထားရှိခန်း )။

## ၄.၂.၃ -ရုပ်ပိုင်းနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ရရှိနိုင်မှုများ

စာကြည့်တိုက်၏ ရုပ်ပိုင်းနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ရရှိနိုင်မှုများ သည် အမြင့်ဆုံးအခြေအနေတွင် အမြဲရှိနေသင့်သည်။ စာကြည့်တိုက်၏ဒစ်ဂျစ်တယ်ဆိုင်ရာ ပစ္စည်း များကိုနည်းပညာဖြင့် ပံ့ပိုးပေးရာတွင် ကျောင်းနှင့် ကျောင်းအသိုင်းအဝန်းကို တစ်ရက်လျှင် ၂၄ နာရီ၊ တပတ်လျှင် ၇ရက်နှုန်းဖြင့် ပံ့ပိုးပေးနိုင်နေရမည်။ကြီးကြပ်အုပ်ချုပ်သောဝန်ထမ်းအရေအတွက်မှာကန့်သတ်မှုထားရှိသော်လည်း လေ့ကျင့်သင်ကြားထားသော ကျောင်းသားများနှင့် အပျော်တမ်း စာကြည့်တိုက်ဝန်ထမ်းများ ခန့်ထားသင့်သည်။

## ၄.၃ -ရှာဖွေစုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း

ကျောင်းစာကြည့်တိုက်သည်အသုံးပြုသူများ၏လိုအပ်ချက်များ၊အသုံးပြုသူများ၏အသက်အရွယ်၊ဘာသာစကား၊ဒေသန္တရဆိုင်ရာအချက်အလက်လိုအပ်ချက်များကို ကျယ်ပြန့်စွာ ပံ့ပိုးပေးနိုင်ရန် လိုအပ်ပါသည်။ စာကြည့်တိုက်၏ စုဆောင်းထားမှုများသည် အသုံးပြုသူများ၏ ပြောင်းလဲ တိုးတက်မှုနှင့် အတူ လိုက်ပါ ပြောင်းလဲ တိုးတက်မှု ရှိနေစေရမည်။ စုဆောင်းထားရှိမှုများကို စီမံခန့်ခွဲသော မူဝါဒ ပြဋ္ဌာန်းချက်များအရ စာကြည့်တိုက်ရှိ စုဆောင်းမှုများ၊ ဒီဂျစ်တယ် အရင်းအမြစ်များ၏ ရည်ရွယ်ချက်၊ နယ်ပယ်၊ နှင့် ပါဝင်သည့်အကြောင်းအရာများသည် လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်သည့် အဆင့်မြင့် စုဆောင်းမှုများဖြစ်နေရမည်။ ဒစ်ဂျစ်တယ်အရင်းအမြစ်များ ( အီလက်ထရောနစ်စာအုပ်များ၊ ရည်ညွှန်းစာအုပ်များ၊ ဝတ္ထု၊ ဝတ္ထုမဟုတ်သော စာအုပ်များ၊ ကွန်ပျူတာထဲတွင် အသင့်သုံးနိုင်ရန် ထည့်သွင်းပြီး အချက်အလက်များ၊ သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂိမ်းများ၊ သင်ကြားရေး ထောက်ကူပြု ပစ္စည်းများ )တိုးပွားလာသည်နှင့်အမျှ စာကြည့်တိုက်၏ အရင်းအမြစ်များလည်း တိုးပွားလာမည် ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များအတွက် ပစ္စည်းများစုဆောင်းရာတွင်ကျောင်းသားများ၏ လိုအပ်ချက်၊ စာကြည့်တိုက်၊ ဆရာများလိုအပ်ချက်များပါ ရှာဖွေ စုဆောင်းထားရန် လိုသည်။ ထိုစုဆောင်းထားမှုများ( ပညာရေးအတွက် ပစ္စည်းများ၊ ဘာသာရပ်သင် ကြားရေးအတွက် လိုအပ်သော စာအုပ် စာတမ်းများ၊ သင်ကြားနည်းစနစ်အသစ်များနှင့် နည်းလမ်းများ )ကို အုပ်ထိန်းသူမိဘများထံသို့ အကြောင်းကြား ရမည်။ ဥပမာ- အီတလီနိုင်ငံ ရှမ်းမြို့တွင် မူလတန်းကျောင်းစာကြည့်တိုက်များ သည် မိဘများအတွက် စာအုပ်စင် ထားရှိပြီး ၎င်းစင်ပေါ်တွင် ကလေးစိတ်ပညာရပ်ဆိုင်ရာများ၊ ပညာရေး၊ နှင့် ကလေးသူငယ်တို့၏ အကြောက်တရား၊ ကိုယ့်ကိုကိုယ် အထင်ကြီးလေးစားလိုစိတ် စသဖြင့်အခြားခေါင်းစဉ် စာအုပ်များကို လည်း ထားရှိပေးထားသည်။

### ၄.၃.၁ -ရှာဖွေစုဆောင်းခြင်းအတွက် စီမံခန့်ခွဲခြင်းဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ

ကျောင်း၏ စီမံခန့်ခွဲသူများ၊ ဆရာဆရာမများနှင့်အတူ လုပ်ကိုင်ရသော ကျောင်းစာကြည့်တိုက်မှူး တစ်ဦးသည် မူဝါဒနှင့် အညီ စာစုရန် လိုအပ်သည်။ ဤကဲ့သို့ မူဝါဒထုတ်ပြန်ချက်များကို ကျောင်းပြင်ပ နှင့် ကျောင်းတွင်း သင်ရိုးညွှန်းတမ်းနှင့် သီးသန့် လိုအပ်ချက်များ၊ စိတ်ဝင်စားမှုများ ပေါ်တွင် အခြေခံပြီး ရေးဆွဲရသည်။

အောက်ပါအချက်များသည် မူဝါဒထုတ်ပြန်ချက်ရေးဆွဲရာတွင် ပါဝင်သင့်သော အချက်များဖြစ်သည်။

- ကျောင်းစာကြည့်တိုက်၏တာဝန်သည် IFLA/UNESCO School Library Manifesto နှင့်တသမတ်တည်းကိုက်ညီနေရမည်။
- မူဝါဒထုတ်ပြန်ချက်များသည် ဉာဏပစ္စည်း လွတ်လပ်ခွင့် ၊ သတင်းလွတ်လပ်ခွင့် ရှိရမည်။
- စုဆောင်းမှုအတွက် စီမံခန့်ခွဲမှု မူဝါဒ၏ရည်ရွယ်ချက်နှင့်ဆက်နွယ်နေသော သင်ရိုးညွှန်းတမ်းများ၊အသုံးပြုသူများ၏ အမျိုးသားရေး၊ ကျင့်ဝတ်၊ ယဉ်ကျေးမှု၊ ဘာသာစကား နှင့်ထင်ရှားသော ကိုယ်ပိုင်လက္ခဏာရပ်များကို လည်း ထဲ့သွင်းသင့်သည်။
- အရင်းအမြစ် ထောက်ပံ့မှု၏ ရေတိုရေရှည် ရည်မှန်းချက်များ လည်း ပါဝင်သင့်သည်။
- စုဆောင်းမှု စီမံခန့်ခွဲရေး ဆုံးဖြတ် ရန် တာဝန် လည်း ပါဝင်သင့်သည်။

စုဆောင်းမှုများသည် စုပေါင်းအင်အားဖြင့် ကျောင်းသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် မူဝါဒ ချမှတ်ထားသည်ဆိုသော အချက်ကိုရှင်းရှင်းလင်း ဖြစ်စေရုံသာမက ထိုသို့ စုဆောင်းမှုသည် အရေးကြီးသော အဆင့်ဖြစ်ကြောင်း ကိုပါ သိသာစေသည်။ မူဝါဒသည် အရင်းအမြစ်များ ပြန်လည်တည်ဆောက်ခြင်းအတွက် နည်းလမ်းဖြစ်ပြီး ဉာဏပစ္စည်း လွတ်လပ်ခွင့်စည်းမျဉ်းများနှင့် ဟန်ချက်ညီညီ ရှိနေရမည်ဖြစ်ပြီး ကလေးသူငယ်များ၏ အခွင့်အရေးကိုလည်း အကောင်အထည် ဖော်ဆောင်နိုင်ရမည်။ ထိုမူဝါဒသည် စာကြည့်တိုက်မှူးအတွက် စာကြည့်တိုက်ပစ္စည်းအရင်းအမြစ်များ လိုအပ်ချက် ရှိမရှိကို စိစစ်နိုင်သော တွန်းအားများကို ပေးစွမ်းနိုင်အောင်လည်း ရေးဆွဲထားသင့်သည်။ စာကြည့်တိုက်စုဆောင်းမှု ဖွံ့ဖြိုးတိုးတက်စေရန် နှင့် စီမံခန့်ခွဲမှု အဆင်ပြေစေရန် မူဝါဒ နည်းလမ်းများကို ရေးဆွဲရာတွင် ရှင်းလင်းစွာ ဖော်ပြရေးဆွဲထားသင့်ပြ္ပီး၊ အခန်းလိုက် သို့မဟုတ် နောက်ဆက်တွဲ အနေနှင့်လည်းထည့်သွင်း ဖော်ပြသင့်သည်။ စာအုပ်စာပေ ရွေးချယ်ဝယ်ယူခြင်း၊

စာကြည့်တိုက်စုဆောင်းမှုများကို ရွေးချယ်ခြင်း၊ စာကြည့်တိုက်လုပ်ငန်းစဉ်များဖြစ်သော ကတ်တလောက်ရေးသွင်းခြင်း၊ ဘာသာရပ် အမျိုးအစားခွဲခြားခြင်း၊ စင်တင်ခြင်း၊ တို့ကို ပံ့ပိုးပေးရန်၊ ထိန်းသိမ်းပြုပြင်ရန်၊ မလိုသည်များကို ရှင်းလင်းဖယ်ရှားရန် စာကြည့်တိုက် လုပ်ထုံးလုပ်နည်း စာအုပ်က လမ်းညွှန်ပေးသင့်သည်။ ထိုစာအုပ်တွင် စာအုပ်စာပေ အရင်းအမြစ်များကို ပြည်တွင်း၊ ဒေသတွင်း၊ နိုင်ငံတွင်း ဒေသတွင်းမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း ရယူစုစောင်းရာတွင် ကျောင်းပတ်ဝန်းကျင်အဝန်းရှိ သူများ၏ အမျိုးသားရေး၊ တိုင်းရင်းသားအရေး၊ ယဉ်ကျေးမှု၊ ဘာသာစကား နှင့် ရိုးရာ လက္ခဏာများကို ထင်ဟပ်စေသော စုဆောင်းမှုများဖြစ်အောင် လမ်းညွှန်ချက်များပါဝင်သင့်သည်။ ၎င်းတွင် အငြင်းပွားဖွယ်ရာ အရာများအတွက် ပြန်လည်သုံးသပ်စဉ်းစားရန်လည်း ရှင်းလင်းသော လမ်းညွှန်ချက်များ ပါဝင်သည်။ ဥပမာ- ပြင်သစ်နိုင်ငံတွင် ကျောင်းစာကြည့်တိုက်မှူးသည် စာစု မူဝါဒအတွက် ကျောင်းအသိုက်အဝန်းအတွင်း ဆွေးနွေးမှုလုပ်ရမည်ဖြစ်ပြီး ၎င်းမူဝါဒသည်လည်းကျောင်း၏ ပြဋ္ဌာန်းသင်ရိုး နှင့် ညွှန်ကြားချက်များနှင့် ဆက်စပ်မှု ရှိနေရမည်။ (အကြမ်းဖျင်းဖော်ပြချက် ၁၀ ချက်တွင် ပါဝင်ပြီး) [www.cndp.fr/savoirscdi/centre-de-ressources/fonds-documentarie-acquisition-traitement/les-10-commanderments-dune-politique-dacquisition.html](www.cndp.fr/savoirscdi/centre-de-ressources/fonds-documentarie-acquisition-traitement/les-10-commanderments-dune-politique-dacquisition.html)

## ၄.၃.၂ -ဒစ်ဂျစ်တယ်အရင်းအမြစ်နှင့် ပက်သက်သော ပြဿနာများ

ကျောင်းစာကြည့်တိုက်သည်သတင်းအချက်အလက်အခြေခံသောလူမှုအဖွဲ့အစည်းအတွက်အရေးပါသောနေရာတစ်ခုဖြစ်သည်။စာကြည့်တိုက်အသုံးပြုသူများ၏စိတ်ဝင်စားမှုနှင့်ယဉ်ကျေးမှု၊ကျောင်း၏သင်ရိုးပြဋ္ဌာန်းချက်များကိုလိုက်၍ရှာဖွေလိုသည်များကိုအမြန်ဆုံးရရှိနိုင်အောင်ဆောင်ရွက်နိုင်ရမည်။ဆိုရှယ်မီဒီယာမှပေါ်ထွက်လာသောယဉ်ကျေးမှုသည်ကျောင်းစာကြည့်တိုက်အသုံးပြုသူများကိုသတင်းအချက်အလက်ရှာဖွေသူမှနောင်တွင်သတင်းအချက်အလက်ဖန်တီးရှင်အခြေအနေသို့ရောက်ရှိအောင်တိုးချဲ့တွန်းအားပေးနေသည်။ရလဒ်အနေဖြင့်ကျောင်းစာကြည့်တိုက်မှူးများသည်စမ်းသပ်မှုများပြုလုပ်ခြင်း၊ပူးပေါင်းဆောင်ရွက်ခြင်း၊သင်ကြားလေ့လာခြင်း၊အသိပညာမျှဝေခြင်းတို့ဖြင့်သတင်းအချက်အလက်အခြေခံသောထုတ်ကုန်ပစ္စည်းများ (ဗွီဒီယို၊ blog များ၊ podcast များ၊3D Project များ၊ပိုစတာများနှင့်

infographicsအတွက်လိုအပ်သောစက်ပစ္စည်းများ၊အခြားကိရိယာများကိုပံ့ပိုးပေးနိုင်ရန်စဉ်းစားသုံးသပ်နိုင်ရန်လိုအပ်သည်။စာကြည့်တိုက်၏စဉ်ဆက်မပြတ်တိုးပွားလာနိုင်သောဒစ်ဂျစ်တယ်အရင်းအမြစ်များ၊စာအုပ်စာတမ်းများကိုသေချာစွာစိစစ်ခွဲခြားမျိုးတူစုခြင်းများ၊ကတ်တလောက်ပြုစုခြင်းများ၊ကိုအများလက်ခံအသုံးပြုနေသောစံပုံစံ(အပြည်ပြည်ဆိုင်ရာပုံစံသို့မဟုတ်အမျိုးသားစာစုစာရင်းပုံစံ)ဖြင့်ပြုစုထားမှသာလျှင်ကျောင်းစာကြည့်တိုက်များကွန်ရက်တွင်ပါဝင်နိုင်မှုချောမွေ့စေနိုင်မည်ဖြစ်သည်။ကမ္ဘာပေါ် ရှိနေရာအများစုတွင်ကျောင်းစာကြည့်တိုက်များသည်ထိုကဲ့သို့ကွန်ရက်ချိတ်ဆက်ထားသဖြင့်အကျိုးကျေးဇူးများစွာရရှိနေကြသည်။ဤကဲ့သို့ပူးပေါင်းဆောင်ရွက်မှုဖြင့်အရင်းအမြစ်များတိုးပွားလာနိုင်ပြီး၊ထိုအရင်းအမြစ်များပေါင်းစုခြင်းဖြင့်စာကြည့်တိုက်လုပ်ငန်းစဉ်များကိုပိုမိုလွယ်ကူစေခြင်းစသောအမြင့်ဆုံးသောအကျိုးတရားကိုရရှိစေနိုင်သည်။အခြားတစ်ဘက်တွင်မူဤကဲ့သို့မဟာမိတ်ပြုထားခြင်းသို့မဟုတ်အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းထားခြင်းဖြင့်ကုန်သွယ်မှုဆိုင်ရာအချက်အလက်များနှင့် online ရည်ညွှန်းပစ္စည်းများကိုအရင်းအမြစ်မျှဝေမှုပြုရာတွင်ပိုမိုလွယ်ကူချောမွေ့စေနိုင်သည်။ဥပမာ-ကနေဒါနိုင်ငံအယ်လ်ဘာတာမြို့တွင်ဒေသတွင်းရှိကျောင်းသားအားလုံးနှင့်ဆရာမများကိုOnline Reference Center များမှတဆင့် online information resources များကိုအင်္ဂလိပ်နှင့်ပြင်သစ်ဘာသာတို့ဖြင့်ပံ့ပိုးပေးရန်ပညာရေးဝန်ကြီးဌာနမှငွေကြေးပြည့်ဝစွာထောက်ပံ့ပေးထားသည်။www.learnalberta.ca/OnlineReferenceCenter.aspx.

ဥပမာ- ပြင်သစ်နိုင်ငံတွင်ဒစ်ဂျစ်တယ်အရင်းအမြစ်များကိုအသုံးပြုရန်ကျောင်းသားများကို Correlyce platform က editorial and indexed resources ၃၀၀ကျော်ဖြင့်ပံ့ပိုးပေးထားသည်။www.correlyce.fr

ဒစ်ဂျစ်တယ်စုဆောင်းမှုများကိုစီမံခန့်ခွဲမှုအနေဖြင့်ပုံနှိပ်များကိုခန့်ခွဲမှုများနှင့်အတူတူပင်ဖြစ်သော်ငြားအောက်ပါအထူးစဉ်းစားဆင်ခြင်စဉ်းစားစရာအချက်အချို့ရှိနေသည်-

- အသုံးပြုမှု-
  ဒစ်ဂျစ်တယ်အမျိုးအစားကပုံနှိပ်ထက်စာရင်အသုံးပြုနိုင်မှု၊အသုံးပြုနိုင်တဲ့အခွင့်အရေးကပိုအားလျော့နေလား။ပိုတိုးတက်နေလား။

- ကျသင့်ငွေနှင့်နည်းပညာပြဿနာများ- ယခုအချိန်မှာလိုင်စင်ကြေးတွေ၊ format ပုံစံအသစ်တွေပြောင်းလဲရခြင်းရဲ့ကုန်ကျစရိတ်၊ဒစ်ဂျစ်တယ်စနစ်ရဲ့ကုန်ကျစရိတ်ကရေရှည်မှာပိုမြင့်လာမလား။
- တရားဥပဒေအရလိုင်စင်လျှောက်ထားမှုပြဿနာများ- ဒစ်ဂျစ်တယ်အမျိုးအစားတွေရဲ့လိုင်စင်ကြေး၊မူပိုင်ခွင့်ဥပဒေများကအသုံးပြုသူ user ဦးရေအလိုက်သော်လည်းကောင်း၊off-site သုံးနိုင်မှု၊သို့မဟုတ်အသုံးပြုသူ၏လွတ်လပ်ခွင့်တို့ကိုကန့်သတ်ချက်ရှိနေနိုင်မလား။
- လုံခြုံရေးအကာအကွယ်ပေးမှု-အရင်းအမြစ်တို့ကိုရယူမှုကိုဘယ်လိုကာကွယ်ပေးထားနိုင်သလဲ။

### ၄၊၃၊၃ -ရှာဖွေစုဆောင်းခြင်းဆိုင်ရာ စံနှုန်းများ

ယနေ့ခေတ်ကျောင်းစာကြည့်တိုက်များ၏စုဆောင်းမှုများသည်ဒစ်ဂျစ်တယ်အရင်းအမြစ်များများပြားလာနေပြီးပြင်ပအချက်အလက်များ၊လိုင်စင်ရှိသောရည်ညွှန်းပစ္စည်းများမှရနိုင်ပြီးသာမာန်ကျောင်းစာကြည့်တိုက်များ၏စုဆောင်းမှုအဆင့်သည်ဖွံ့ဖြိုးတိုးတက်ရန်၊အသုံးချရန်ခဲယဉ်းသည်ကိုတွေ့ရသည်။နိုင်ငံတော်အဆင့်သို့မဟုတ်ဒေသဆိုင်ရာအဆင့်တွင်ပင်ယင်းသို့စုဆောင်းမှုများကိုအဆင့်မြှင့်တင်ရန်ဆုံးဖြတ်ချက်များသည်ကျောင်းစာသင်ရိုးညွှန်းတမ်းလိုအပ်ချက်များ၊သင်ကြားမှုချဉ်းကပ်ချက်များပေါ်တွင်အခြေခံပြီးစုဆောင်းမှုရှိနေသင့်သည်။စုဆောင်းမှုများသည်အသုံးပြုသူများ၏အသက်အရွယ်၊အရည်အချင်း၊သက်ဆိုင်ရာသင်ကြားမှုပုံစံ၊နှင့်ရာဇဝင်များနှင့်ဆက်စပ်မှု၊မျှတမှုရှိသင့်ပြီးခေတ်ကိုအမီလိုက်နေရမည်။ထိုစုဆောင်းမှုများသည်သင်ရိုးညွှန်းတမ်းများကိုလည်းအထောက်အပံ့ပေးနိုင်ရမည်။ကျောင်းစာကြည့်တိုက်တစ်ခုသည်အသုံးပြုသူများအတွက်အပန်းပြေစေနိုင်သောအရာများဖြစ်သောထင်ရှားကျော်ကြားဝတ္ထုများ၊သီချင်းဂီတ၊ကွန်ပျူတာဂိမ်းများ၊ရုပ်ရှင်၊မဂ္ဂဇင်း၊ဟာသ၊ပိုစတာများအစရှိသည်တို့ကိုလည်းစုဆောင်းထားရှိပေးရန်လိုအပ်သည်။ကျောင်းသားများ၏စိတ်ဝင်စားမှု၊ယဉ်ကျေးမှုတို့ကိုထင်ဟပ်စေနိုင်သောအရာများကိုငင်းတို့နှင့်ပူးပေါင်း၍ရွေးချယ်စုဆောင်းသင့်သည်။ဥပမာအမေရိကန်နိုင်ငံတောင်ကယ်ရိုလိုင်းနားပညာရေးဌာနသည် 2012 တွင်စုဆောင်းမှုဖွံ့ဖြိုးတိုးတက်မှုစံနှုန်းများကို ထုတ်ပြန်ခဲ့ရာတွင်စုဆောင်းမှုကို စွန့်စားမှု 11၊အခြေခံ 13၊

စံနမူနာပြ15အဖြစ် သတ်မှတ်ခဲ့သည် ။ ဝတ္ထုနှင့် ဝတ္ထုမဟုတ်သောအရာများကို စုဆောင်းရာတွင် အဆင့်သတ်မှတ်ချက်အရင်း၊ တိကျသော စာပေစီမံချက်လိုအပ်ချက်များကြောင့်လည်းကောင်း ပြောင်းလဲသင့်သည်။

## ၄၊၃၊၄ -အရင်းအမြစ်များကို မျှဝေခြင်း

ကျောင်းစာကြည့်တိုက်များသည် စာကြည့်တိုက်အတွက် စာစုဆောင်းမှုများကို တိုးမြှင့်ရာတွင် အသုံးပြုသူများအတွက် စာကြည့်တိုက်အချင်းချင်းငှားရမ်းပေးခြင်း၊ အရင်းအမြစ် များမျှဝေပေးကြခြင်းဖြင့် အဆင့်မြှင့်ပေးသင့်သည်။ သို့သော်လည်း ဤသို့ ထောက်ပံ့ပေးခြင်းသည် စာကြည့်တိုက်အတော်များများ၏ ထုံးစံ လုပ်ငန်းမဟုတ်ကြပေ။ ဤသို့ စနစ်ဖြင့် လုပ်ဆောင်သော စာကြည့်တိုက်မှာ ရှားပါး လှသည်။ စာကြည့်တိုက်များအချင်းချင်း ပေါင်းစည်းကတ်တလောက် ကဲ့သို့သော ကွင်းဆက်ရှိနေလျှင် စာကြည့်တိုက်အချင်းချင်းငှားရမ်းပေးခြင်း၊ အရင်းအမြစ် များမျှဝေပေးကြခြင်း စနစ်သည် လုပ်ဆောင်ရန် ပြင်ဆင်ရန် လွယ်ကူလှသော အလုပ်ဖြစ်ပါသည်။ ဥပမာ- အီတလီနိုင်ငံ ဗီဆန်ဇာမြို့တွင် အထက်တန်းကျောင်း၂၆ ခု၏ စာကြည့်တိုက်များ၊ မူလတန်းနှင့် အငယ်တန်း စာကြည့်တိုက်၁၅ခု တို့ အချင်းချင်း ကွန်ရက်ချိတ်ဆက်ထားပြီး စုဆောင်းမှုများနှင့် ဆော့ဖ်ဝဲလ်ကို ဝေမျှ အသုံးပြုကြခြင်းဖြင့် ဤသို့ စာကြည့်တိုက်အချင်းချင်းငှားရမ်းပေးခြင်း စနစ်ကို အောင်မြင်စွာ အသုံးပြုနေကြသည်။

ဥပမာ- ပေါ်တူဂီနိုင်ငံတွင် ကျောင်းစာကြည့်တိုက်နှင့် ပြည်သူ့ စာကြည့်တိုက်များသည် ကွန်ရက်ချိတ်ဆက်ထားပြီး တူညီသော ကတ်တလောက်စနစ်နှင့် စက်အစားထိုး စာကြည့်တိုက်စနစ် ကို အသုံးပြုနေကြသည်။ [www.rbe.mew.pt/np4/home](www.rbe.mew.pt/np4/home)

ဥပမာ-

နယ်သာလန်နိုင်ငံနှင့်ဖလန်းဒါစ်ပြည်နယ်တို့တွင်စာကြည့်တိုက်ဟူသည်ကျောင်း၏အသည်းနှလုံးနေရာများပင်ဖြစ်သည်။ကျောင်းစာကြည့်တိုက်သည်ပြည့်စုံကုံလုံသော၊ကျစ်လစ်သိပ်သည်းသော၊ဗဟုသုတများခြုံငုံဝန်းရံထားသောနေရာဖြစ်ပြီးပညာရေးဆိုင်ရာအလုပ်များအတွက်လမ်းဆုံ(ကလေးသူငယ်များနှင့်မူလတန်းကလေးများအတွက်၊အားကစားရုံ) နေရာပင်ဖြစ်သည်။[www.bredschool.nl/home.html](www.bredschool.nl/home.html)

အသုံးဝင်သောအရင်းအမြစ်များ

Bon, I., Cranfield, A., & Latimer, K. (Eds.).(2011). Designing library space for children. Berlin/Munich: De Gruyter Saur. (IFLA Publications; Nr 154.)

Dewe, M. (2007). Ideas and designs: Creating the environment for the primary school library. Swindon, UK: School Library Association [UK].

Dubber, G., & Lemaire, K. (2007). Visionary spaces: Designing and planning a secondary school library. Swindon, UK: School Library Association [UK].

Durpaire, J-L.(2004). Politique d'acquisition in Les politiques documentaires des Etablissementsscolaires [The acquisition policy within a school's policy] (pp. 34-36). Paris: Inspection Generale de l'EducationNationale.

La Marca, S. (Ed). (2007). Rethink! Ideas for inspiring school library design. Carlton, Victoria, Australia: School Library Association of Victoria.

LandelijkSteunpunt Brede Scholen. (2013). Verschijningsvormen Brede Scholen 2013. [Examples of Community Schools 2013] (2nd ed.). Den Haag, Netherland: bredeschool.nl. Retrieved from www.bredeschool.nl/fileadmin/PDF/2013/2013-05-28_13_170_LSBS_gew_herdruk_brochure_Verschijningvormen_4.pdf

37 Latimer, K., &Niegaard, H. (2007). IFLA library building guidelines: Developments and reflections. Munich: K.G. Saur.

Loertscher, D., Koechlin, C., Zwann, S., & Rosenfield, E. (2011). The new learning commons: Where the learners win! (2nd ed.) Clearfield, UT: Learning Commons Press.

Marquardt, L. (2013). La bibliotecascolastica, ambiente e bene comune per l'apprendimento [school libraries, learning environments and commons]. In M. Vivarelli (Ed.). Lo spaziodellabiblioteca … [The Library Space …]. Milano: EditriceBibliografica. [See Chapter 4.6, pp. 299-334and case study pp. 400-401.]

Molina, J. &Ducournau, J. (2006).Les 10 commandementsd'une politique d'acquisition.[The 10 Commandments of an acquisition policy].Retrieved from [www.cndp.fr/savoirscdi/metier.html](www.cndp.fr/savoirscdi/metier.html)

OSLA (Ontario School Library Association). (2010). Together for learning: School libraries and the emergence of the learning commons. A vision for the 21st Century. Toronto, Canada: OSLA, 2010.

Retrieved from [www.accessola.com/data/6/rec_docs/677_olatogetherforlearning.pdf](www.accessola.com/data/6/rec_docs/677_olatogetherforlearning.pdf)

Pavey, S. (2014).Mobile technology and the school library. Swindon, UK: School Library Association [UK]

Preddy, L. B. (2013). School library makerspaces: Grades 6-12. Westport, CT: Libraries Unlimited.

South Carolina Department of Education.(2012). South Carolina standards for school library resource collections. Columbia: SCDE.

Retrieved from http://ed.sc.gov/agency/programsservices/36/documents/Standards_School_Library_Resource_Collections.pdf

## အခန်း(၅) ကျောင်းစာကြည့်တိုက် တစ်ခု၏ လုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များ

{{ကျောင်းစာကြည့်တိုက်သည်ပညာရေးနှင့်ပက်သက်သောလုပ်ငန်းစဉ်များအတွက်ပြည့်စုံစေရန်လိုအပ်သောနေရာဖြစ်သည်}} (ကျောင်းစာကြည့်တိုက်ကြေညာချက်)

### ၅၊၁ -နိဒါန်း

ကျောင်းစာကြည့်တိုက် တစ်ခု၏ တာဝန်ခံယူချက်ကို ဖြည့်ဆည်းနိုင်ရန်၊ ကျောင်းစာကြည့်တိုက်တစ်ခုသည် ပညာရေးနယ်ပယ်အတွင်း လုပ်ငန်းစဉ်များအတွက် ကောင်းမွန်သော သုတေသနအစီအစဉ်များ ဖြင့် တက်ကြွစွာ လုပ်ဆောင်ရမည်။ ကျောင်းစာကြည့်တိုက်၏ အစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများသည် ကျောင်း၏ ရည်မှန်းချက်များ နှင့် ပိုမို ကျယ်ပြန့်သော ပတ်ဝန်းကျင်များနှင့် ချိန်ညှိရ၍ ကမ္ဘာနှင့်အဝှမ်း ပြောင်းလဲနေကြရသည်။ (၃၊၅၊၄ -လူ့အသိုင်းအဝိုင်းတွင် ပါဝင်မှု ကို ကြည့်ပါ)

ကျောင်းစာကြည့်တိုက်၏ အစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပုံဖော်ရန် ပညာရပ်ဝေါဟာရ အသုံးပြုပုံသည်လည်း ကမ္ဘာတဝှမ်း မတူညီကြပေ။ ဥပမာအားဖြင့် စွမ်းရည်မြင့် စာဖတ်သူ၏ စိတ်ပါဝင်စားမှု ကို အမျိုးမျိုးပုံဖော်ခေါ်ဆိုကြရာတွင် စာဖတ်စွမ်းရည် မြှင့်တင်ခြင်း၊ ကျယ်ပြန့်စွာ ဖတ်ရှုခြင်း၊ လွတ်လပ်စွာဖတ်ရှုခြင်း ၊ အပျော်တမ်း စာဖတ်ခြင်း စသဖြင့် ခေါ်ဝေါ်ကြသော်လည်း အမှန်တွင် စာဖတ်ရန် စိတ်အရင်းခံ ရှိသူကသာ စာကြည့်တိုက်၏ လုပ်ငန်းစီမံချက်များအတွက် အရေးပါသော ရုပ်လက္ခဏာများဖြစ်ကြသည်။ ဥပမာ- နမီးဘီးယားနိုင်ငံ တွင် နှစ်စဉ် ကျင်းပသော ရီဒါသွန် စာအုပ်ပွဲတော် တွင် ကလေးများအတွက် ပုံပြင် များကို ၎င်းတို့၏ မိခင်ဘာသာရပ်ဖြင့် ထုတ်ဝေပေးခြင်းဖြင့် စာဖတ်ခြင်းယဉ်ကျေးမှုကို အထောက်အကူပြု ရန် တွန်းအားပေးထားသည်။ (နမီးဘီးယားနိုင်ငံ တွင် ဘာသာစကား ၁၃ မျိုး ရှိသည်)

အခြား ပညာရပ်ဝေါဟာရ အသုံးပြုပုံသည် သတင်းအချက်အလက် အသုံးပြုပုံနှင့် ဆက်စပ်နေသည်။ ၎င်းတို့ကို တစ်ခါတစ်ရံ စာစုစာရင်း ညွှန်ကြားချက် ဟုခေါ် ပြီး ၊ အသုံးပြုသူများအတွက် ပညာပေး

ခြင်းများကိုမူ သတင်းအချက်အလက် တတ်မြောက်မှု နှင့် စူးစမ်းမှု ဟု သုံးနှုန်းကြသည်။ စံထားအပ်သော စာကြည့်တိုက်ညွှန်ကြားချက်များသည် နှစ်ကြာလာသည်နှင့်အမျှ ပြောင်းလဲခဲ့ပြီး 1960 နှင့် 1970 နှစ်များအတွင်း ကအရင်းအမြစ် ချဉ်းကပ်မှုဟု ၎င်း၊ 1980 တွင် လမ်းကြောင်းရှာဖွေ ချဉ်းကပ်မှု ဟု၎င်း၊ 1990 မှစ၍ ချဉ်းကပ်မှု နည်းလမ်း ဟု၎င်း၊ 2004 တွင် Kuhlthauဟု၎င်း အသီးသီးခေါ်ဆိုကြသည်။ လမ်းကြောင်းရှာဖွေ ချဉ်းကပ်မှုသည် သတင်းအချက်အလက် တွေးတောကြံဆခြင်းကို အလေးထားပြီး ပြဿနာဖြေရှင်းရန် ရှုထောင့်မှ သုံးခြင်းဖြစ်သည်။ ၎င်းသည် ရှေ့က အသုံးပြုခဲ့သော အရာများကို မထိခိုက်စေဘဲ သင်ကြားရေး နယ်ပယ်တွင် စူးစမ်းမှုကို အခြေခံသော ဗဟုသုတသည်သာ အကောင်းဆုံး တိုးတက် ဖွံ့ဖြိုးမှု ဆိုသည်ကို အလေးထားဖော်ပြနေသည်။

## ၅၂ -လုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များ

ကျောင်းစာကြည့်တိုက်သည် သင်ကြားရေးနှင့် လေ့လာရေးတွင် မရှိမဖြစ်လိုအပ်သော အပိုင်းဖြစ်သည်။ စာကြည့်တိုက်၏ ပန်းတိုင်ကို ကျောင်း၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော စာတတ်မြောက်မှု များ ပြည့်ဝစေရန် ချိန်ညှိပေးသင့်သည်။ ကျောင်း၏ ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိရယူရန် ကျောင်းစာကြည့်တိုက်၏ ပါဝင်ပက်သက်မှု သည် ၎င်း၏ စာစုလုပ်ငန်း ၊ စာပြုလုပ်ငန်း များ၊ ဝန်ထမ်းခန့်ထားမှုတို့အပေါ်တွင် မှီခိုနေသည်။ ဥပမာ- ဟန်ဂေရီနိုင်ငံတွင် ကျေးရွာများ၌ နေထိုင်ပြီး မြို့ကြီးများ၌ ပညာသင် လျက်ရှိသောကျောင်းသားများသည်၊ သူတို့၏ကျောင်းနှင့်အိမ်အကြားတွင် လွန်းပြန်သွားလာ ပညာသင်ယူကြရသည်။ ကျောင်းစာသင်ချိန် မတိုင်မီ နှင့် စာသင်ချိန် ပြီးစီးချိန်များတွင် အများပြည်သူ ဆက်သွယ်ရေး ကို စောင့်ဆိုင်းရမှုက ၎င်းတို့အတွက် ကန့်သတ်ချက် ဖြစ်စေခဲ့သည်။ ကျောင်းစာကြည့်တိုက်များက ဤအခြေအနေကို သိမြင်ကြသည့်အတွက်စာသင်ချိန်မစမီနှင့်စာသင်ချိန်ပြီးဆုံးချိန်များတွင်စာကြည့်တိုက်ကိုအချိန်တိုးချဲ့ဖွင့်လှစ်ပေးထားကြသည်။ရလဒ်အနေနှင့်ကျောင်းသားများသည်အားလပ်ချိန်ကိုလုံခြုံစိတ်ချရသောနယ်မြေအတွင်း ကုန်ဆုံးစေနိုင်လေသည်။ဤသို့ဖြင့်စာကြည့်တိုက်မှူး၊ဆရာဆရာမများနှင့်ကျောင်းသားတို့အကြားပိုမိုလေးနက်သောဆက်သွယ်မှုအခွင့်အရေးတို့ရရှိစေသည်။စာကြည့်တိုက်မှူးကပုံစံချထားသောလုပ်ငန်းစဉ်များကို ကျောင်းအုပ်ကြီးများ၊ဌာနအကြီးအအကဲများ၊သင်ကြားရေးဆရာဆရာမများ၊ဝန်ထမ်းများ၊ကျောင်းသား

ကျောင်းသူများကစိုင်းဝန်းလုပ်ဆောင်ကြရသည်။အရည်အချင်းပြည့်ဝသောစာကြည့်တိုက်မှူးတစ်ဦးမရှိဘဲနှ င့်စုဆောင်းထားသောအရင်းအမြစ်များကိုအသုံးပြု၍ကျောင်းသားများ၏အရည်အသွေးမြှင့်တင်ပေးရန်မှာမ ဖြစ်နိုင်ပါ။

အရည်အသွေးပြည့်ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည်အောက်ပါအဓိကအချက်များပါဝင်သောအလုပ် များကိုအာရုံထားလုပ်ဆောင်သင့်သည်-

- စာတတ်မြောက်မှုနှင့်စာဖတ်ခြင်းမြှင့်တင်ပေးခြင်း။
- သတင်းအချက်အလက်မီဒီယာများအသုံးပြု၍အသိပညာရှာဖွေဖတ်ရှုခြင်း။
- စူးစမ်းမှုအခြေခံသောသင်ကြားခြင်း။
- နည်းပညာချင်းပေါင်းစပ်မှု။
- ဆရာများအတွက်အသက်မွေးဝမ်းကျောင်းတိုးတက်စေမှုနှင့်
- စာပေနှင့်ယဉ်ကျေးမှုကိုလက်ခံအသိအမှတ်ပြုကြိုဆိုခြင်း။

စာကြည့်တိုက်၏အဓိကလုပ်ငန်းများတွင်သုတေသနပြုလုပ်ချက်များသည်မှုဘောင်သတ်မှတ်ချက်များကိုအ သက်သွင်းပေးခြင်းပင်ဖြစ်သည်။စာကြည့်တိုက်၏အဓိကလုပ်ငန်းများသည်ကျောင်း၏ဦးစားပေးအစီအစဉ် လုပ်ငန်းများပေါ်တွင်မူတည်နေပြီး၊အတန်းတိုင်းသင်ကြားရေး၏တိုးတက်အောင်မြင်မှုကိုလည်းရောင်ပြန်ဟ ပ်စေနိုင်ပါသည်။

## ၅၊၃ -စာတတ်မြောက်ရေးနှင့် စာဖတ်ခြင်းမြှင့်တင်ရေး

ကျောင်းစာကြည့်တိုက်များသည်စာတတ်မြောက်ရေးနှင့် စာဖတ်ခြင်းမြှင့်တင်ရေးလုပ်ငန်းများကို ပံ့ပိုးပေးကြရသည်။ စာဖတ်ခြင်း အဆင့်နှင့် လေ့လာမှုရလဒ်တို့အကြားတွင် တိုက်ရိုက်ဆက်သွယ်မှုရှိသည်ဟု သုတေသန ပြုချက်များက ဖော်ပြကြသည်။ ထိုသို့ စာဖတ်ရန်ပစ္စည်း( ပုံနှိပ်နှင့်ပုံနှိပ်မဟုတ်သော အရာများ) ရရှိနိုင်မှုသည် စွမ်းရည်မြင့် စာဖတ်သူအဖြစ် အမှန်တိုးတက်လာစေရန် ပဓာနကျသော အချက်များဖြစ်သည်။ ကျောင်းစာကြည့်တိုက်မှူးများသည် စာကြည့်တိုက် အသုံးပြုသူများကို ထိုသို့ စာဖတ်ရန်ပစ္စည်း( ပုံနှိပ်နှင့်ပုံနှိပ်မဟုတ်သော အရာများ) များ ပေးအပ်သောအခါ လက်တွေ့ဆန်ပြီး ၊ တစ်ဦးချင်းစီ၏ လိုအပ်ချက်ကို ချဉ်းကပ်တတ်ရန် အရေးကြီးသည်။

မိမိအကြိုက်ကို ရွေးချယ်ဖတ်ရှုခွင့်ရှိသော ကျောင်းသားများ၏ ရမှတ်သည် အချိန်နှင့်အမျှ တိုးတက်လာနေကြောင်း ပြသနေသည်။

ထိုသို့ကိုယ်တိုင်ရွေးချယ်ခြင်းဖြင့်ဝေါဟာရကြွယ်ဝစေခြင်း၊ဂရမ်မာစွမ်းဆောင်ရည်မြင့်မားလာခြင်း၊စာအရေးအသားတိုးတက်လာခြင်းတို့ပါရရှိလာနိုင်မည်ဖြစ်သည်။နောက်ထပ်ဘာသာစကားတစ်ခုကိုလေ့လာရာတွင်အဆင့်အတန်းမီအရည်အသွေးပြည့်စာအုပ်များကပိုမိုတိုးတက်အောင်ပံ့ပိုးပေးနိုင်သည်။အသံထွက်စာအုပ်များကဲ့သို့စာအုပ်စာတမ်းများကိုအလှည့်ကျဖတ်ရှုသွားခြင်းဖြင့်စာဖတ်စွမ်းရည်များပိုမိုတိုးတက်လာစေနိုင်သည်။မျက်မမြင်စာဖတ်သူကျောင်းသားများအတွက်စာဖတ်ရန်အထူးကိရိယာများ၊အထူးပြုလုပ်ထားသောစာဖတ်ကိရိယာများလိုအပ်သည်။စာကြည့်တိုက်မှူးအနေဖြင့်သီးခြားခန့်အပ်ထားသောဆရာများနှင့်ပူးပေါင်း၍ ထိုကဲ့သို့ကျောင်းသားများစာဖတ်နိုင်စေရန်အားပေးကူညီပြီး၊အထူးပြုလုပ်ထားသောစာဖတ်ကိရိယာများ (မျက်မမြင်များအတွက်တီထွင်ထားသောစာအုပ်များ)

ပံ့ပိုးပေးရန်လိုအပ်သည်။ကျောင်းစာကြည့်တိုက်သည်သုတရသ၊လှုံ့ဆော်မှုမျိုးစုံပေးစွမ်းနိုင်သောအမျိုးမျိုးသောပုံနှိပ်နှင့်ဒစ်ဂျစ်တယ်ပစ္စည်းများပါဝင်သောပတ်ဝန်းကျင်ကိုဖန်တီးပေးထားသင့်သည်။ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည်စာကြည့်တိုက်မူဝါဒကိုတတ်နိုင်သမျှအကျယ်ဝန်းဆုံးချမှတ်ရန်သင့်ပြီး၊စာအုပ်ပျောက်ပျက်နှင့်ရက်လွန်ကြေးပြစ်ဒဏ်များကိုမူတတ်နိုင်သမျှအနည်းဆုံးသတ်မှတ်ပေးရန်လည်းလိုအပ်သည်။လူမှုဘဝ၊ယဉ်ကျေးမှုသင်ကြားသိမြင်မှုရှုထောင့်ပေါင်းစုံဖြင့်စာတတ်မြောက်မှု၊စာဖတ်မှုကိုအားပေးသောအခြေခံလှုပ်ရှားမှုပွဲများကိုလည်းကျင်းပပေးရမည်။ကျောင်းစာကြည့်တိုက်စုဆောင်းမှုသည်ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်ရှိလူမျိုး၊ယဉ်ကျေးမှုဘာသာရေး၊စရိုက်လက္ခဏာများနှင့်ကိုက်ညီသောပြည်တွင်းပြည်ပမှုစုဆောင်းထားမှုများသာဖြစ်သင့်သည်။ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည်စာဖတ်သူများကိုစာကြည့်တိုက်ထဲတွင်သို့မဟုတ်ကျောင်းခန်းထဲတွင်စာအုပ်များကိုကိုယ်တိုင်ရွေးချယ်ဖတ်ရှုခွင့်၊ဆွေးနွေးတင်ပြခွင့်၊မိမိဖတ်ရှုထားသည်များကိုအခြားသူများအားမျှဝေပေးခွင့်များရရှိအောင်လုပ်ဆောင်ပေးရန်လည်းတာဝန်ရှိသည်။စာအုပ်အသစ်ဝတ္ထုအသစ်ထွက်ရှိမှုများကိုစင်တင်ပြသကြော်ငြာထားရှိပြီးစာဖတ်ရှုန်ကိုမြှင့်တင်ပေးသင့်သည်။စာဖတ်စွမ်းရည်မြှင့်တင်ရန်ပြပွဲများဖြင့်ဆွဲဆောင်ရမည်။ဤပွဲများသည်မိဘများကိုစာကြည့်တိုက်ဝန်းကျင်သို့ပါဝင်လာအောင်အခွင့်အရေးပေးခြင်းပင်ဖြစ်သည်။မိဘများအနေဖြင့်လည်းမိမိတို့ကလေးများစာရေးစာဖတ်စွမ်းရည်

မြင့်လာစေသောအိမ်၌စာဖတ်ခြင်း၊အများရှေ့၌စာဖတ်ခြင်းစသည့်အစီအစဉ်များတွင်ပါဝင်ခွင့်ရစေနိုင်သည်။ ဥပမာ-ပြင်သစ်နိုင်ငံတွင်ဘာဘလီယိုချဲလင့်ကစာဖတ်ခြင်းကိုလှုံ့ဆော်ပေးပြီးကလေးစာပေကို Social Literary network ဖြင့်အဆင့်မြှင့်တင်ပေးသည်။www.babelio.com

ဥပမာ- အင်္ဂလန်နိုင်ငံ the Chartered Institute of Library and Information Professionals (CILIP) Carnegie and Kate Greenaway ဆုကိုအင်္ဂလန်နိုင်ငံတဝှမ်းစာဖတ်မြှင့်တင်ရေးပွဲများပြုလုပ်လှုံ့ဆော်ပေးပြီးနှစ်စဉ်ဆုရွေးချယ်သည်။www.carnegiegreenaway.org.uk/shadowingsite/index.php

ဥပမာ-အီတလီနိုင်ငံတွင် Xanadu Project ကို 2004 ခုနှစ်တွင် Hamelin Cultural Association and coordinated by the "Sala Borsa" Library in Bologna, စတင်အကောင်အထည်ဖော်ခဲ့ပြီးကျောင်းသားများ (13-16 year-olds)ကို, လေ့ကျင့်သင်ကြားပေးသည်။စီမံချက်နယ်ပယ်တွင်လှုံ့ဆော်ချက်၊တွေးတောကြံဆခြင်း၊ကွန်ရက်ချိတ်ဆက်ခြင်း၊တို့ပါဝင်သည်။www.bibliotecasalaborsa.it/ragazzi/xanadu2014/biblio.php

## ၅၊၄ - စာနယ်ဇင်းနှင့်သတင်းဆိုင်ရာ လမ်းညွှန်ချက်

စာနယ်ဇင်းနှင့်သတင်းဆိုင်ရာလမ်းညွှန်ချက်တွင်ကျောင်းစာကြည့်တိုက်၏ဒုတိယလုပ်ပိုင်ခွင့်အာဏာအနေနှင့်သတင်းအချက်အလက်များကိုတာဝန်သိစွာ၊ကျင့်ဝတ်နှင့်အညီအသုံးပြုရန်လမ်းညွှန်ထားရမည်။ 2007 UNESCO စာတမ်းတွင်A Primer, Forest Woody Horton, Jr., ကစာနယ်ဇင်းနှင့်သတင်းဆိုင်ရာတတ်မြောက်မှုကိုအသုံးဝင်သောခံယူချက်၊ယေဘုယျအမြင်အဓိပ္ပါယ်ဖွင့်ဆိုချက်များအဖြစ်ကျောင်းစာနှင့်ကျောင်းပြင်ပပညာရပ်များတွင်ဖော်ပြကြပါသည်။UNESCO ကမီဒီယာနှင့်သတင်းအချက်အလက်တတ်မြောက်မှုခံယူချက်၊မီဒီယာနှင့်သတင်းအချက်အလက်တတ်မြောက်မှုအရေးကြီးပုံကိုသတိပြုမိစေသည်။2011စာတမ်းတွင်မူဆရာများအတွက်မီဒီယာနှင့်သတင်းအချက်အလက်တတ်မြောက်မှုသင်ရိုးညွှန်းတမ်းကဘာကြောင့်မီဒီယာနှင့်သတင်းအချက်အလက်တတ်မြောက်မှုကိုထည့်သွ

င်းစဥ်းစားသင့်ကြောင်းရှင်းပြထားသည်။ဆရာများအတွက်MILသင်ရိုးမူဘောင်တွင်အချက်၃ချက်ပြဋ္ဌာန်းထားသည်။-

- ဒီမိုကရေစီနှင့်လူမှုဘဝပါဝင်ဆောင်ရွက်ခြင်းအတွက်မီဒီယာနှင့်သတင်းအချက်အလက်တတ်မြောက်မှုကိုနားလည်သိကျွမ်းခြင်း။
- မီဒီယာစာသားများနှင့်သတင်းအချက်အလက်အရင်းအမြစ်များကိုအကဲဖြတ်ခြင်း။
- မီဒီယာနှင့်သတင်းအချက်အလက်များကိုအသုံးပြုခြင်းနှင့်ထုတ်လုပ်ခြင်း။

ကျောင်းစာကြည့်တိုက်မှူးများသည်မီဒီယာနှင့်သတင်းအချက်အလက်စွမ်းရည်များသင်ကြားရေးအတွက်စနစ်ကျသောမူဘောင်သည်အရေးကြီးကြောင်း၊၎င်းတို့ကိုဆရာများကကျောင်းသားများ၏စွမ်းရည်ဖြင့်ပေါင်းစပ်၍လုပ်ဆောင်ကြရမည်။မီဒီယာနှင့်သတင်းအချက်အလက်စွမ်းရည်များပေါ်အခြေခံသောညွှန်ကြားချက်အစီအမံများ၏ပန်းတိုင်သည်လူမှုပတ်ဝန်းကျင်တွင်ပါဝင်ပက်သက်ရမည့်ကျောင်းသားများကိုတိုးတက်ဖွံ့ဖြိုးစေရန်ပင်ဖြစ်သည်။သုတရှာဖွေကျောင်းသားများသည်သင့်လျှော်ရာကိုကိုယ်တိုင်လမ်းညွှန်သင်ယူတတ်သောသူများဖြစ်ပြီးသတင်းလိုအပ်ချက်ကိုသတိထားရမည်ဖြစ်သည်။သူတို့၏ယုံကြည်ချက်ကိုသူတို့၏အရည်အချင်းဖြင့်ဖော်ထုတ်ပြသရမည်။၎င်းတို့သည်သတင်းအချက်အလက်များ၊အဖြေများစွာရှိနေသောအခြေအနေများကိုဖြေရှင်းနိုင်ရမည်ဖြစ်ပြီး၊နည်းပညာဆိုင်ရာကိရိယာများကိုလည်းစီမံခန့်ခွဲတတ်ရမည်။သုတရှာဖွေကျောင်းသားများသည်လုပ်ငန်းခွင်ထဲတွင်လည်းအဆင့်မြင့်သူများဖြစ်ပြီး၊အဆင့်မြင့်ထုတ်ကုန်များကိုတီထွင်ထုတ်လုပ်နိုင်ကြသည်။တစ်ဦးချင်းသော်လည်းကောင်း၊အုပ်စုအဖွဲ့များနှင့်သော်လည်းကောင်းလိုက်လျှောညီထွေနေတတ်ကြသည်။ဥပမာပြင်သစ်နိုင်ငံတွင်အင်တာနက်အသုံးပြုရန်သင်တန်းပေးမှုများရှိကြသည်။

edusol.education.fr/file/internet-responsible

ဥပမာပြင်သစ်နိုင်ငံတွင်စာကြည့်တိုက်မှူးများအတွက်သင်တန်းများသည်မီဒီယာနှင့်သတင်းအချက်အလက်များနှင့်ဆက်စပ်နေသည်။

media.eduscol.education.fr/Pacific/85/4/ Reperes-Pacific-157854.pdf

## ၅၊၅ -စူးစမ်းမှုကို အခြေခံသော သင်ယူမှု နမူနာများ

နိုင်ငံများစွာတွင်လည်းကောင်း၊ဒေသဆိုင်ရာအာဏာပိုင်များ၊ကျောင်းစာကြည့်တိုက်များသည်အလွန်အောင်မြင်သောမီဒီယာနှင့်သတင်းအချက်အလက်စွမ်းရည်များတိုးတက်စေရန်လမ်းညွှန်ချက်များချမှတ်နိုင်ရေးလုပ်ဆောင်နေကြသည်။စူးစမ်းမှုကိုအခြေခံသောသင်ကြားလေ့လာရေးသည်နှစ်များစွာသုတေသနလုပ်ထားသောတိကျသည့်စမ်းသပ်ချက်ပေါ်တွင်ဖန်တီးထားရှိသည်။စံထားသည့်မော်ဒယ်မရှိသောကျောင်းများသည်၎င်းတို့ကျောင်း၏ပန်းတိုင်နှင့်အနီးစပ်ဆုံးကိုချိန်ညှိရွေးချယ်သင့်သည်။ဥပမာများကိုနောက်ဆက်တွဲ Cတွင်ဖော်ပြထားသည်။စူးစမ်းလေ့လာမှုအခြေခံသောသင်ကြားခြင်းတွင်ညွှန်ကြားချက်စံများသည်ကျောင်းသားများကိုပညာရပ်ဝန်းကျင်မှတကယ့်ဘဝအတွင်းရောက်ရှိအောင်ပံ့ပိုးပေးသည်။၎င်းစံနှုန်းများသည်၎ုပ်လျှိုးနေသောခံယူချက်သဘောထားများစွာကိုမျှဝေပေးကြသည်။

- သတင်းအချက်အလက်၏အဓိပ္ပါယ်ကိုကျောင်းသားများကတည်ဆောက်ဖန်တီးကြခြင်း။
- နည်းလမ်းချဉ်းကပ်မှုဖြင့်အဆင့်မြင့်သောအရည်အသွေးရှိထုတ်ကုန်ကိုကျောင်းသားများကတည်ဆောက်ဖန်တီးကြခြင်း။
- ကျောင်းသားများကသတင်းအချက်အလက်နှင့်နည်းပညာကိုတာဝန်ခံစိတ်ကျင့်ဝတ်တို့ဖြင့်အသုံးပြုခြင်း။

စူးစမ်းလေ့လာမှုအခြေခံသောလမ်းညွှန်ချက်စံများဖြင့်လိုအပ်သောဘဝတစ်သက်တာစွမ်းရည်များဖြစ်သောစီမံမှုများ၊နေရာချခြင်း၊ရွေးချယ်ခြင်း၊ဖွဲ့စည်းခြင်း၊ကိုယ်စားပြုခြင်း၊မျှဝေခြင်း၊အကဲဖြတ်ခြင်း၊တို့ကိုပေါင်းစပ်ပေးသည်။ထိုကဲ့သို့နည်းလမ်းအခြေခံလမ်းညွှန်စံပုံစံများသည်ကိုယ်တိုင်လေ့လာသောစွမ်းရည် ( အလွန်ထင်ရှားစွာတတ်သိခြင်း)ကိုလည်းတိုးမြှင့်ပေးသည်။ပူးပေါင်းဆောင်ရွက်ခြင်းစွမ်းရည်ကိုလည်းတိုးမြှင့်စေပါသည်။၎င်းကျွမ်းကျင်မှုများကိုဘာသာရပ်တစ်ခုအတွင်းအဆင့်ဆင့်အကောင်းဆုံးတိုးတက်လာအောင်သင်ရိုးညွှန်းတမ်းမှခေါင်းစဉ်များ၊ပြဿနာများကိုရေးဆွဲရသည်။စီမံကိန်းကျွမ်းကျင်မှုများသည်မည်သည့်သုတေသန၊အလုပ်တာဝန်၊စီမံချက်၊ကြိုးပမ်းအားထုတ်မှု၊ခေါင်းစဉ်အတွက်မဆိုလိုအပ်သည်။စူးစမ်းလေ့လာမှု၏အစပိုင်းတွင်စီမံကိန်းလှုပ်ရှားမှုများအနေဖြင့်သင့်လျှော်ရာမေးခွန်းပြုလုပ်ခြင်း၊တူရာအရင်းအမြစ်များနှင့်ဖြစ်နိုင်ခြေရှိသောသတင်းအချက်အလက်ရှာဖွေမှုဗျူဟာများဖော်ထုတ်ခြင်း၊နှင့်သဘာဝကျသောအချိန်တစ်ခုသတ်မှတ်ပေးခြင်းတို့ပါဝင်သည်။ထိုစူးစမ်းမှုနည်းလမ်းတလျှောက်တွင်ကျောင်းသားများကကြိုတင်မမျှော်မှ

န်းထားသောစိန်ခေါ်မှုများနှင့်အခက်အခဲအတားအဆီးများကိုတုံ့ပြန်သည့်အနေနှင့်၎င်းတို့၏အစီအစဉ်များကိုပြင်ဆင်ကြလိမ့်မည်။

နေရာချခြင်းစွမ်းရည်များသည်သတင်းအချက်အလက်ရှာဖွေမှုလုပ်ငန်းစဉ်အတွက်အခြေခံများဖြစ်သည်။၎င်းတွင်အက္ခရာစီခြင်း၊ကိန်းဂဏန်းစီခြင်းစသည်တို့ကိုနားလည်သဘောပေါက်ရန်လိုသလို၊ကွန်ပျူတာဒေတာဘေ့စ်၊အင်တာနက်၊အညွှန်းများမှသတင်းအချက်အလက်များရယူရာတွင်ဗျူဟာမျိုးစုံဖြင့်အသုံးပြုတတ်ရန်လည်းလိုသည်။ထိုသို့သတင်းထုတ်လုပ်ခြင်းတွင်အရင်းအမြစ်များကိုလေ့လာခြင်း၊နည်းလမ်းများဖြစ်သောဆာဗေးကောက်ခြင်း၊ခြုံငုံလေ့လာခြင်း၊အင်တာဗျူးမေးမြန်းခြင်း၊စမ်းသပ်ချက်ပြုလုပ်ခြင်းနှင့်စောင့်ကြည့်ခြင်းစသည်တို့ပါဝင်သည်။

ရွေးချယ်ခြင်းနှင့်ဖွဲ့စည်းခြင်းစွမ်းရည်များတွင်အကျပ်အတည်းနှင့်တန်ဖိုးဖြတ်တွေးခေါ် ခြင်းများလိုအပ်သည်။ရွေးချယ်ခြင်းတွင်စူးစမ်းမှု၏ဗဟိုကိုအကျုံးဝင်သောအဆက်အစပ်ရှိသောသတင်းအချက်အလက်ရှာဖွေခြင်းတို့ပါဝင်သည်။မှတ်ကျောက်အနေနှင့်ခိုင်လုံမှု၊ပြည့်စုံမှု၊တိကျမှန်ကန်မှု၊နှင့်ရှုထောင့်သဘောထားတို့ကကျောင်းသားများကိုသရုပ်ဖော်စေပြီး၊ရှာဖွေတွေ့ရှိသောသတင်းအချက်အလက်နှင့်ပက်သက်၍လူ့ကျင့်ဝတ်နှင့်ဆိုင်သောဆုံးဖြတ်ချက်များကိုလည်းသတ်မှတ်နိုင်သည်။

သတင်းရှာဖွေမှုနည်းလမ်းတွင်အမျိုးစုံသောအရင်းအမြစ်များမှလည်းကောင်း၊ကောက်ချက်ချခြင်းမှလည်းကောင်း၊သုံးသပ်ချက်မှလည်းကောင်း၊ယခင်ကရှိသောဗဟုသုတဆက်သွယ်ချက်မှလည်းကောင်းနည်းလမ်းမျိုးစုံဖြင့်သတင်းရှာဖွေနိုင်သည်။ဤသို့နည်းလမ်းမျိုးစုံပါဝင်သော်လည်းကျောင်းသားများသည်သူတို့စုဆောင်းထားသောအချက်အလက်များကိုပုံစံပြောင်း၍တင်ဆက်ရမည်ကိုလည်းနားလည်ကြသည်။

ကိုယ်စားပြုခြင်းနှင့်ဝေမျှခြင်းတွင်အတွေးအခေါ်များကိုရှင်းလင်းစွာဆက်သွယ်ပေးပြီးရည်ရွယ်ချက်များစံနှုန်းများကိုတည်ဆောက်ပေးခြင်း၊အကျိုးရှိသောသရုပ်ဖော်မှုနှင့်ပရိသတ်သတိပြုမိအောင်ပြုလုပ်ခြင်းတို့ပါဝင်သည်။

အကဲဖြတ်ခြင်းစွမ်းရည်တွင်နည်းလမ်းရောစူးစမ်းမှုကိုပါအကဲဖြတ်ခြင်းဖြစ်သည်။ကျောင်းသားများသည်သူတို့၏အားထုတ်မှုနှင့်ရရှိသောအောင်မြင်မှုကိုစဉ်းစားတွေးခေါ် ကြရန်လိုသည်။သူတို့ထုတ်လုပ်သောထုတ်ကု

န်၏အားနည်းချက်အားသာချက်တို့ကိုဆွေးနွေးညှိနှိုင်းကြခြင်းဖြင့်တိုးတက်မှုနှင့်အနာဂတ်အလုပ်တာဝန်များ
အကြားဂယက်ရိုက်မှုကိုရှောင်ပြန်ဟပ်၊အကျိုးရရှိစေနိုင်သည်။

ကိုယ်တိုင်လမ်းညွှန်သင်ယူမှုစွမ်းရည်ဆိုရာတွင်ဘဝတစ်သက်တာသင်ယူနေသူများအတွက်တိုးတက်မှုသည်
အရေးကြီးသောအချက်ဖြစ်သည်။ကျောင်းသားများသည်စူးစမ်းခြင်းဖြင့်လမ်းညွှန်ချက်ကိုရရှိနိုင်ပြီးထိုအချ
က်ကိုသင်ကြားရေးပန်းတိုင်အဖြစ်အကောင်အထည်ဖော်ပြီးအောင်မြင်အောင်လုပ်ဆောင်ရန်လည်းလိုသည်။
၎င်းတို့သည်မီဒီယာအရင်းအမြစ်များကိုသုံး၍လိုအပ်ချက်များကိုရှာဖွေကြသည်။သတင်းအချက်အလက်၊ရ
င်းမြစ်များ၊ရှုပ်ထွေးနေပြီးလိုအပ်လျှင်စာကြည့်တိုက်များကိုအကူအညီတောင်းခံနိုင်သည်။ကျောင်းသားများ
သည်ကွဲပြားခြားနားသောတစ်ဦးချင်းစီကိုသော်လည်းကောင်း၊အရင်းအမြစ်များကိုလည်းကောင်း၊နည်းပညာ
ကိုသော်လည်းကောင်းအတူတကွပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့်ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်များတိုးတ
က်လာသည်။သူတို့သည်ကွဲပြားသောအတွေးအခေါ်များကိုသုံးပြီးထင်မြင်ချက်များကိုမည်သို့ဝေဖန်ရမည်ကို
လည်းသိရှိကြသည်။သူတို့သည်အတူတကွအလုပ်လုပ်ကြပြီးထုတ်ကုန်အသစ်များကိုထုတ်လုပ်ကြသည်။
စူးစမ်းမှုကိုအခြေခံသောနည်းလမ်းဖြင့်သင်ကြားခြင်းသည်သတင်းအချက်အလက်ကိုအသုံးပြု၍တိကျသော
မေးခွန်းကိုဖြေခြင်းဖြင့်ခေါင်းစဉ်တစ်ခုကိုသက်သေခံအဖြစ်ပုံဖော်ကြသည်။သတင်းအချက်အလက်မှသင်ယူ
မှုခက်ခဲပုံကိုသတိပြုမိစေရန်ဖြစ်သည်။ထိုကဲ့သို့သတင်းအချက်အလက်မှသင်ယူခြင်းသည်လမ်းကြောင်းတစ်
ခု၊စံတာဝန်တစ်ခုမဟုတ်ပါ။၎င်းတွင်သိမြင်ခြင်းနှင့်ဆိုင်သောပိုင်နက်များအပြင်အကျိုးရှိစေသောအရာများပါ
ဝင်သည်။

စူးစမ်းလေ့လာမှုကိုအခြေခံသင်ကြားခြင်းကိုနည်းလမ်းချဉ်းကပ်မှုဖြင့်အသုံးပြုရာတွင်ကျောင်းစာကြည့်တိုက်
မှူးများနှင့်ဆရာမများသည်တူညီသောအခြေခံပြသနာကိုကြုံတွေ့နေရပြီး၊၎င်းပြဿနာသည်စာကြည့်တိုက်၏
အရွယ်အစားမည်မျှပင်ရှိစေကာမူ၊စာကြည့်တိုက်၏စုဆောင်းမှုသဘောသဘာဝနှင့်နည်းပညာ၊မည်ကဲ့သို့လွှ
မ်းမိုးထားသနည်း၊သင်ကြားရေးအတွက်မည်သို့တွန်းအားပေးပုံစသည်တို့ပင်ဖြစ်သည်။စူးစမ်းလေ့လာမှုအ
ခြေခံသင်ကြားခြင်းကိုချဉ်းကပ်မှုနည်းလမ်းဖြင့်အသုံးပြုခြင်းဖြင့်ကျောင်းသားများအတွက်အတွေ့အကြုံ
ကောင်းများကိုရရှိစေနိုင်သည်။ထိုအတွေ့အကြုံကောင်းများကိုအကျိုးရှိစွာအကောင်အထည်ဖော်နိုင်လျှင်စူး
စမ်းမှုအခြေခံသောသင်ကြားခြင်းရသောကျောင်းသားများသည်စူးစမ်းရှာဖွေဖော်ထုတ်မှုနှင့်စွန့်စားခြင်းအမှု

ကိုစိတ်ပါစေခြင်း၊အကြပ်အတည်းများမှတီထွင်ဖန်တီးတွေးခေါ်ခြင်း၊အမှန်တကယ်ဘဝအခြေအနေများနှင့်ဆက်သွယ်ချက်များရရှိခြင်းစသည့်အကျိုးကျေးဇူးတို့ကိုရရှိစေနိုင်သည်။

နည်းလမ်းအခြေခံသောပုံစံများသည်စာတွေ့အခြေခံပြီးပညာရေးနယ်ပယ်နှင့်စာကြည့်တိုက်နှင့်သုတပညာသုတေသနများကိုအခြေခံထားသည်။ပညာရေးသည်လေ့လာခြင်းမှအစပြုပြီးစာကြည့်သုတပညာသည်အချက်အလက်များကိုရှာဖွေခြင်းဝလေ့မှဆင်းသက်လာသည်။ဥပမာစာပေလေ့လာသူ၏စိတ်ကူးစိတ်သန်းများသည်သိမြင်စိတ်တိုးတက်မှုနှင့်၎င်းတို့၏မူလကရှိနှင့်ပြီးသောဗဟုသုတနှင့်အတွေ့အကြုံမှဆင်းသက်လာသည်။သူတို့ကသတင်းအချက်အလက်ကိုအသုံးပြုသည်နှင့်အမျှအတွေးအခေါ်များလည်းပြောင်းလဲလာသောအတွေ့အကြုံကိုရရှိစေသည်။သုတပညာမှရရှိစေသောအသိမှာသတင်းအချက်အလက်အသုံးပြုရာမှတိုးတက်မှုအဖြစ်သတင်းအချက်အလက်ကိုမပီမသသဘောပေါက်နေရာမှလိုအပ်ချက်များကိုရှင်းရှင်းလင်းလင်းသိမြင်ရန်၊အသုံးပြုသူများရှာဖွေမှုလုပ်ငန်းစဉ်များကိုပိုမိုအောင်မြင်စွာလုပ်ဆောင်နိုင်စေရန်သတင်းအချက်အလက်စနစ်များ၊ပြဿနာများကိုကျွမ်းကျင်စွာသုံးတတ်ရန်လိုအပ်သည်။

အခြားအစီအစဉ်များကဲ့သို့ပင်စူးစမ်းမှုကိုအခြေခံသောသင်ကြားခြင်းလှုပ်ရှာမှုများကိုမြှင့်တင်ပေးခြင်းဖြင့်ကျောင်းသားများ၏သင်ကြားခြင်းကိုအလျှဉ်မပြတ်စေနိုင်ပါ။စွမ်းရည်များသည်အဆင့်အလိုက်တိုးတိုးပြီးသင်ကြားခြင်းကိုဆိုလိုသည်။ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည်မီဒီယာနှင့်သတင်းအချက်အလက်ကွာခြားမှုဖြင့်လမ်းညွှန်ထားသောမဟာဗျူဟာခေါင်းဆောင်အဆင့်ကိုစူးစမ်းလေ့လာမှုသင်ကြားခြင်းစနစ်ကျသောချဉ်းကပ်မှုဖြင့်သေချာပေါက်တာဝန်ယူရမည်။

ထိုကဲ့သို့စူးစမ်းလေ့လာမှုသင်ကြားခြင်းစံပုံစံကိုနိုင်ငံတွင်းသို့မဟုတ်ဒေသအတွင်းမရနိုင်လျှင်စာကြည့်တိုက်မှူးကအတန်းဆရာဆရာမများနှင့်အတူပေါင်း၍စံပုံစံကိုရွေးချယ်ရမည်။ဆရာများနှင့်ကျောင်းသားများကစံပုံစံကိုရွေးချယ်ရာတွင်ကျောင်း၏ရည်ရွယ်ချက်ရည်မှန်းချက်များကိုဖြည့်ဆည်းပေးနိုင်သူကိုရွေးသင့်သည်။သို့သော်လည်းသတိပေးချက်ကိုအသုံးချသင့်သည်။စံရွေးချယ်ရာတွင်သီအိုရီအခြေခံများကိုထဲထဲဝင်ဝင်နားလည်မှုမရှိခဲ့လျှင်စံပုံစံ၏စွမ်းရည်သတ္တိများကိုအလိုက်သင့်ဖယ်ထုတ်သွားပေလိမ့်မည်။ဥပမာ-

ဆွီဒင်နိုင်ငံအုစ်ဆလာမြို့အလယ်တန်းကျောင်းသားများသည်သူတို့၏စူးစမ်းလေ့လာမှုအခြေခံစီမံကိန်းများကိုကြောက်စရာကောင်းသောစာအုပ်များဖတ်ခြင်းဖြင့်အစပြုကြသည်။ထိုဝတ္ထုကိုဖတ်ပြီးအုပ်စုလိုက်ဆွေး

နွေးကြရသည်။ကျောင်းသားများကသူတို့တစ်ဦးချင်းစူးစမ်းလေ့လာထားချက်များကိုပြတ်သားသောဘာသာရပ်အမြင်ဖြင့်(                    စောင့်ကြပ်ကြည့်ရှု၊ကမ္ဘာကြီးပူနွေးလာမှု၊ရောဂါများ                    ) တင်ပြကြသည်။ထိုအချက်များထဲမှပထမတွင်ကျယ်ပြန့်စွာ၊ပြီးနောက်အတွင်းကျကျစိစစ်ပြီးလွန်စွာတိကျသောသီးခြားစူးစမ်းမှုဖဟိုအဖြစ်ဖော်ထုတ်ကြလေသည်။စီမံကိန်းအတွက်နောက်ဆုံးထုတ်ကုန်အနေနှင့်မူရင်းတို့အသုံးပြုခဲ့သည့်အရာများကိုစုဆောင်းပူးတွဲ၍စာမေးပွဲဖြေသလိုစာစီစာကုံးတစ်ပုဒ်ကိုရေးသွင်းကြရလေသည်။

## ၅၊၆ -နည်းပညာပေါင်းစပ်ခြင်း

ကျောင်းစာကြည့်တိုက်သုတေသနက ဖော်ပြသည်မှာ  နည်းပညာအခြေခံနှင့် ကိရိယာများ၊ အသုံးပြုပုံများကို စာကြည့်တိုက်က ပံ့ပိုးပေးရန် အရေးကြီးသည်။ စာသင်ခန်းများထဲအထိ နည်းပညာနှင့် အရင်းအမြစ်များအကြောင်း တိုးချဲ့ရှင်းပြပြီး အွန်လိုင်း အသုံးပြုပုံ ၊ ရှာဖွေရာတွင် အသုံးပြုသော Search browerများအကြောင်းရှင်းပြကူညီပေးရမည်။ကျောင်းတွင်စာကြည့်တိုက်မှူးသည်နည်းပညာကျွမ်းကျင်သူပညာရှင်များနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်လုပ်ငန်းစဉ်များအတွင်းဟာကွက်များမရှိတော့ဘဲကျောင်းသားနှင့်ဆရာအကြားအဆင်ပြေချောမွေ့စေပါသည်။

## ၅၊၇ -ဆရာ၊ဆရာမများ၏ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး

ကျောင်းစာကြည့်တိုက် သည် ဆရာများအတွက်  အတတ်ပညာဆိုင်ရာ များကို ပံ့ပိုးပေးရာတွင် နည်းပညာအသစ်များ၊ စာကြည့်တိုက်သုံး ပစ္စည်းအသစ်များ သင်ရိုးအသစ်များ၊ မဟာဗျူဟာညွှန်ကြားချက်အသစ်များကို  အမြဲ ပံ့ပိုးပေးနေရမည်။ စာကြည့်တိုက်မှူးသည် သင်ကြားရေးဆရာများကို ပံ့ပိုးမှုပေးရာတွင် အောက်ပါနည်းလမ်းပေါင်းများစွာ-

- သင်ကြားရေးဆရာမများ၏သက်ဆိုင်ရာဘာသာရပ်ဗဟုသုတများကိုပို၍ကျယ်ပြန့်လာစေရန်သင်ကြားရေးစည်းမျဉ်းအရင်းအမြစ်များပံ့ပိုးပေးခြင်း။
- ကွဲပြားခြားနားသောအကဲဖြတ်မှုနှင့်ချင့်ချိန်ဆုံးဖြတ်မှုအတွက်မဟာဗျူဟာအရင်းအမြစ်များပံ့ပိုးပေးခြင်း။

- ကျောင်းစာသင်ခန်းအတွင်းသို့မဟုတ်စာကြည့်တိုက်အတွင်းပြုလုပ်ရမည့်အစီအမံများအတွက်မိတ်ဖက်အနေဖြင့်ပူးပေါင်းလုပ်ဆောင်ခြင်း။
- အရင်းအမြစ်များကိုစာကြည့်တိုက်အချင်းချင်းချိတ်ဆက်ငှားရမ်း၍၊စာကြည့်ံ့တိုက်ကိုအသုံးပြုမှုပိုမိုကျယ်ပြန့်လာစေရန် လုပ်ဆောင်ခြင်း။

## ၅၊၈ -ကျောင်းစာကြည့်တိုက်မှူးတစ်ဦး၏ လမ်းညွှန်မှုဆိုင်ရာ အခန်းကဏ္ဍ

အရည်အချင်းပြည့်မီသော စာကြည့်တိုက်မှူးတစ်ဦး သည် သင်ကြားရေး လုပ်ဖော်ကိုင်ဖက်များကို ကျောင်းသားများအတွက် အသင့်ဆုံးပမာဏ ရှိသော သင်ကြားရေး အတွေ့အကြုံများ ပံ့ပိုးပေးသင့်သည်။ ရည်ရွယ်ချက် အနေဖြင့် ကျောင်းစာကြည့်တိုက်မှူးတစ်ဦးသည် အခြားဆရာများနှင့် တွဲဖက်သင်ကြားမှုလည်း ရှိနိုင်သဖြင့် သင်ကြားရေး ကိစ္စများကိုလည်း ပါဝင်လုပ်ဆောင်သင့်သည်။ အောက်ပါအချက်များသည် ပူးတွဲ သင်ကြားမှုတွင် ညွှန်ကြားချက်များအဖြစ် ပါဝင်သည်။-

- အကူအညီပေးသင်ကြားမှု- ဤသို့သင်ကြားပေးရာတွင်တစ်ယောက်ကဦးဆောင်ညွှန်ကြားမှုပေးပြီးအခြားတစ်ယောက်ကသင်ကြားသူများထံလှည့်ပတ်သွားလာ၍လိုအပ်ချက်များကိုတစ်ဦးချင်းပေးခြင်း။၎င်းကိုတစ်ဦးသင်/တစ်ဦးကနောက်လိုက်သင်ကြားမှုဟုခေါ်သည်။
- အပြိုင်သင်ကြားမှု- ဤသို့သင်ကြားပေးရာတွင်ညွှန်ကြားသူနှစ်ဦးနှင့်နှစ်ဦးအထက်ကအုပ်စုခွဲ၍အတန်းထဲတွင်တစ်ချိန်တည်းတစ်ပြိုင်တည်းအလုပ်လုပ်ကြခြင်းဖြစ်သည်။၎င်းကိုနေရာယူသင်ကြားမှုဟုခေါ်သည်။
- အတွဲအစပ်မိသောသင်ကြားမှု- ဤသို့သင်ကြားပေးရာတွင်ညွှန်ကြားသူတစ်ဦးကအခြားညွှန်ကြားသူမှလုပ်ဆောင်ခိုင်းသောတာဝန်ကိုပို၍တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်စေသည်။ဥပမာအားဖြင့် -ညွှန်ကြားသူကအခြားသူ၏ရှင်းလင်းချက်ကိုစကားပြေပြန်ပြီးရှင်းပြခြင်းဖြစ်နိုင်သည်။
- အဖွဲ့လိုက်သင်ကြားမှု- ကျောင်းသားများအားလုံးအတွက်အတန်းထဲတွင်သို့မဟုတ်စာကြည့်တိုက်ထဲတွင်ညွှန်ကြားချက်နှစ်ခု

သို့မဟုတ်နှစ်ခုထက်ပိုသောအစီအစဉ်သင်ကြားခြင်း၊ရရှိမှုနှင့်တာဝန်ယူမှုများကိုညီမျှစွာခွဲဝေ၍တာဝန်ယူခြင်း။

အထက်ပါပူးတွဲသင်ကြားနည်းကိုချဉ်းကပ်ချက်တစ်ခုချင်းစီတိုင်းသည်ပူးတွဲသင်ကြားသူ၏ဆက်စပ်နေသောပါဝင်ဖြန့်ဝေမှုနှင့်ညွှန်ကြားချက်အကဲဖြတ်ခြင်းပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်တိုးပွားလာနေကြသည်။ကျောင်းစာကြည့်တိုက်မှူးနှင့်အတန်းပိုင်ဆရာအကြားပူးပေါင်းဆောင်ရွက်မှုဖြင့်ညွှန်ကြားချက်အဆင့်အတန်းတိုးပွားလာစေသည်။အချို့အခြေအနေများတွင်စာကြည့်တိုက်မှူးတစ်ဦးသည်တစ်ဦးတည်းညွှန်ကြားသူအဖြစ်ရပ်တည်ရမည်။ပူးပေါင်းဆောင်ရွက်ခြင်းသည်မီဒီယာနှင့်သတင်းအချက်အလက်တတ်မြောက်မှုညွှန်ကြားချက်များကိုပံ့ပိုးရန်လိုအပ်သည်။ထိုစာတတ်မြောက်မှုညွှန်ကြားချက်များသည်ကျောင်းသားများ၏စိတ်ဝင်စားမှု၊လိုအပ်ချက်တို့နှင့်ပေါင်းစပ်ပြီးသင်ရိုးညွှန်းတမ်းများသို့ဆက်သွယ်ထားသည်။

အသုံးဝင်သောရည်ညွှန်းချက်များ

Asselin, M., & Doiron, R. (2013).Linking literacy and libraries in global communities. London: Ashgate. Gordon, C., & Lu, Y-L. (2008). “I hate to read—Or do I?”: Low achievers and their reading.

School Library Research, 11.Retrieved from www.ala.org/aasl/slmr/volume11/gordon-lu Hughes-Hassell, S., Barkley, H. A., & Koehler, E. (2009).

Promoting equity in children’s literacy instruction: Using a critical race theory framework to examine transitional books.

School Library Research, 12.Retrieved from www.ala.org/aasl/slmr/volume12/hughes-hassell-barkley-koehler Krashen, S. D. (2004).

The power of reading: Insights from the research (2nd ed.). Westport, CT: Libraries Unlimited. Kuhlthau, C.C. (2004).

Seeking meaning: A process approach to library and information service (2nd ed.). Westport, CT: Libraries Unlimited. Markless, S. (Ed.). (2009).

The innovative school librarian: Thinking outside the box. London: Facet Publishing. [See Chapters 7, pp.127-142 Becoming integral to teaching and learning.] Eduscol [Ministry of Education, France]. (2012).

Vademecumvers des centres de connaissances et du culture [Short guide to knowledge centres and culture].

Retrieved from http://eduscol.education.fr/cid60332/-vers-des-centres-de-connaissances-et-de-culture-le-vademecum.html Trelease, J. (2013).

The readaloud handbook (7th ed.). New York: Penguin Books.Villa, R. A., Thousand, J. S., & Nevin, A. I. (2008).

A guide to co-teaching: Practical tips for facilitating student learning (2nd ed.). Thousand Oaks, CA: Corwin Press/Council for Exceptional Children.

## အခန်း(၆) ကျောင်းစာကြည့်တိုက်ကို အကဲဖြတ်ခြင်းနှင့် အများပြည်သူနှင့်ဆက်ဆံရေး

ကျောင်းစာကြည့်တိုက်သည် စာတတ်မြောက်မှု၊ ပညာရေး၊ သတင်းအချက်အလက် ဖန်တီးခြင်း၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးလာမှုတို့အတွက် နှစ်ရှည်မဟာဗျူဟာ အနေနှင့်ဆောင်ရွက်ထားရန် လိုအပ်သည်။

### ၆၊၁ -နိဒါန်း

သုတေသနများစွာက ကျောင်းသားများ အောင်မြင်မှုအတွက် အပြုသဘောဆောင်သောထိရောက်မှု အဖြစ် အရင်းအမြစ်များစွာ စုဆောင်းထားသော စာကြည့်တိုက်များတွင် အတတ်ပညာရှင် စာကြည့်တိုက်မှူးများခန့်အပ်ထားခြင်းသည် ဆက်စပ်မှု ရှိနေသည်ဟု ဖော်ပြကြသည်။ ဥပမာ-LRS (2015) School Libraries Impact Studies in the USA (www.lrs.org/data-tools/school-libraries/impactstudies) and Williams, Wavell, C., and Morrison (2013) in the United Kingdom (www.scottishlibraries.org/storage/sectors/schools/SLIC_RGU_Impact_of_School_Libraries_

2013.pdf။ဤသုတေသနသည်လူသိများခြင်းမရှိသော်ငြားလည်း၊ကမ္ဘာတဝှမ်းတွင်ကျောင်းစာကြည့်တိုက်များလျှော့ချခြင်းများကြုံတွေ့နေရပြီဖြစ်သည်။ထိုသို့လျှော့ချခြင်းဖြင့်ကျောင်းစာကြည့်တိုက်များတွင်အတတ်ပညာရှင် စာကြည့်တိုက်မှူးများ ဆုံးရှုံးမှုကို ရလဒ် ကြုံတွေ့နေရသည်။ ထိုသို့ အတတ်ပညာရှင် စာကြည့်တိုက်မှူးများမရှိလျှင် ပညာရပ်တိုးတက်မှုနှင့် ကျောင်းသားများအောင်မြင်မှု၏ အင်အားဖြစ်သောကျောင်းစာကြည့်တိုက်များ၏ အလားအလာ လည်း ဆုံးရှုံးမည်ပင်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များ၏အကျိုးသက်ရောက်မှုကိုလွန်ခဲ့သောဆယ်နှစ်ကစ၍အကဲဖြတ်လေ့လာခဲ့ရာအချိန်ပြည့်အရည်အသွေးမီဝန်ထမ်းများခန့်အပ်ထားသောစာကြည့်တိုက်များရှိကျောင်းသားများ၏အောင်မြင်မှုကအများဆုံးဖြစ်ကြောင်းလေ့လာသိရှိခဲ့ကြသည်။ကျောင်းစာကြည့်တိုက်များ၏အပြုသဘောဆောင်သောအကျိုးအရပညာသင်ကြားနေသောကျောင်းသားများသည်ဆင်းရဲသားများ၊လူနည်းစု၊မသန်မစွမ်းကလေးငယ်များသင်ကြားနေသောကျောင်းများတွင်ဟာကွက်များမရှိအောင်ကူညီပေးသည်။ထိုသို့အချိန်ပြည့်ကျွမ်းကျင်ဝန်ထမ်းခန့်အပ်ထားသောစာကြည့်တိုက်များနှင့်အခြားစာကြည့်တိုက်များသည်အောက်ပါတို့နှင့်ဆက်စပ်နေသည်ကိုတွေ့နိုင်သည်။-

ပူးပေါင်းဆောင်ရွက်ချက်၊ညွှန်ကြားချက်၊အစီအစဉ်ရေးဆွဲခြင်း၊အချက်အလက်ရရှိနိုင်မှု၊နည်းပညာ၊စုဆောင်းထားမှုများ၊ဘက်ဂျက်နှင့်အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ဖြစ်သည်။အဘယ်ကြောင့်ဆိုသော်ကောင်းစွာစုဆောင်းထားသောကျောင်းစာကြည့်တိုက်များသည်ယခုအခါကျောင်းသားများနှင့်ဆရာများကိုအွန်လိုင်းရှာဖွေမှုများဘယ်အချိန်မဆိုအသုံးပြုကြရန်ကမ်းလှမ်းလျှက်ရှိကြပြီးထိုကဲ့သို့ပြုလုပ်ရန်လိုအပ်သောနေရာအကျယ်အဝန်း၊အချိန်နှင့်ဒစ်ဂျစ်တယ်အသုံးပြုမှုများအတွက်အလားအလာရှိသောအနာဂတ်သုတေသနလုပ်ငန်းများဖြင့်အကဲဖြတ်ရန်လိုအပ်ပါသည်။

အကဲဖြတ်ခြင်းသည်ကျောင်းစာကြည့်တိုက်လုပ်ငန်းများအကောင်အထည်ဖော်ရန်လိုအပ်သောလက္ခဏာတစ်ရပ်ဖြစ်ပြီးဆုံးဖြတ်ရာတွင်သို့မဟုတ်ပြဿနာဖြေရှင်းရာတွင်လမ်းညွှန်ပေးနိုင်သည်။အကဲဖြတ်ခြင်းသည်လူအများ၏စာကြည့်တိုက်နှင့်ပက်သက်သောအတွေးအခေါ်များကိုလွှမ်းမိုးနိုင်ပြီးစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပေးနိုင်သည်။စာကြည့်တိုက်၏ရှေ့လုပ်ငန်းစဉ်သစ်များကိုဖန်တီးရန်လှုံ့ဆော်ပေးပြီး၊ရှေ့ဆက်ရန်လမ်းကြောင်းကိုအဆုံးအဖြတ်ပေးရန်အကူအညီပေးသည်။

အကျိုးရလဒ်အနေဖြင့်၊ကျောင်းစာကြည့်တိုက်ကိုအကဲဖြတ်ခြင်းသည်ကျောင်း၏ပညာရေးစီမံကိန်းများကို အကဲဖြတ်ခြင်းမှခွဲထွက်၍မရနိုင်ပေ။ကျောင်းစာကြည့်တိုက်ကိုအကဲဖြတ်ခြင်းသည်ကျောင်း၏အာမခံအစီအစဉ်များနှင့်တစ်သားတည်းဖြစ်စေရန်လိုအပ်သည်။

### ၆၊၂ -ကျောင်းစာကြည့်တိုက်ကို အကဲဖြတ်ခြင်း အထောက်အထားကို အခြေခံသော ကျင့်စဉ်

ကျောင်းစာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်မှူးများသည် တစ်ပုံစံတည်းဖြင့် အကဲဖြတ်မှု နည်းပါးလွန်းပြီး ထိုသို့ အကဲဖြတ်ခြင်း ဖြင့် စာကြည့်တိုက်၏ အစီအစဉ်များနှင့် လုပ်ငန်း များကို ပန်းတိုင်ရောက်အောင် လုပ်ဆောင်ပေးသည်။ အကဲဖြတ်ခြင်းဖြင့် စာကြည့်တိုက်ကို အသုံးပြုသူများ သည် စာကြည့်တိုက်၏ လုပ်ငန်းဆောင်တာများမှ အကျိုး ပမာဏ ကို သတိပြုမိစေသည်။ ထို အစီအစဉ်များနှင့် လုပ်ငန်းများသည် စာကြည့်တိုက်ဝန်ထမ်းများနှင့် အသုံးပြုများ နှစ်ဘက်စလုံးကို နားလည် သဘောပေါက် စေရန် အကူအညီပေးသည်။

အထောက်အထားကို အခြေခံသော ကျင့်စဉ်သည် အချက်အလက်ကောက်ယူမှုနှင့် ခွဲခြမ်းစိတ်ဖြာခြင်း ကို အခြေခံထားပြီးကျင့်သုံးရာတွင် တိုးတက်မှု ရှိစေရန် ရည်ရွယ်သည်။ အကဲဖြတ်ခြင်းသည် အထောက်အထားကို အခြေခံသော လုပ်ဆောင်မှု အစိတ်အပိုင်းအဖြစ် ယေဘုယျ ကျဉ်းမြောင်းသော နယ်ပယ်အတွင်းတည်ရှိသည်။ အချက်အလက်ကောက်ယူမှုနှင့် ခွဲခြမ်းစိတ်ဖြာခြင်းသည် အထောက်အထားကို အခြေခံသော ဖြစ်စဉ်နှင့် ဆက်စပ်နေပြီး အရင်းအမြစ်အမျိုးမျိုးမှ ရသော အွန်လိုင်းနှင့် ကတ်တလောက် စနစ် (OPAC) ဖြင့် ညွှန်ကြားချက်ပုံစံကကျောင်းသား၊ ဆရာ၊ မိဘများ၏ အတန်းလိုက်၊ အခန်းလိုက် သို့မဟုတ် ဘာသာရပ်အလိုက် ဆာဗေးများကို မှတ်တမ်းတင်ထားကြရသည်။

### ၆၊၃ -ကျောင်းစာကြည့်တိုက် အကဲဖြတ်ခြင်း ချဉ်းကပ်မှုများ

ကျောင်းစာကြည့်တိုက် အကဲဖြတ်ရာတွင် ပတ်ဝန်းကျင်နှင့် ဆက်စပ်သည့် အရာများပါဝင်သည်။ ကျောင်းစာကြည့်တိုက်တစ်ခု အကဲဖြတ်ရာတွင် စာကြည့်တိုက်တစ်ခုလုံး၏ အစီအစဉ် လုပ်ငန်းများ၏ အရည်အသွေး ကို နယ်ပယ် ကျယ်ဝန်းစွာ စူးစိုက်ကြည့်ပြီး တန်ဖိုးဖြတ်သူမှ ရလဒ်အဆင့်တန်ဖိုးကို အဆင့်အတန်းမီစေသည်။(နောက်ဆက်တွဲ ဒီတွင်ကြည့်ရန်။ : Sample School Library Evaluation

Checklist and Appendix E: School Library Evaluation Checklist for Principals).ကျောင်းအများစု၏အကဲဖြတ်ခြင်းသည်စာကြည့်တိုက်မှူးကစီမံခန့်ခွဲသည့်ကိုယ်တိုင်သင်ယူလေ့လာခြင်းပုံစံပါဝင်သည်။အခြားဖြစ်နိုင်ခြေရှိသောကျောင်းစာကြည့်တိုက် အကဲဖြတ်မှုများတွင် ပါဝင်ပက်သက်သူများ၏ အသိအမြင် ၊ ပရိုဂရမ်တွင်ပါဝင်သည့်အရာ၊ ပရိုဂရမ်၏ အကျိုးသက်ရောက်မှုစသည် တို့ ပါဝင်သည်။ အထောက်အထားကို အခြေခံသော ကျင့်စဉ်သည် ကျောင်းစာကြည့်တိုက် အကဲဖြတ်မှုများကို ချဉ်းကပ်နေဆဲ ဖြစ်သည်။

## ၆၊၃၊၁ -လုပ်ငန်းစဉ်၏ အရည်အသွေး

ကျောင်းစာကြည့်တိုက် တစ်ခုလုံး၏အစီအစဉ်လုပ်ငန်းများအရည်အသွေးကိုအကဲဖြတ်ခြင်းသည် သာမန်အားဖြင့် ရေရှည်လုပ်ငန်းဖြစ်ပြီး ပြီးမြောက်ရန် နှစ်များစွာကြာသည်။ ပြုဖွယ်များစွာလည်းလိုအပ်သည်။ ၎င်းကို ကျောင်း ၏ တရားဝင် အသိအမှတ်ပြု လုပ်ငန်းစဉ်တစ်ခု အနေနှင့် မှုဘောင်များ ချမှတ်ခြင်းကို ဦးစွာလုပ်ဆောင်ရသည်။ နောက်မှ ပြီးပြည့်စုံသော ပရိုဂရမ်ဖြင့် ခိုင်မာသော စီမံခန့်ခွဲမှုဖြင့် ပံ့ပိုးပေးရပြီး ပြင်ပအတိုင်ပင်ခံများနှင့် ရေးဆွဲ ချမှတ်ရမည်။ ပြီးပြည့်စုံသော ပရိုဂရမ်ဖြင့် အကဲဖြတ်ခြင်းသည် ခိုင်မာသော စီမံခန့်ခွဲမှုပံ့ပိုးပေးခြင်းဖြစ်သည်။ သို့သော်လည်း တန်ဖိုးကိုမူ ပရိုဂရမ် တစ်စိတ်တစ်ပိုင်း ဖြင့် အကဲဖြတ်ခြင်း၊ လိုအပ်သော အရင်းအမြစ်များကို ကန့်သတ်၍ အသုံးပြုခြင်းတို့ ဖြင့် အကဲဖြတ်နိုင်သည်။ ဥပမာ- စာကြည့်တိုက်အခြေခံသော လှုပ်ရှားမှုများ ကို အချိန်အတိုင်းအတာ တစ်ခုအတွင်း သို့မဟုတ် ပညာရေးနှစ် တစ်နှစ်အတွင်းတွင် ကျောင်းသား နှင့်ဆရာ ရာခိုင်နှုန်း မည်မျှက ဤလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သနည်း ဟူသော လေ့လာမှုများသည် စာကြည့်တိုက်ကို အခြေခံသော လမ်းညွှန်ချက် နယ်ပယ်ပေါ်တွင် မူတည်နေသည်။ စာကြည့်တိုက်၏ စံနှုန်းများကို နှိုင်းယှဉ်မှုသည် ထားရှိပစ္စည်း၊ စုဆောင်းမှု ကဲ့သို့သော လုပ်ငန်းများ အစီအစဉ်များ၏ လက္ခဏာသွင်ပြင်များ ဖြစ်နိုင်သည်။

## ၆၊၃၊၂ -ပါဝင်ပက်သက်သူများ၏ ခံယူချက်များ

သုတေသန ပြုချက်များအရ ပါဝင်ပက်သက်သူများ၏ သဘောထားအမြင်ကို အကဲဖြတ်ခြင်းသည် ကျယ်ပြန့်သော လှုံ့ဆော်မှုကို ပေးသည်။ အဓိက သုတေသနလေ့လာမှုများပြုလုပ်စဉ် ကျောင်းအများစု၏

အရင်းအမြစ်ထက် ပိုလွန်နေမြဲ ဖြစ်သောကြောင့် ရိုးရှင်းပြီး အကျိုးရှိသော ဆုံးဖြတ်ချက် များ ပေးနိုင်ကြသည်။ ဥပမာ နှစ်ခုမှာ စီရင်စု မှ အားရကျေနပ်ခြင်း လေ့လာချက်၊ ကျောင်းကိုအခြေခံသော လေ့လာချက် သို့မဟုတ် တုံ့ပြန်ချက် အုပ်စု လေ့လာချက်တို့ ဖြစ်သည်။

ကျောင်းအများစု သို့ မဟုတ် ကျောင်း အာဏာပိုင်များ၌ ကျောင်းသားများ၊ ဆရာများ၊ မိဘများက ပြုလုပ်သော နှစ်စဉ် ကျေနပ်မှုလေ့လာချက်များအပေါ် အမြင် အမျိုးမျိုးရှိကြသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် အလွန်အကျိုးရှိသော စာကြည့်တိုက်လုပ်ငန်းများနှင့် ဆက်စပ်နေသော မေးခွန်း တစ်စုံ သို့မဟုတ်နှစ်စုံ ရရှိအောင်ကြိုးစားခြင်းသာ ဖြစ်သည်။ အစပိုင်းတွင် အကျိုးသက်ရောက်မှု မရှိသော်လည်း ထောက်ခံ စည်းရုံးပေးခြင်း ဖြင့် မေးခွန်း များသည် စာကြည့်တိုက်၏ လုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင် အရေးပါကြောင်း နားလည်လာကြသည်။

စာကြည့်တိုက်နှင့်ပက်သက်၍ ကျောင်းသားများဘက်မှ အမြင်ကို ရယူချဉ်းကပ်လေ့လာရန် ကျောင်းအုပ်၏အကူအညီဖြင့် ပထမတန်းမှ စ၍ အခန်းတိုင်းကို ဆာဗေး မေးခွန်းများဖြစ်သော ( တို့ရဲ့ ကျောင်းစာကြည့်တိုက်ကို ဘာတွေက ကောင်းအောင်လုပ်ပေးလဲ) (ပိုကောင်းအောင် ဘာတွေလုပ်သင့်သလဲ) စသဖြင့် မေးခွန်း အချက်အလက်များ ကောက်ယူစိစစ်ပြီး ဆရာမများ ဝန်ထမ်းများ မိဘများထံသို့ မျှဝေပေးကြရမည်။

အလယ်တန်းကျောင်းသားများနှင့်သင့်လျော်သောချဉ်းကပ်မှုသည်အခန်းတိုင်း၏ကျောင်းသားကိုယ်စားလှယ်များခန့်၍ကျောင်းစာကြည့်တိုက်၏လုပ်ငန်းများနှင့်အရင်းအမြစ်များအပေါ်တုံ့ပြန်ချက်ပေးရန်လုပ်ဆောင်သင့်သည်။တုံ့ပြန်ချက်များစွာရပြီးသည့်နောက်ကျောင်းသားများကိုသူတို့၏ကျောင်းစာကြည့်တိုက်များအတွက်ဘာတွေပိုလုပ်စေချင်သလဲ၊ဘာတွေကိုလျှော့စေချင်သလဲဆိုတာနှင့်သူတို့လေ့လာနေသောကျောင်းစာကြည့်တိုက်နေရာကိုပိုကောင်းအောင်ဘယ်လိုပြဿနာတွေကိုရင်ဆိုင်သင့်သလဲဆိုတာကိုမေးမြန်းရမှာဖြစ်ပါတယ်။ ချဉ်းကပ်နည်းနှစ်ခုစလုံးကိုလွယ်ကူစွာပြုပြင်ပေးခြင်းဖြင့်စာကြည့်တိုက်၏လုပ်ငန်းများနှင့်ပရိုဂရမ်များကိုအပိုင်းလိုက်တိကျစွာအကဲဖြတ်နိုင်ပါသည်။

၆၊၃၊၃ -လုပ်ငန်းစဉ်၏ မာတိကာ

ကျောင်းစာကြည့်တိုက်တစ်ခု၏ ပရိုဂရမ် မာတိကာကို အကဲဖြတ်ရာတွင် ကျယ်ပြန့်နိုင်သလို ကျဉ်းမြောင်းနိုင်သည်။ တစ်ကြိမ်တည်းသော်လည်းကောင်း ဆက်လက်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ ကိုယ်တိုင်သင်ယူလေ့လာမှု သည် သင်ကြားလေ့လာမှု ရလဒ်များကို စာကြည့်တိုက် အခြေခံသော လမ်းညွှန်မှု များဖြင့် နှစ်များစွာ ကြာအောင် လေ့လာသုံးသပ်ကြည့်ရှု မှု ပုံစံမျိုး ဖြစ်သည်။ လေ့လာမှု ရလဒ်များသည် စာကြည့်တိုက်အခြေခံသော လမ်းညွှန်မှု များသည် သင်ရိုးညွှန်းတမ်းတစ်ခုမကသော သင်ကြားမှုများမှ ထွက်ပေါ်လာသော ရလဒ်များနှင့် နှိုင်းယှဉ်နိုင်သည်။

အခြား ချဉ်းကပ်မှု က အတန်းပိုင်ဆရာများနှင့် သို့မဟုတ် ဌာနခေါင်းဆောင်များနှင့် စာကြည့်တိုက်အခြေခံသော လမ်းညွှန်မှုမှလေ့လာမှု ရလဒ်များသည် အုပ်စုဖွဲ့ဆွေးနွေးကြခြင်း (FGD) ဖြစ်သည်။အကောင်းဆုံးရလဒ်များအတွက်(

ဆွေးနွေးမှုများနှင့်ပွင့်လင်းစွာအကဲခတ်ခြင်း)၊ကဆွေးနွေးရန်အဖွဲ့များကိုစာကြည့်တိုက်မှူးရွေးချယ်ဖွဲ့စည်းခြင်း မဟုတ်ဘဲတတိယအဖွဲ့အစည်းတစ်ခုဖြစ်သောပြင်ပတန်ဖိုးဖြတ်သူ၊စာကြည့်တိုက်မှူး၏လုပ်ဖော်ကိုင်ဖက်အခြားကျောင်းမှသင်ကြားရေးအတိုင်ပင်ခံမှအကောင်းဆုံးရွေးချယ်ဖွဲ့စည်းစေခြင်းဖြစ်သည်။

## ၆၊၃၊၄ -လုပ်ငန်းစဉ်၏ အကျိုးသက်ရောက်မှု

ကျောင်းစာကြည့်တိုက်အကျိုးသက်ရောက်မှုအကဲဖြတ်ခြင်းသည်တန်ဖိုးမြင့်အမြင်ဖြစ်ပြီးကျောင်းသားများအတွက်ကျောင်းစာကြည့်တိုက်စူးစမ်းမှုကိုအာရုံပြုထားသည်။ကျောင်းသားများသင်ယူထားသောအရာများထဲမှရှာဖွေနိုင်ခြင်းသည်အရေးကြီးသည်။ဥပမာ-

စူးစမ်းမှုပရောဂျက်များသည်ကျောင်းသားများ၏ဖွံ့ဖြိုးတိုးတက်ခြင်း၊ခေါင်းစဉ်တစ်ခုကိုနားလည်ခြင်း၊စူးစမ်းမှုကိုမည်သို့နည်းလမ်းများဖြင့်ပြုလုပ်ရမည်ကိုသိခြင်း၊နှင့်၎င်းတို့၏လေ့လာသင်ယူခြင်းအရေးကြီးပုံကိုနားလည်သဘောပေါက်ခြင်းတို့ကိုရလဒ်အနေနှင့်ရရှိသင့်သည်။ဥပမာ-

သင်ကြားလေ့လာရာတွင်အကျိုးသက်ရောက်မှုအနေနှင့်ကျောင်းသားများဘယ်လိုမျိုးစူးစမ်းလေ့လာမှုပရောဂျက်ကိုရှာဖွေတွေ့ရှိလဲပင်ဖြစ်သည်။မူလတန်းကျောင်းသားများ grade ၁-၆တို့ကိုသူတို့၏ပရောဂျက်များပြီးဆုံးချိန်တွင်လူတွေ့မေးမြန်းနိုင်သည်။-

- သင့်ရဲ့ပရောဂျက်အကြောင်းပြောပြနိုင်မလား-
  စာအုပ်တွေနဲ့ကွန်ပျူတာတွေကိုဘယ်လိုသုံးသလဲ။ဘယ်ဟာကအလုပ်ဖြစ်ပြီးဘယ်ဟာကပြဿနာဖြစ်စေတာလဲ။
- သင်ဘယ်လိုမျိုးစတင်ခဲ့သလဲ။အလယ်မှာရောဘာလုပ်ခဲ့သလဲ။နောက်ဆုံးမှာကရောဘယ်လိုပြီးလဲ။ဒီအချက်တစ်ခုချင်းစီတိုင်းမှာသင်ဘယ်လိုခံစားရလဲ။
- သင်ဘာတွေသင်ယူခဲ့သလဲ။သင့်ရဲ့မှတ်ဉာဏ်ထဲမှာဘာတွေထွက်ပေါ်လာသလဲ။သင့်ရဲ့ပရောဂျက်ကိုပြင်ပကိုရောမျှဝေဖူးပါသလား။သင့်ပရောဂျက်ကဘယ်လိုအလုပ်မျိုးတွေကိုကျောင်းပြင်ပမှာလူတွေလုပ်ကြသလဲ။

အလယ်တန်းကျောင်းသားများကိုအသုံးပြုခြင်းသည် School Library Impact measure နှင့်ထပ်တူညီ၍ဖြစ်သည်။၎င်းကို Student Learning Impact Measure , SLIM ဟုခေါ်သည်။စူးစမ်းလေ့လာမှုတွင်အချက်သုံးချက်ရှိပြီးကျောင်းသားများကိုဤအချက်များပြည့်စုံအောင်မေးမြန်းသင့်သည်။

- ခေါင်းစဉ်အတွက်အချိန်အနည်းငယ်ယူပါ။သင်သိသောအကြောင်းအရာများကိုချရေးပါ။
- ဤခေါင်းစဉ်ကိုသင်ဘယ်လောက်စိတ်ဝင်စားသလဲ။
- ဤခေါင်းစဉ်ကိုသင်ဘယ်လောက်သိသလဲ။
- သင့်၏သုတေသနပရောဂျက်အပေါ်အခြေခံပြီးပိုလွယ်အောင်ဘယ်လိုလုပ်မလဲ။
- သင့်၏သုတေသနပရောဂျက်အပေါ်အခြေခံပြီးအခက်ဆုံးကဘာလဲ။
- ဤသုတေသနမှ သင်ဘာတွေ သင်ယူနိုင်ခဲ့သလဲ။ (ဤမေးခွန်းကို အားလုံးပြီးဆုံးမှ မေးပါ)

အခြား ကျောင်းသားများ၏ အသွင်အပြင်များသည်-

- အရင်းအမြစ်ကိုဖော်ထုတ်နိုင်မှု၊ယုံကြည်အားထားရမှု၊ကျိုးကြောင်းညီညွတ်ခိုင်လုံမှုနှင့်သတင်းအချက်အလက်နှင့်ဆက်စပ်နေမှုစွမ်းရည်။
- ယုံကြည်အားထားရသောကောင်းစွာသတင်းဖြန့်ဝေပေးသောထုတ်ကုန်များအဖြစ်ဖန်တီးနိုင်သောစွမ်းရည်။

- ဒီဂျစ်တယ်လက္ခဏာများကိုအားကိုးလောက်အောင်စီမံခန့်ခွဲနိုင်သောစွမ်းရည်တို့ရှိရမည်။

ကျောင်းသားများ၏အင်တာဗျူးမေးခွန်းများသတင်းလွှာတုံ့ပြန်မှုအဖြေလွှာများကိုစိစစ်ချက်များသည်ကျောင်းစာကြည့်တိုက်မှူးများနှင့်ဆရာဆရာမများအတွက်အချိန်ကုန်စေသောလေ့ကျင့်ခန်းဖြစ်သော်လည်း၊ကျောင်းသားများ၏သင်ရိုးမာတိကာကိုနားလည်ခြင်း၊ကျောင်းသားများ၏ဗဟုသုတဖြင့်သတင်းအချက်အလက်လွှဲပြောင်းမှုနည်းလမ်းတို့သည်ကျောင်း၊အလုပ်၊ပြင်ပအတွက်အရေးကြီးကြောင်းနားလည်သဘောပေါက်စေရန်ဖြစ်သည်။စူးစမ်းမှုသင်ကြားရေးနည်းလမ်းကိုပါဝင်ဆွေးနွေးကြသောကျောင်းသားများအနေဖြင့်အခြားကျောင်းသားများကိုသူတို့၏ကိုယ်ပိုင်လေ့လာရေးနည်းလမ်းများကိုစောင့်ကြည့်မှတ်သားပြင်ဆင်နိုင်ကြစေရန်နှင့်သတိပြုမိစေရန်အထောက်အကူပြုပါသည်။

## ၆၊၃၊၅ -အထောက်အထားကို အခြေခံသော ကျင့်စဉ်

အထောက်အထားကို အခြေခံသော ကျင့်စဉ်သည်ဒေတာများအသုံးပြုရာတွင်ဆုံးဖြတ်ချက်ချရန်ပေါင်းစပ်ခြုံငုံသုံးသပ်သောပုံစံဖြစ်သည်။ဤပုံစံသည်စာကြည့်တိုက်တွင်ဒေတာပုံစံသုံးမျိုးကိုပေါင်းစပ်ပေးသည်။- ၁။ကျင့်သုံးရန်အထောက်အထား (သမားရိုးကျသုတေသနမှ တွေ့ရှိချက်ကို အသုံးပြုခြင်း)၊ ၂။ကျင့်သုံးလျှက်ရှိ သောအထောက်အထား ( ဒေသတွင်းမှ ရရှိသော အချက်အလက်များကို ပုံစံပြောင်း၍ ကျင့်သုံးခြင်း)၊ ၃။ ကျင့်သုံးမှု၏အထောက်အထား (အသုံးပြုသူကပေးအပ်သော အထောက်အထားကိုသုံးပြီး စာကြည့်တိုက်မှူး၏ လုပ်ဆောင်ချက်ရလဒ်တို့ကို ဖော်ပြခြင်း) (Todd,2007)။ကျောင်းစာကြည့်တိုက်များသည်၎င်းတို့၏ကျွမ်းကျင်သောပညာနှင့်သုတေသနလုပ်ငန်းအကျဉ်းချုပ်များမှ အထောက်အထားအတွက် အခွင့်အလမ်းရရှိကြသည်။ (ဥပမာ- Haycock, 1992; Kachel at al, 2013)။ကျောင်းစာကြည့်တိုက်မှူးများသည်လက်ရှိကျင့်သုံးလျှက်ရှိသောအထောက်အထား ( စာငှားမှတ်တမ်းများနှင့်စာဖတ်မြှင့်တင်ပွဲများအတွက်အစီအစဉ်များ၊ထိုပွဲများအတွက်လိုအပ်သည်များဝယ်ယူရန်ဆုံးဖြတ်ချက်များ၊အစီအစဉ်များ၊နှင့်ကျောင်းသားများအားလုံးစူးစမ်းမှုအခြေပြုလေ့လာခြင်းကိုအတွေ့အကြုံရှိစေရန် )ကိုအသုံးပြု၍)။

### ၆၊၄ -ကျောင်းစာကြည့်တိုက်ကို အကဲဖြတ်ခြင်း၏ အကျိုးသက်ရောက်မှုများ

အကဲဖြတ်ခြင်းသည်လက်ရှိဖြစ်ပေါ်နေသောစဉ်ဆက်မပြတ်တိုးတက်မှုစက်ဝိုင်းအတွက်အတိမ်းအစောင်းမခံသောသဘောရှိသည်။စာကြည့်တိုက်၏ပရိုဂရမ်များ၊လုပ်ငန်းများနှင့်ကျောင်း၏ရည်မှန်းချက်ပန်းတိုင်ကိုချိန်ညှိပေးသောအရာလည်းဖြစ်သည်။အကဲဖြတ်ခြင်းသည်ကျောင်းစာကြည့်တိုက်၏လုပ်ငန်းများမှရရှိသောအကျိုးများမှဆင်းသက်လာသည်ဟုသရုပ်ဖော်နေကြသည်။အကဲဖြတ်ခြင်းသည်ကျောင်းစာကြည့်တိုက်၏လုပ်ငန်းများတိုးတက်ရန်လိုအပ်သောအထောက်အထားကိုပေးသည့်အပြင်ဝန်ထမ်းများရောအသုံးပြုသူများကိုပါအဆိုပါလုပ်ငန်းများ၏တန်ဖိုးကိုသိနားလည်စေသည်။အောင်မြင်သောအကဲဖြတ်ခြင်းသည်ပရိုဂရမ်များအသစ်လဲလှယ်သက်တမ်းတိုးခြင်းကိုလုပ်ဆောင်ပေးသည့်အပြင်အများပြည်သူဆက်ဆံရေးနှင့်ဆက်စပ်နေသောပဏာမခြေလှမ်းအတွက်လည်းမရှိမဖြစ်လိုအပ်သည်။

### ၆၊၅ -ကျောင်းစာကြည့်တိုက်နှင့် အများပြည်သူ ဆက်ဆံရေး

ကျောင်းစာကြည့်တိုက်နှင့် အများပြည်သူဆက်ဆံရေး၏ သဘောထားသည် စာကြည့်တိုက်နှင့်အများပြည်သူတို့အကြားအကျိုးစီးပွားတည်ဆောက်ရန်နှစ်ရှည်မဟာဗျူဟာချမှတ်ခြင်းပင်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်နှင့် ပါဝင်ပက်သက်သူများ (၃၊၅၊၄ - တွင် ကြည့်)။

စာကြည့်တိုက်မြှင့်တင်ခြင်းနှင့် ဈေးကွက်တင်ခြင်းသည် ပို၍ လျှင်မြန်သော အရင်းအမြစ်များနှင့် စာကြည့်တိုက်အလုပ်များကို စာကြည့်တိုက်အသုံးပြုသူများ ရရှိစေရန်အပေါ်တွင် အာရုံစိုက်ထားသည်။ ဆန့်ကျင်ဖက်တွင် အများပြည်သူ ဆက်ဆံရေးသည် အဓိကအားဖြင့် အတွေးအခေါ် တစ်ခုအတွက် ပြောင်းလဲခြင်းတစ်ရပ်ပင် ဖြစ်သည်။ ရေရှည်တွင် အထောက်အပံ့ပေးသော ဆက်ဆံရေးစနစ်ကို စာကြည့်တိုက်နှင့် ပါဝင်ပက်သက်သူများအကြား တည်ဆောက်ပေးရန် လိုသည်။ ၎င်းသည်ပင် ကျောင်းစာကြည့်တိုက်နှင့် အများပြည်သူ ဆက်ဆံရေး ဖြစ်သည်။ စာကြည့်တိုက်မြှင့်တင်ခြင်းနှင့် ဈေးကွက်တင်ခြင်း ၊ ဆက်ဆံရေး တည်ဆောက်ခြင်းနှစ်ခုစလုံးကို ကောင်းစွာ စီမံတတ်ရန် စနစ်တကျ အကောင်အထည်ဖော်ရန် လိုသည်။ ဈေးကွက်မြှင့်တင်ခြင်းသည် စာကြည့်တိုက်မှူး၏ အလုပ်တစ်ပိုင်းပင် ဖြစ်ရာ ဆက်ဆံရေး တည်ဆောက်ခြင်းကိုလည်း စီမံရန် လုပ်ဆောင်ရန် လိုသည်။ ဤအကြောင်းအရာတွင် ပါဝင်ပက်သက်မှုအဖြစ် စာကြည့်တိုက်အသုံးပြုပုံပင်ဖြစ်သည်။ အထောက်အပံ့ပေးသော

ဆက်ဆံရေးစနစ်၏ ဗဟိုသည် အဆုံးအဖြတ်ပေးနိုင်သောသူများပင်ဖြစ်သည်။ စာကြည့်တိုက်၏ ရံပုံငွေ ၊ အခြား ထောက်ပံ့မှုများ သည်လည်း စာကြည့်တိုက်မှူး ၏ အလုပ်လုပ်ဆောင်နိုင်ရန် အလားအလာများလည်း ဖြစ်သည်။

## ၆၊၅၊၁ -စာကြည့်တိုက်မြှင့်တင်ခြင်းနှင့် ဈေးကွက်တင်ခြင်း

စာကြည့်တိုက်မြှင့်တင်ခြင်း သည် စာကြည့်တိုက်အသုံးပြုသူများကို စာကြည့်တိုက်က မည်သို့ကမ်းလှမ်းသလဲ ဆိုသည်များနှင့် ဆက်သွယ်ပေးခြင်းပင် ဖြစ်သည်။ ဈေးကွက်တင်ခြင်းနည်းလမ်းနှစ်မျိုးဖြင့်လဲလှယ်ခြင်းဖြစ်ပြီးစာကြည့်တိုက်၏လုပ်ငန်းများကိုလိုအပ်သူများ၊ အလားအလာရှိသောနှစ်သက်စွာအသုံးပြုနေသူများထံသို့ပို့ဆောင်ပေးခြင်းပင်ဖြစ်သည်။ဎင်းလုပ်ငန်းများနှင့် ပံ့ပိုးမှုများသည်စာကြည့်တိုက်မှပံ့ပိုးပေးသောအရာများနှင့်ရည်ရွယ်သူအုပ်စုကိုထိတွေ့စေခြင်းများ၊စာကြည့် တိုက်၏လုပ်ဖော်ကိုင်ဖက်အနေနှင့်လည်းကောင်း၊အလိုရှိသောလုပ်ငန်းများနှင့်အရင်းအမြစ်များကိုပံ့ပိုးပေး သူအနေနှင့်လည်းကောင်းလုပ်ဆောင်ခြင်းဖြစ်သည်။ကျောင်းစာကြည့်တိုက်တစ်ခုတွင်ပါဝင်ပက်သက်သူများ နှင့်ပူးပေါင်း၍ရေးသားထားသောစာကြည့်တိုက်မြှင့်တင်ခြင်းနှင့် ဈေးကွက်တင်ခြင်း အစီအမံများရှိသင့်သည်။ ဎင်းအစီအမံတွင် အလိုရှိသောရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များကိုမည်သို့အောင်မြင်အောင်လုပ်ရမည် ဟူသော လုပ်ဆောင်ချက်အစီအစဉ်၊ အောင်မြင်အောင်လုပ်ရမည့် အကဲဖြတ်ခြင်းနည်းလမ်းများ ပါဝင်သင့် သည်။စာကြည့်တိုက်မြှင့်တင်ခြင်းနှင့်ဈေးကွက်တင်ခြင်းအစီအမံ(တန်ဖိုးဖြတ်အကဲဖြတ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်း၊ နှင့် နှစ်စဉ်စိစစ်တည်းဖြတ်ခြင်း) များကို စာကြည့်တိုက်မှူး၊ အုပ်ချုပ်သူအဖွဲ့က နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် စေ့စေ့စပ်စပ်လုပ်ဆောင်သင့်ပါသည်။

## ၆၊၅၊၂ -အများသိအောင် ဆောင်ရွက်ခြင်း

အများသိအောင် ဆောင်ရွက်ခြင်းသည် စီမံထားသည့် အကျိုးဖြစ်ထွန်းမှုကိုရရှိစေရန်ပုံစံမျိုးစုံဖြင့်နှစ်များစွာကြိုးစားခဲ့ကြခြင်းဖြစ်သည်။ကျောင်းစာကြည့်တိုက်ကို အများသိအောင်ဆောင်ရွက်ခြင်းသည်ဖွံ့ဖြိုးတိုးတက်၊နားလည်စေရန်တာဝန်ရှိသူများမှအထောက်အပံ့ပေးခြ င်းဖြစ်သည်။ကျောင်းစာကြည့်တိုက်ကိုသတိပြုမိစေရန်၊ဗဟုသုတတိုးပွားလာစေရန်၊အချိန်ပေးဆောင်ရွက်ရ

န်လိုသည်။ကျောင်းစာကြည့်တိုက်တာဝန်ရှိသူများ၊ပါဝင်ပက်သက်သူများသည်ကျောင်းစာကြည့်တိုက်ကိုအများသိအောင်ဆောင်ရွက်ခြင်းဖြင့်စာကြည့်တိုက်အသုံးပြုသူများထက်ပို၍အာရုံစိုက်သင့်သည်။

အများသိအောင် ဆောင်ရွက်ခြင်းသည် ဆက်နွယ်ချက် တည်ဆောက်မည့် အကြောင်း ပင်ဖြစ်သည်။ ၎င်းသည် အခြားသူများကို လွှမ်းမိုးထားသည့် အကြောင်းဖြစ်သည်။ သုတေသန ပြုချက်အရ တကမ္ဘာလုံးက အသိအမှတ်ပြု စည်းကမ်းခြောက်ခု ကို လည်း တည်ဆောက်နိုင်ခဲ့သည်။ အများသိအောင် ဆောင်ရွက်ခြင်း အောင်မြင်စေရန်- အပြန်အလှန် သဘောထား၊ အကြိုက်တူညီမှု၊ အခွင့်အာဏာရှိခြင်း၊ လူမှုရေးသက်သေခံ ရှိခြင်း၊ ရှေ့နောက်ညီညွတ်ခြင်း၊ ကတိတည်ခြင်း နှင့် ရှားပါးမှု တို့ လိုအပ်သည်။ အပြန်အလှန် သဘောထား၊ အကြိုက်တူညီမှု တို့သည် ဆက်နွယ်ချက် တည်ဆောက်ခြင်းပင်ဖြစ်သည်။ လူတိုင်းသည်သူများအတွက် အလုပ်လုပ်ဆောင်ကြခြင်းဖြင့် အများအကျိုးဆောင်ရွက်လေ့ရှိကြသည်။ အခွင့်အာဏာရှိခြင်း၊ လူမှုရေးသက်သေခံ(အာမခံချက်) ရှိခြင်းတို့သည် မသေချာ မရေရာသော အချိန်တွင် ဆုံးဖြတ်ချက်ချရခြင်းဖြစ်သည်။ လူများသည် အထက်လူကြီးမှ တာဝန်ပေး၍လည်း တာဝန်ယူကြရခြင်းများလည်း ရှိတတ်သည်။ ရှေ့နောက်ညီညွတ်ခြင်း၊ ကတိတည်ခြင်း နှင့် ရှားပါးမှု တို့ကလည်း လူများကို တာဝန်ယူမှုများအတွက် လှုပ်ရှားမှု ဖြစ်စေနိုင်သည်။ လူများသည် ၎င်းတို့တန်ဖိုးနှင့်ကိုက်ညီမှုရှိသော အလုပ်ကို လုပ်ချင်ကြပြီး၊ သူတို့တန်ဖိုးထားသော အလုပ်ကို ဆုံးရှုံးမှုရှိနိုင်လို့ တားဆီးလာခဲ့ လျှင်တောင်မှ ဆက်လုပ်နေမည်ဖြစ်သည်။ အများသိအောင် ဆောင်ရွက်ခြင်း ပရိုဂရမ်ကို လမ်းညွှန်ရန် ၎င်းတို့ ကို စိတ်ထဲတွင် သိမ်းဆည်းထားသင့်သည်။ ဥပမာ- ကျောင်းစာကြည့်တိုက်မှူးများသည် အမျိုးသားစာကြည့်တိုက်အဖွဲ့အစည်းမှ အခြားစာကြည့်တိုက်မှူးများကို အမြဲတမ်း ရည်မှန်းချက်ထားပြီး ကျောင်းစာကြည့်တိုက်များ၏ မူဝါဒ ပြဿနာများကို ပံ့ပိုးမှုပေးနိုင်ရန် အမြဲတမ်း ဆက်သွယ်ရမည်။ အောက်ပါတို့သည် လမ်းညွှန်ချက်အတွက် မေးခွန်းများ ဖြစ်ပြီး အများသိအောင် ဆောင်ရွက်ခြင်း ပရိုဂရမ်ကို လုပ်ဆောင်ရာတွင် အကူအညီပေးရန် ရည်ရွယ်သည်။

- ရှားပါးမှု-

  အကယ်၍ကျောင်းစာကြည့်တိုက်များကိုကောင်းစွာထောက်ပံ့မှုမရှိခဲ့လျှင်အခြားစာကြည့်တိုက်မှူးများဘာတွေဆုံးရှုံးရမလဲ။

- တသမတ်တည်းဖြစ်ခြင်း၊ကတိတည်ခြင်း- သင်နှင့်အတူ ဘာတန်ဖိုးရှိတာတွေကို ဝေမျှပေးသလဲ။
- တာဝန်ရှိခြင်း- ဘယ်လိုမျိုးအကြံပြုချက်တွေကို အလေးအနက်ထားပါသလဲ။
- လူမှုရေးအာမခံချက်- ကျောင်းစာကြည့်တိုက်ကိုဘယ်အခြားအဖွဲ့အစည်းများကအထောက်အပံ့ပေးကြသလဲ။
- အခွင့်အာဏာရှိခြင်း- သင့်အနေနှင့်ရော အခြားစာကြည့်တိုက်မှူးများ၏ ပြဿနာများကို ဘယ်လို အထောက်အပံ့ပေးနိုင်သလဲ။
- ကြိုက်နှစ်သက်မှု- အခြားစာကြည့်တိုက်မှူးများကို သင်ဘာအချက်တွေကြိုက်သလဲ၊ နှင့် အဲ့ဒါကို သင်ဘယ်လို ပြသနိုင်မလဲ။

အများသိအောင် ဆောင်ရွက်ခြင်း ပရိုဂရမ်သည် စာကြည့်တိုက်မှူးများနှင့် သူ၏ အပေါင်းအသင်းများ ပူးပေါင်းကြပြီး စနစ်တကျ စီမံချက်များချ၍ ရှေ့သို့ ချီတက်ခြင်းပင်ဖြစ်သည်။ (IFLA Online Learning Programm)(www.of;a.org/bsla)

ကထိုသို့လုပ်ဆောင်လိုသောစာကြည့်တိုက်များကိုအရင်းအမြစ်များပံ့ပိုးပေးကြသည်။အများသိအောင် ဆောင်ရွက်ခြင်း ပရိုဂရမ်နှင့် သက်ဆိုင်သော အရာဝတ္ထုပစ္စည်းများ ကို ပံ့ပိုးပေးခြင်းသည်ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက်လည်းဖြစ်သည်။ ကျောင်းစာကြည့်တိုက်များကို ဖွံ့ဖြိုးတိုးတက်လာအောင်၊ အောင်မြင်မှုထိန်းသိမ်းနိုင်အောင် လိုအပ်သော ပရိုဂရမ် ဖြစ်သည်။ အများသိအောင်ဆောင်ရွက်ခြင်းပရိုဂရမ်၊ အကဲဖြတ်ခြင်းပရိုဂရမ်တို့သည် ကျောင်းများတွင်သင်ကြားခြင်းနှင့် သင်ယူခြင်း တို့ကို တိုးတက်စေရန် ပံ့ပိုးပေးသော အလုပ်ဖြစ်သည်။

အသုံးဝင်သောအရင်းအမြစ်များ

American Association of School Librarians.(2014). Advocacy.Retrieved from www.ala.org/aasl/advocacy

Cialdini, R. B. (2006). Influence: The psychology of persuasion (Rev. ed.). New York: Harper Business Books.

Department for Education and Office for Standards in Education, Children's Services and Skills [UK]. (2006). Improving performance through school self-evaluation and improvement planning. Retrieved from http://dera.ioe.ac.uk/5986/1/Improving_%20performance%20through%20school%20selfevaluation%20and%20improvement%20planning%20(PDF%20format).pdf

Department for Education and Skills and the School Libraries Working Group [UK]. (2004). Self-evaluation model: School libraries resource materials. Retrieved from www.informat.org/schoollibraries/index.html

FADBEN. (2012). The FADBEN manifesto: Teaching information-documentation and information culture. Retrieved from http://fadben.asso.fr/2012-FADBEN-Manifesto.html

Haycock, K. (1992). What works: Research about teaching and learning through the school's library resource center. Seattle, WA: Rockland Press.

Kachel, D. E., et al. (2013). School library research summarized: A graduate class project. Mansfield, PA: Mansfield University. Retrieved from http://sl-it.mansfield.edu/upload/MULibAdvoBklt2013.pdf

LRS (Library Research Service, Colorado State Library, Department of Education). (2015). School libraries impact studies. Retrieved from www.lrs.org/data-tools/school-libraries/impact-studies/

Mollard, M. (1996).Les CDI àl'heure du management [CDI on time management]. Paris: École nationale supérieure des sciences de l'information et des bibliothèques.

Oberg, D. (2009). Libraries in schools: Essential contexts for studying organizational change and culture. Library Trends, 58(1), 9-25.

Todd, R. (2007). Evidence based practice and school libraries: From advocacy to action. In S. Hughes-Hassell & V. H. Harada (Eds.), School reform and the school library media specialist (pp. 57-78). Westport, CT: Libraries Unlimited.

Todd, R. J., &Kuhlthau, C. C. (2005a). Student learning through Ohio school libraries, Part 1: How effective school libraries help students. School Libraries Worldwide, 11(1), 63-88.

Todd, R. J., &Kuhlthau, C. C. (2005b). Student learning through Ohio school libraries, Part 2: Faculty perceptions of effective school libraries. School Libraries Worldwide, 11(1), 89-110.

Todd, R., Kuhlthau, C., &Heinstrom, J. (2005).SLIM Toolkit. New Brunswick, NJ: Center for International Scholarship in School Libraries, Rutgers University. Retrieved from http://cissl.scils.rutgers.edu/index.html

Todd, R. J., Kuhlthau, C. C., & OELMA. (2004). Student learning through Ohio school libraries: The Ohio research study. Columbus, OH: Ohio Educational Library Media Association. Retrieved from www.oelma.org/studentlearning/default.asp

Williams, D., Wavell, C., & Morrison, K. (2013).Impact of school libraries on learning: Critical review of published evidence to inform the Scottish education community. Aberdeen, Scotland: Robert Gordon University, Institute for Management, Governance & Society (IMaGeS). Retrieved from www.scottishlibraries.org/storage/sectors/schools/SLIC_RGU_Impact_of_School_Libraries_2013.pdf.

ဝေါဟာရများစာရင်း

Advocacy-အများသိအောင်ဆောင်ရွက်ခြင်း

Bibliographic instruction- စာစုစာရင်းလမ်းညွှန်ချက်

Cataloguing-ကတ်တလောက်စာအုပ်စာရင်းပြုစုခြင်း

Circulation- စာငှားခြင်းလုပ်ငန်း

Citizenship-နိုင်ငံသားဖြစ်မှု

Civic engagement-နိုင်ငံသားနှင့်ဆိုင်သောဆက်စပ်မှု

Code of ethics-ကျင့်ဝတ်များ

Culture of information-သတင်းအချက်အလက်ဆိုင်ရာယဉ်ကျေးမှု

Curation-ကုသပေးခြင်း

Database-ကွန်ပျူတာထဲတွင်အသင့်သုံးနိုင်ရန်ထည့်သွင်းထားသောအချက်အလက်များ

Indegenous-ဒေသခံတိုင်းရင်းသား

Information Literacy-သတင်းအချက်အလက်ပညာရပ်

Library instruction, an inquiry based approach to-

စာကြည့်တိုက်လမ်းညွှန်ချက်၊စူးစမ်းမှုအခြေခံသောချဉ်းကပ်မှု

Library instruction , a sources approach to –စာကြည့်တိုက်လမ်းညွှန်ချက်၊ အရင်းအမြစ်အခြေခံသောချဉ်းကပ်မှု

Library program-စာကြည့်တိုက်ပရိုဂရမ်

Media literacy-မီဒီယာပညာရပ်

Media and information literacy-မီဒီယာနှင့်သတင်းအချက်အလက်ပညာ

Pathfinder-ရှေ့ဆောင်လမ်းပြ

School Library-ကျောင်းစာကြည့်တိုက်

School library program-ကျောင်းစာကြည့်တိုက်ပရိုဂရမ်

User education-စာကြည့်တိုက်အသုံးပြုသူအတွက် မည်သို့ အသုံးပြုရမည် ဆိုသည်ကို ပြသပေးခြင်း

စာစုစာရင်း

ဤစာကြည့်တိုက်လမ်းညွှန်၏ အခန်းဆုံးတိုင်းတွင် အသုံးဝင်သောအရင်းအမြစ်များကို အခန်း၏ခေါင်းစဉ်အလိုက်ဖော်ပြထားပါသည်။ ဤစာစုစာရင်းလမ်းညွှန်ကို ပြန်လည်သုံးသပ်ရာတွင် သုံးသပ်သူများကအကြံပေး တင်ပြချက်များကို လည်းကောင်း၊ ဆွေးနွေးညှိနှိုင်း တင်ပြချက်များကို လည်းကောင်း ထည့်သွင်းပေးထားသော်လည်း အရင်းအမြစ်များကိုမူ ချန်လှပ်ခဲ့ပါသည်။


Alexandersson, Mi., &Limberg, L. (2004). Textflyttochsökslump: Informationssökning via skolbibliotek [Moving text and searching by chance: Information retrieval through the school library]. Stockholm, Sweden: MyndighetenförSkolutveckling.

American Association of School Librarians. (2009). Empowering learners: Guidelines for school library programs. Chicago: American Library Association.

American Association of School Librarians. (2008). Learning 4 life: A national plan for implementation of Standards for the 21st-Century Learner and Guidelines for the School Library Media Program. Chicago: ALA. Retrieved from www.ala.org/aasl/learning4life

.American Association of School Librarians.(2009). Standards for the 21st-century learner in action. Chicago: AASL.

Asselin, M., & Doiron, R. (2013).Linking literacy and libraries in global communities. Farnham, England: Ashgate Publishing.

Barrett, H., et al. (2010). Skolbiblioteketsmöjligheter: Frånförskola till gymnasium [The possibilities of the school library: From pre-school to senior high school]. Lund, Sweden: BTJ Förlag.

Capra, S., &Ryan, J. (Eds.). (2002). Problems are the solution: Keys to lifelong learning. Capalaba, Australia: Capra Ryan & Associates.

Chapron, F. (2012). Les CDI des lycées et collèges: De l'imprimé au numérique [CDI or school libraries in high schools and junior high schools: From print to digital] (nouvelle édition). Paris, France: Presses universitaires de France.

Coatney, S. (Ed.). (2010). The many faces of school library leadership. Santa Barbara, CA: Libraries Unlimited.

Connaway, L., & Powell, R. (2010).Basic research methods for librarians. Westport, CT: Libraries Unlimited.

Cook, D., & Farmer, L. (Eds.). (2011). Using qualitative methods in action research. Chicago, IL: American Library Association.

Court, J. (Ed.). (2011). Read to succeed. London [UK]: Facet Publishing.

Crowley, J. D. (2011). Developing a vision: Strategic planning for the school librarian in the 21st century (2nd ed.). Santa Barbara, CA: Libraries Unlimited.

Das, L., &Walhout, J. (2012).Informatievaardighedenen de mediathecaris [Information literacy and the school media specialist].Rapport 30. Heerlen, Netherlands: Open Universiteit, Ruud de Moor Centrum.

Erikson, R., &Markuson, C. (2007). Designing a school library media center for the future (2nd ed.). Chicago: American Library Association.

Farmer, L. (2014). Introduction to reference and information and services in today's school library. Lanham, MD: Rowman & Littlefield.

Farmer, L. (2011). Instructional design for librarians and information professionals. New York: NealSchuman. Farmer, L., & McPhee, M. (2010). Technology management handbook for school library media centers. New York: Neal-Schuman.

Hughes-Hassell, & Harada, V. H. (2007).School reform and the school library media specialist. Westport, CT: Libraries Unlimited.

Gordon, C. (2000). Information literacy in action. Melton, Woodbridge, UK: John Catt Educational.

Guldér, M., &Helinsky, Z. (2013). Handbokförskolbibliotekarier: Modeller, verktygochpraktiskaexempel [Handbook for school libraries: Models, tools and practical examples]. Lund, Sweden: BTJ Förlag.

Hart, G. (2011). The “tricky business” of dual use school community libraries: A case study in rural South Africa, Libri, 61(3), 211-225.

Hart, G. (2012). Teacher-librarians leading change: Some stories from the margins. School Libraries Worldwide, 18(2), 51-60.

Hoel, T., Rafste, E. T., &Sætre, T. P. (2008). Opplevelse, oppdagelseogopplysning: fagbok om skolebibliotek [Adventure, discovery and enlightenment: A textbook about school libraries]. Oslo, Norway: Biblioteksentralen.

Kelsey, M. (2014).Cataloging for school librarians. Lanham, MD: Rowman & Littlefield.

Kiefer, B., & Tyson, C. (2009). Charlotte Huck's children's literature: A brief guide. New York: McGraw Hill.

Kuhlthau, C. C., Maniotes, L. K., &Caspari, A. K. (2012).Guided inquiry design: A framework for inquiry in your school. Santa Barbara, CA: Libraries Unlimited.

Kuhlthau, C. C., Maniotes, L. K., &Caspari, A. K. (2015). Guided inquiry: Learning in the 21st century school (2nd ed.). Westport, CT: Libraries Unlimited.

Lester, J., & Koehler, W. (2007). Fundamentals of information studies (2nd ed). New York: NealSchuman.

Limberg, L. (2003). Skolbiblioteketspedagogiska roll: Enkunskapsöversikt [The pedagogical role of the school library: A systematic review]. Stockholm, Sweden: Statensskolverk.

Limberg, L., Hultgren, F., &Jarneving, B. (2002). Informationssökningochlärande: Enforskningsöversikt [Information retrieval and learning: A research review]. Stockholm, Sweden: Skolverket.

Limberg, L., &Lundh, A. H. (Eds.).(2013). Skolbibliotekets roller i förändradelandskap.[The role of school libraries in changing landscapes]. Lund, Sweden: BTJ Förlag. Retrieved from

www.kb.se/Dokument/Bibliotek/projekt/Slutrapport_2013/Skolbibliotekets_roller_slutrapport 2013.pdf

Liquete, V. (Ed.) (2014). Cultures de l'information [Cultures of information]. CNRS Editions: Paris, France.

Malmberg, S., & Graner, T. (2014).BibliotekariensommedpedagogellerVarför sitter det ingen i lånedisken? [The librarian as co-pedagogue, or Why is nobody sitting at the library desk?]. Lund, Sweden: BTJ Förlag.

Markuson, C., & European Council of International Schools.(2006). Effective libraries in international schools. Saxmundham, UK: John Catt Educational.

Morris, B. J. (2010). Administering the school library media center (5th ed.). Santa Barbara, CA: Libraries Unlimited. Available on the World Wide Web as an e-book.

Niinikangas, L. (1995). An open learning environment – new winds in the Finnish school library. Scandinavian Public Library Quarterly 4, 3-10.

Pavey, S. (2014).Mobile technology and the school library. Swindon, UK: School Library Association UK. Series: SLA Guidelines Plus

Rosenfeld, E., &Loertscher, D. V. (Eds.). (2007). Toward a 21st century school library media program. Lanham, MD: Scarecrow Press.

Sardar, Z., & Van Loon, B. (2010).Introducing media studies: A graphic guide. London, England: Icon Books.

School Library Association [UK].Guidelineseries.Retrieved from www.sla.org.uk/guidelines.php

Schultz-Jones, B. A., & Ledbetter, C. (2013).Evaluating students' perceptions of library and science inquiry: Validation of two new learning environment questionnaires.Learning Environments Research, 16(3), 329-348.

Shaper, S. (Ed). (2014). The CILIP guidelines for secondary school libraries. London, UK: Facet Publishing.

Schlamp, G.(Ed.). (2013). Die schulbibliothekimzentrum: Erfahrungen, berichte, visionen [The school library in the centre: Experiences, stories, visions]. Berlin, Germany: BibSpider.

Thomas, N. P., Crow, S. R., & Franklin, L. L. (2011). Information literacy and information skills instruction: Applying research to practice in the 21st century school library (3rd ed.). Santa Barbara, CA: Libraries Unlimited. Available on the World Wide Web as an e-book.

Tilke, A. (2011). The International Baccalaureate Diploma Program and the school library: Inquiry-based education. Santa Barbara, CA: Libraries Unlimited. Available on the World Wide Web as an ebook.

Tomlinson, C., & Lynch-Brown, C. (2009). Essentials of young adult literature (2nd ed.). Old Tappan, NJ: Pearson.

Wilson, C., Grizzle, A., Tuazon, R., Akyempong, K., & Cheung, C. K. (2012). Education aux médias et àl'information: programme de formation pour les enseignants [Media education and information: A training program for teachers]. Paris, France: UNESCO.

Woolls, B., Weeks, A. C. &Coatney, S. (2013). School library media manager (5th ed.). Westport, CT: Libraries Unlimited.

Zamuda, A., & Harada, V. H. (2008). Librarians as learning specialists: Meeting the learning imperative for the 21st century. Westport, CT: Libraries Unlimited.

နောက်ဆက်တွဲ (က)- IFLA/ UNESCO ကျောင်းစာကြည့်တိုက်ဆိုင်ရာကြေညာချက်(1999)

(www.ifla.org/publications/iflaunesco-school-library-manifesto-1999)

## သင်ကြားရေးနှင့်သင်ယူရေးအားလုံးအတွက်ကျောင်းစာကြည့်တိုက်

ကျောင်းစာကြည့်တိုက်သည်ယနေ့ခေတ်၏သတင်းနှင့်ပညာအခြေခံသောလူ့အဖွဲ့အစည်းအတွင်းအလုပ်များကိုအောင်မြင်စွာလုပ်နိုင်ရန်အခြေခံကျသောသတင်းအချက်အလက်နှင့်အတွေးအခေါ်များကိုပံ့ပိုးပေးသည်။ ကျောင်းစာကြည့်တိုက်သည်ကျောင်းသားများကိုရာသက်ပန်ပညာသင်ယူမှုအတတ်ပညာပိုင်းများနှင့်ကျောင်း

သားများ၏စိတ်ကူးစိတ်သန်းကိုတိုးတက်စေခြင်း၊ကျောင်းသားများကိုတာဝန်ယူမှုရှိသောနိုင်ငံကြီးသားများအဖြစ်ကြီးပြင်းစေခြင်းတို့ဖြင့်ပြည့်စုံစေသောနေရာလည်းဖြစ်သည်။

## ကျောင်းစာကြည့်တိုက်၏တာဝန်ဝတ္တရား

ကျောင်းစာကြည့်တိုက်သည်သင်ယူရေးလုပ်ငန်းများ၊စာအုပ်စာတမ်းများ၊စာကြည့်တိုက်ရပ်ဝန်းအတွင်းရှိအဖွဲ့ဝင်များကိုထောက်ပြဝေဖန်နိုင်သူများဖြစ်လာအောင်၊မီဒီယာနှင့်ပုံစံအစုံသတင်းအချက်အလက်များကိုအကျိုးရှိစွာအသုံးပြုနိုင်အောင်လုပ်ဆောင်ပေးသော၊အရင်းအမြစ်များကိုကမ်းလှမ်းပေးသောနေရာလည်းဖြစ်လေသည်။ကျောင်းစာကြည့်တိုက်များကို UNESCO၏ပုဂ္ဂလိကစာကြည့်တိုက်များကြေညာချက်မှစည်းမျဉ်းများနှင့်အညီပို၍ကျယ်ပြန့်သောစာကြည့်တိုက်ကွန်ရက်နှင့်ချိတ်ဆက်ပေးရမည်။

စာကြည့်တိုက်ဝန်ထမ်းများကလည်းစာကြည့်တိုက်ကိုအသုံးပြုနည်း၊အခြားအချက်အလက်ထုတ်ယူနည်းများ၊ပုံနှိပ်နှင့်ပုံနှိပ်မဟုတ်သောဒီဂျစ်တယ်ပစ္စည်းများအသုံးပြုပုံ၊နည်းများကိုအသုံးပြုသူများအားလုံးအတွက်ပံ့ပိုးပေးရမည်။ကျောင်းစာကြည့်တိုက်တွင်စာရှာသူများအတွက်ကိရိယာအစုံအလင်၊စာအုပ်စာတမ်းအစုံအလင်၊သင်ကြားရေးပစ္စည်းအစုံအလင်နှင့်သင်ကြားရေးနည်းပညာအစုံအလင်ဖြင့်ပြည့်စုံစေရမည်။

စာကြည့်တိုက်မှူးနှင့်သင်ကြားရေးပိုင်းမှဆရာဆရာမများအလုပ်အတူတွဲဖက်လုပ်ဆောင်ကြခြင်းဖြင့်ကျောင်းသားများအတွက်အဆင့်မြင့်စာတတ်မြောက်မှု၊စာဖတ်ခြင်း၊သင်ယူလေ့လာခြင်း၊ပြဿနာဖြေရှင်းခြင်း၊နှင့်သတင်းနှင့်ဆက်သွယ်မှုနည်းပညာစွမ်းရည်များရရှိနိုင်ကြပါသည်။

ကျောင်းစာကြည့်တိုက်လုပ်ငန်းများသည်ကျောင်းပတ်ဝန်းကျင်အစုအဖွဲ့အတွင်းလူမျိုးဘာသာကျားမပညာအရည်အချင်းဆင်းရဲချမ်းသာမခွဲခြားဘဲတန်းတူရည်တူပံ့ပိုးပေးရမည်။စာကြည့်တိုက်၏ခေတ်ရေစီးကြောင်း(ခေတ်မီသောဒစ်ဂျစ်တယ်)

ပစ္စည်းများကိုအသုံးမပြုနိုင်သူများအတွက်လည်းတိတိကျကျသတ်သတ်မှတ်မှတ်ဝန်ဆောင်မှုနှင့်ပစ္စည်းများလည်းပံ့ပိုးပေးနိုင်ရမည်။

စာကြည့်တိုက်၏ဝန်ဆောင်မှုများနှင့်စုဆောင်းမှုများသည် United Nationas Universal Declaration of Human Rights and Freedoms ကိုအခြေခံထားသင့်ပြီးစုဆောင်းမှုများသည်မည်သည့်အတွေးအမြင်ဆန်သောပုံစံ၊နိုင်ငံရေးဆန်သောပုံစံ၊သို့မ

ဟုတ်ဘာသာရေးစိစစ်ဖြတ်တောက်မှုပုံစံ၊သို့မဟုတ်စီးပွားဆန်သောဖိအားပုံစံများတစ်ခုကိုမျှမလွှမ်းမိုးစေဘဲ စုဆောင်းထားရှိရမည်။

## ကျောင်းစာကြည့်တိုက်ရံပုံငွေဥပဒေပြုမှုနှင့်ကွန်ရက်

ကျောင်းစာကြည့်တိုက်သည်စာတတ်မြောက်မှု၊ပညာရေး၊သတင်းအချက်အလက်ထောက်ပံ့ပေးခြင်း၊စီးပွားရေး၊လူမှုရေး၊ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးများအတွက်လည်းရေရှည်မဟာဗျူဟာများချမှတ်ပေးရန်လိုအပ်သည်။ဒေသဆိုင်ရာအာဏာပိုင်များ၊နိုင်ငံတော်ဆိုင်ရာအာဏာရှိသူများကတာဝန်ယူပြီးကျောင်းစာကြည့်တိုက်အတွက်တိကျသောဥပဒေပြုရေးနှင့်မူဝါဒချမှတ်ပေးသင့်သည်။ကျောင်းစာကြည့်တိုက်များအတွက်လုံလောက်သောအားဖြည့်ပေးနိုင်လောက်သောရံပုံငွေတစ်ရပ်ရှိသင့်ပြီးၤ၎င်းတို့ကိုဝန်ထမ်းများလေ့ကျင့်သင်ကြားပေးခြင်း၊ပစ္စည်းဝယ်ယူမှု၊နည်းပညာတပ်ဆင်မှု၊နှင့်အထောက်အပံ့ပစ္စည်းများ၊အတွက်လည်းလုံလောက်သောအားဖြည့်ပေးနိုင်လောက်သောရံပုံငွေတစ်ရပ်ရှိနေသင့်သည်။စာကြည့်တိုက်များကိုအခမဲ့ဖြင့်အသုံးပြုနိုင်ခြင်းရှိရမည်။

ကျောင်းစာကြည့်တိုက်မည်သည်ဒေသတွင်း၊နိုင်ငံတွင်း၊တွင်သတင်းအချက်အလက်ကွန်ရက်အနေနှင့်လိုအပ်သောမိတ်ဖက်အနေနှင့်ချိတ်ဆက်ထားရမည်။

ကျောင်းစာကြည့်တိုက်သည်အခြားစာကြည့်တိုက်နှင့်ချိတ်ဆက်၍အရင်းအမြစ်များကိုမျှဝေရာတွင်စာကြည့်တိုက်၏ထူးခြားသောရည်မှန်းချက်ကိုအသိအမှတ်ပြုထိန်းသိမ်းရမည်။

## ကျောင်းစာကြည့်တိုက်၏ရည်မှန်းချက်ပန်းတိုင်များ

ကျောင်းစာကြည့်တိုက်သည်ပညာရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်တစ်သားတည်းဖြစ်ရမည်။

အောက်ပါတို့သည်စာတတ်မြောက်မှု၊သတင်းအချက်အလက်တတ်မြောက်မှု၊သင်ကြားရေး၊လေ့လာရေး၊နှင့်ယဉ်ကျေးမှုတို့အတွက်ကျောင်းစာကြည့်တိုက်၏အဓိကဝန်ဆောင်မှုများဖြစ်သည်။-

- ကျောင်း၏ရည်မှန်းချက်နှင့်သင်ရိုးတွင်ဖော်ပြထားသောပန်းတိုင်များကိုအထောက်အပံ့ပေးနိုင်ရမည်
- ကလေးများတွင်စာဖတ်ခြင်းအလေ့အထဖြစ်ပေါ်စေရန်၊ကလေးများ၏ဘဝတွင်စာကြည့်တိုက်အသုံးပြုမှုကိုနှစ်သက်စေရန်တွန်းအားပေးနိုင်ရမည်။

- ဗဟုသုတ၊နားလည်မှု၊စိတ်ကူးစိတ်သန်းနှင့်ပျော်ရွှင်ခြင်းအတွက်သတင်းအချက်အလက်ကိုအသုံးပြု၍အခွင့်အရေးကိုကမ်းလှမ်းပေးခြင်း။
- သတင်းအချက်အလက်ကိုအသုံးပြုရာတွင်မည်သည့်ပုံစံကိုမဆိုမည်သည့်ကြားခံကိုမဆို၊အသုံးပြုနိုင်သောစွမ်းရည်များကိုကျောင်းသားများအားပံ့ပိုးပေးခြင်း။
- အရင်းအမြစ်များကိုနေရာအစုံမှရရှိအောင်ပံ့ပိုးပေးသောအခွင့်အရေးပေးခြင်း။
- ယဉ်ကျေးမှု၊လူမှုရေးနှင့်သိမ်မွေ့နူးညံ့မှုတို့ရရှိအောင်ဖွဲ့စည်းပေးမှုများ။
- ကျောင်းသားများ၊ဆရာဆရာမများ၊အုပ်ချုပ်စီမံခန့်ခွဲသူများ၊မိဘများနှင့်လက်တွဲ၍ကျောင်း၏ရည်မှန်းချက်များကိုရရှိအောင်လုပ်ဆောင်ခြင်း။
- အသိပညာလွတ်လပ်ခွင့်၊နှင့်သတင်းအချက်အလက်ရယူခြင်းတို့သည်နိုင်ငံသားတစ်ယောက်အတွက်အလိုအပ်ဆုံးဖြစ်ကြောင်းကိုထုတ်ဖော်ကြေညာပြီးဒီမိုကရေစီအရေးတွင်ပါဝင်ပက်သက်နိုင်ရေး။
- စာဖတ်ခြင်း၊ကျောင်းစာကြည့်တိုက်၏အရင်းအမြစ်များနှင့်ဝန်ဆောင်မှုများကိုကျောင်းတစ်ခုလုံးနှင့်ထိုထက်ကျော်၍ပတ်ဝန်းကျင်တစ်ခုလုံးကိုမြှင့်တင်ပေးခြင်း။

ဝန်ထမ်းခန့်ထားခြင်း

ကျောင်းစာကြည့်တိုက်မှူးသည်အရည်ချင်းရှိသောပညာရှင်တစ်ဦးဖြစ်ပြီးလုံလောက်သောဝန်ထမ်းဦးရေဖြင့်ပြည်သူ့စာကြည့်တိုက်များ၊အခြားစာကြည့်တိုက်များဖြင့်တွဲဖက်လုပ်ဆောင်ရန်စီမံခန့်ခွဲရန်တာဝန်ရှိသည်။ စာကြည့်တိုက်မှူး၏အခန်းကဏ္ဍသည်ဥပဒေနှင့်မူဘောင်များအတွင်းဘက်ဂျက်၊သင်ရိုး၊သင်ကြားသောနည်းပညာများကိုအလျဉ်းသင့်သလိုပြောင်းလဲပုံဖော်ပေးရသည်။တိကျသောအခြေအနေအရကျောင်းစာကြည့်တိုက်မှူးများအတွက်ထိရောက်သောစာကြည့်တိုက်ဝန်ဆောင်မှုများ (အရင်းအမြစ်များ၊စာအုပ်စာတမ်းများသတင်းအချက်အလက်စီမံခန့်ခွဲခြင်းနှင့်သင်ကြားရေးပိုင်းများ) ပးနိုင်ရန်အထွေထွေဗဟုသုတမရှိမဖြစ်လိုအပ်သည်။

ကွန်ရက်သဖွယ်တိုးပွားနေသောပတ်ဝန်းကျင်တွင်စာကြည့်တိုက်မှူးများသည်စီမံခန့်ခွဲခြင်းနှင့်သတင်းအချက်အလက်ကိုကိုင်စွဲ၍ကျောင်းသားများနှင့်ဆရာများကိုသင်ကြားရာတွင်ကျွမ်းကျင်မှုရှိရန်လည်းလိုအပ်သည်။

ထို့ကြောင့်စာကြည့်တိုက်မှူးများသည်သူတို့၏ဘဝတိုးတက်ရေးနှင့်အတတ်ပညာအတွက်လေ့ကျင့်မှုများစဉ်ဆက်မပြတ်ရှိနေသင့်ပါသည်။

## လုပ်ငန်းလည်ပတ်မှုနှင့်စီမံခန့်ခွဲခြင်း

ထိရောက်သော၊တာဝန်ခံနိုင်မှုရှိသောလုပ်ငန်းတစ်ခုအဖြစ်သေချာစေရန်-

- ကျောင်းစာကြည့်တိုက်၏မူဝါဒဝန်ဆောင်မှုများသည်ကျောင်း၏သင်ရိုးညွှန်းတန်းများနှင့်ဆက်စပ်မှုရှိပြီးစာကြည့်တိုက်၏ပန်းတိုင်၊ဦးစားပေးလုပ်ဆောင်ရန်အချက်များ၊ဝန်ဆောင်မှုများကိုအဓိပ္ပါယ်ဖွင့်ဆိုရန်ဖန်တီးဖော်ထုတ်ထားရန်။
- ကျောင်းစာကြည့်တိုက်၏ဝန်ဆောင်မှုများအားလုံးကိုကျောင်းအဖွဲ့အစည်းအတွင်းရှိသူအားလုံးသာမကဒေသအတွင်းရှိသူများအားလုံးသုံးခွင့်ရှိရမည်။
- ဆရာဆရာမများ၊အကြီးတန်းစီမံခန့်ခွဲသူများ၊အုပ်ချုပ်ရေးပိုင်းမှသူများ၊မိဘများ၊အခြာစာကြည့်တိုက်မှူးများ၊သတင်းအချက်အလက်ပညာရှင်များ၊နည်းပညာကျွမ်းကျင်သူများနှင့်ပူးပေါင်းဆောင်ရွက်ရန်အားပေးမှုရှိရမည်။

## ကြေညာချက်ကိုအကောင်အထည်ဖော်ခြင်း

အစိုးရ၊ပညာရေးနှင့်ဆက်စပ်နေသောဝန်ကြီးဌာနများအားလုံးသည်ဤကြေညာချက်၏စည်းမျဉ်းများကိုအကောင်အထည်ဖော်ရမည်ဖြစ်သောမဟာဗျူဟာများ၊မူဝါဒများ၊အစီအစဉ်များ၊ဖွံ့ဖြိုးတိုးတက်စေရန်တိုက်တွန်းပေးရန်အတွက်တာဝန်ရှိသည်။ဤကြေညာချက်ကိုဖြန့်ဝေရန်အတွက်စာကြည့်တိုက်မှူးများနှင့်ဆရာများအတွက်သင်တန်းပရိုဂရမ်များဆက်လက်လုပ်ဆောင်ရန်အစီအစဉ်များလည်းပါဝင်သင့်သည်။

## နောက်ဆက်တွဲ(ခ) - ကျောင်းစာကြည့်တိုက်ရသုံးငွေစာရင်းအစီအမံ

ကျောင်းစာကြည့်တိုက်မှူးများသည်အောက်ပါအချက်များကိုနားလည်သဘောပေါက်ရန်လိုအပ်သည်။

- ကျောင်း၏ခန့်မှန်းခြေရသုံးငွေစာရင်းလုပ်ငန်းစဉ်များ
- ဘက်ဂျက်စက်ဝိုင်းအတွက်အချိန်ဇယားရေးဆွဲထားမှုများ
- ဘက်ဂျက်လုပ်ငန်းစဉ်နှင့်ဆက်နွယ်နေသောအဓိကဝန်ထမ်းများ
- စာကြည့်တိုက်၏လိုအပ်ချက်များကိုဖော်ပြထားချက်များ

- ဘက်ဂျက်ကိုတာဝန်ယူမှုလုပ်ငန်းများ

ဘက်ဂျက်အစီအစဉ်၏အစိတ်အပိုင်းများအဖြစ်အောက်ပါတို့ပါဝင်သင့်သည်။

- အရင်းအမြစ်အသစ်များဝယ်ယူရန်ငွေပမာဏစာရင်း
- ထောက်ကူပြုပစ္စည်းများနှင့်စီမံခန့်ခွဲရေးပိုင်းအတွက်ပစ္စည်းများဝယ်ယူရန်ငွေပမာဏစာရင်း
- အခါအားလျော်စွာ စာကြည့်တိုက်မြှင့်တင်ခြင်းပွဲများကျင်းပပေးရန် လိုအပ်သောပစ္စည်းများ ဝယ်ယူရန်ငွေပမာဏစာရင်း
- ဝန်ဆောင်မှုအတွက်ကုန်ကျနိုင်သောပစ္စည်းများဝယ်ယူရန်ငွေပမာဏစာရင်း (မိတ္တူကူးခနှင့်ပစ္စည်းပြင်ဆင်စရိတ်)
- ICT ပစ္စည်းများအသုံးပြုသည့်စရိတ်၊ လိုင်စင်ခ၊ ဆော့ဖ်ဝဲလ်ဝယ်ယူစရိတ်၊ (အကယ်၍ ICT ဘက်ဂျက်သီးသန့် ရှိလျှင် ထဲ့ရန်မလို)။

ယေဘုယျအားဖြင့်စာကြည့်တိုက်ပစ္စည်းများဝယ်ယူရေးဘက်ဂျက်သည်အနည်းဆုံးကျောင်းမှကျောင်းသား အားလုံးအသုံးစရိတ်၏၅%ဖြစ်သင့်သည်။လစာများ၊ပညာရေးအတွက်ကုန်ကျစရိတ်များ၊သယ်ယူပို့ဆောင် ရေးစရိတ်၊နှင့်ငွေလုံးငွေရင်း၊ရုံပုံငွေတို့ကိုမူအထူးသီးသန့်ထားသင့်သည်။စာကြည့်တိုက်ဝန်ထမ်းအတွက်ကုန် ကျစရိတ်ကိုမူစာကြည့်တိုက်ဘက်ဂျက်တွင်ထည့်သွင်းရန်လိုပြီးအချို့ကျောင်းများတွင် မူအထွေထွေဝန်ထမ်းစရိတ်ထဲထည့်သွင်းကြသည်။ဝန်ထမ်းအတွက်ခန့်မှန်းကုန်ကျစရိတ်ကိုတွက်ချက်ခြင်း သည်ကျောင်းစာကြည့်တိုက်မှူး၏အဓိကတာဝန်လဲဖြစ်သည်။ဝန်ထမ်းအတွက်ကုန်ကျစရိတ်ပမာဏသည် စာကြည့်တိုက်ကိုဖွင့်သောအချိန်ကြာမြင့်မှုနှင့်ဆက်စပ်နေပြီးဘယ်လိုအဆင့်မျိုးရှိဝန်ဆောင်မှုများပေးအပ်နိုင် သလဲဆိုတာနှင့်လဲဆက်စပ်နေသည်။အခြားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများဖြစ်သောစင်အသစ်တင်ခြင်း၊ပြန်လ ည်ပြုပြင်မွမ်းမံမှုပြုခြင်းအတွက်မူသီးခြားလေလံပြုရန်လိုအပ်သည်။

နောက်ဆက်တွဲ (ဂ) -စူးစမ်းမှုကိုအခြေခံသောသင်ယူမှုအတွက်လမ်းညွှန်မှုနမူနာများ

စူးစမ်းမှုကိုအခြေခံသောသင်ယူမှုအတွက်လမ်းညွှန်မှုနမူနာများအတွက်ဥပမာအချို့မှာ-

- Michael Marland's Nine Questions (United Kingdom) Marland, M. (1981). Information skills in the secondary curriculum. Schools Council Methuen.
- Stripling and Pitts' REACTS Model (USA) Stripling, B., & Pitts, J. (1988). Brainstorms and blueprints: Teaching research as a thinking process. Westport, CT: Libraries Unlimited.
- The Information Process (Australia) Australian School Library Association and Australian Library and Information Association. (2001). Learning for the future: Developing information services in schools (2nd ed.). Carlton South, Australia: Curriculum Corporation.
- Focus on Inquiry (Canada) Alberta Learning. (2003). Focus on inquiry: A teacher's guide to inquiry-based learning. Edmonton, AB: Alberta Learning, Learning Resources Branch.
- Guided Inquiry (USA) Kuhlthau, C. C., Maniotes, L. K., &Caspari, A. K. (2007). Guided inquiry: Learning in the 21st century. Westport, CT: Libraries Unlimited.
- Kuhlthau, C. C., Maniotes, L. K., &Caspari, A. K. (2012). Guided inquiry design: A framework for inquiry in your school. Westport, CT: Libraries Unlimited.
- Schmidt, R. (2013). A guided inquiry approach to high school research. Westport, CT: Libraries Unlimited.

နောက်ဆက်တွဲ  (ဃ)-ကျောင်းစာကြည့်တိုက်ကိုအကဲဖြတ်မှုနမူနာစစ်ဆေးလွှာ

ကနေဒါနိုင်ငံကျောင်းစာကြည့်တိုက်အစီအစဉ်များအတွက်စံနှုန်းများ

| | | | |
|---|---|---|---|
| 1.သတင်းအချက်အလက်တတ်မြောက်မှုအစီအစဉ်နှင့်စာဖတ်နိုင်မှုမြှင့်တင်ခြင်း | ရှိ | ဘာကြောင့်လဲ | မရှိ |
| က။စဉ်ဆက်မပြတ်သတင်းအချက်အလက်တတ်မြောက်မှုစွမ်းရည်နှင့်ဆက်စပ်ထားသောစူးစမ်းလေ့လာမှုအခြေခံသင်ကြားရေး | | | |
| ခ။ကျောင်းစာသင်ရိုးကိုအခြေခံ၍ သတင်းအချက်အလက်တတ်မြောက်မှုနှင့်ပေါင်းစပ်ရန်အစီအစဉ် | | | |
| ဂ။ဆရာများ၊ကျောင်းစာကြည့်တိုက်မှူးများ၊အုပ်ချုပ်သူများ၊မိဘများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း | | | |
| ဃ။စာကြည့်တိုက်မှူးဆရာမကိုယ်တိုင်အကဲဖြတ်ဆုံးဖြတ်ချက်ပြီးကျောင်းသား၏အောင်မြင်မှုကိုအစီရင်ခံစာရေးသွင်းခြင်း | | | |
| င။ကျောင်းသားအားလုံးကိုစာကြည့်တိုက်အစီအစဉ်များတွင်မျှတစွာအသုံးပြုနိုင်စေခြင်း။ | | | |
| စ။စာဖတ်ခြင်း၊စာတတ်မြောက်မှုအစီအစဉ်များကိုဖြစ်မြောက်အောင်လုပ်ဆောင် | | | |

| | | | |
|---|---|---|---|
| ခြင်း | | | |
| | | | |
| 2.<br>ဝန်ထမ်းခန့်အပ်ရာတွင်နည်းပညာအတတ်ပညာရှင်များမှပံ့ပိုးမှုပေးသော၊အရည်အချင်းရှိသော၊ပြည့်စုံသောစွမ်းရည်မြင့်ဆရာ၊စာကြည့်တိုက်မှူးများ | | | |
| က။ဘာသာရပ်စာတတ်မြောက်ရေးရည်မှန်းချက်များကိုအရင်းအမြစ်များအခြေခံ၍အတန်းပြဆရာများနှင့်ပူးပေါင်းသင်ကြားခြင်း | | | |
| ခ။ဆရာ-<br>စာကြည့်တိုက်မှူးပူးပေါင်းသင်ကြားနည်းဖြင့်ကျောင်းသားများနှင့်ဝန်ထမ်းများကိုစူးစမ်းလေ့လာမှုစီမံကိန်းများ၊လုပ်ဆောင်စေခြင်း | | | |
| ဂ။ဒေသတွင်းသင်ရိုးလိုအပ်ချက်နှင့်ဒေသမှစိတ်ဝင်စားချက်အပေါ်အခြေခံပြီးအရင်းအမြစ်မျိုးစုံကိုဖွံ့ဖြိုးတိုးတက်စေခြင်း | | | |
| ဃ။ပြည့်စုံသောလူသားအရင်းအမြစ်စီမံခန့်ခွဲခြင်း (<br>စာရေး၊နည်းပညာဆိုင်ရာဝန်ထမ်း၊ကျောင်းသားများ၊အပျော်တမ်းဝန်ထမ်း၊) | | | |
| င။ပြည့်စုံသောပစ္စည်းများစီမံခန့်ခွဲခြင်း | | | |
| စ။စာရေးလုပ်ငန်းဆောင်တာများ(<br>စာငှားခြင်း၊စာစုခြင်း၊ဘက်ဂျက်ရေးသွင်းခြင်း၊အမှာစာပို့ခြင်း၊နေရာရွေးခြင်း၊ကတ်တလောက်စာရင်းသွင်းခြင်း၊စင်တင်ခြင်း၊အစီရင်ခံစာရေးခြင်း၊အချက်အလက်ထည့်သွင်းခြင်း) | | | |
| ဆ။ခေါင်းဆောင်မှု (<br>နည်းပညာအသစ်များကိုသင်ကြားခြင်း၊အရင်းအမြစ်အခြေခံသောပူးတွဲအစီအစဉ်များသင်ကြားခြင်း) | | | |

| | | | |
|---|---|---|---|
| ဇ။ကျောင်းသားများသင်ကြားရေးနှင့်ပုဂ္ဂလိကစိတ်အားထက်သန်မှုအတွက်ကတိပေးထားခြင်း | | | |
| ဈ။အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု (ဝက်ဘ်အခြေခံသောလှုပ်ရှားမှုများနှင့်အခွင့်အရေးများ) | | | |
| | | | |
| 3. ကျောင်း၏ရည်မှန်းချက်များနှင့်ချိတ်ဆက်ထားသောအလှမ်းမီသောအကွာအဝေး | | | |
| က။ကျောင်းစာကြည့်တိုက်မှူးမှနှစ်စဉ်ပြုစုရသောပရိုဂရမ်ဘက်ဂျက်(ဝန်ထမ်းအားလုံးလိုအပ်ချက်နှင့်စိတ်ဝင်စားမှုပေါ်မူတည်) | | | |
| ခ။နှစ်ရှည်စီမံကိန်းအဖြစ်ကျောင်းသားတစ်ယောက်ချင်းစီအတွက်ခန့်မှန်းပမာဏ | | | |
| ဂ။ယခုမှအစပြုလျှက်ရှိသောကျောင်းအသစ်အတွက်လျှာထားဘက်ဂျက် | | | |
| ဃ။အရင်းအမြစ်များ၊ထောက်အပံ့ပစ္စည်းများ၊ပြုပြင်မှုများ၊ကိရိယာတန်ဆာပလာများ၊ဝန်ဆောင်မှုစည်းမျဉ်းများ၊ငွေလုံးငွေရင်းအသုံးစရိတ်များပါဝင်သောဘက်ဂျက် | | | |
| င။ကျောင်း၏လိုအပ်ချက်ဦးစားပေးရန်အချက်များဖော်ပြသောဘက်ဂျက် | | | |
| စ။ပါဝင်ပက်သက်သူများ၏ဖြည့်သွင်းမှုအတွက်ရောက်ပြန်ဟပ်မှုများ | | | |
| ဆ။အထူးပရိုဂရမ်များအတွက်ရံပုံငွေထည့်သွင်းခြင်း( စာရေးဆရာများအလည်အပတ်ခရီးအတွက်ဘက်ဂျက်၊စာဖတ်ပွဲများအတွက်စရိတ်များ) | | | |
| | | | |
| 4. စာကြည့်တိုက်တွင်ကျယ်ပြန့်သောလေ့လာနိုင်မှုနေရာ၊လေ့လာသူများအတွက်ဂရု | | | |

| | | | |
|---|---|---|---|
| တစိုက်စုဆောင်းထားရှိသောအရာများ | | | |
| က။ကျောင်း၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သောစုဆောင်းမှုမျိုးကိုရွေးချယ်သောမူဝါဒချမှတ်ထားခြင်း | | | |
| ခ။စာစုရာတွင်ပုံစံမျိုးစုံဖြင့်စုဆောင်းခြင်း( ပုံနှိပ်၊အခန်းဆက်၊ဗွီဒီယိုများ၊အသံဖိုင်များ၊အီလက်ထရောနစ်၊အွန်လိုင်းဒေတာအချက်အလက်များ၊အင်တာနက်၊အခြား) | | | |
| ဂ။ပစ္စည်းများကိုရှာဖွေရရှိနိုင်အောင်ထားရှိခြင်း | | | |
| ဃ။ပြည့်စုံလုံလောက်သောကွန်ပျူတာအလုံးရေနှင့်ပရင်တာများတပ်ဆင်ထားရှိခြင်း | | | |
| င။ပြည့်စုံလုံလောက်သောကြည့်ရှုခွင့်၊နားထောင်ခွင့်ပေးနိုင်ခြင်း | | | |
| စ။ကျောင်းသားတိုင်းအတွက်လုံလောက်သောပစ္စည်းထားရှိပေးခြင်း | | | |
| ဆ။စုဆောင်းထားသောအရင်းအမြစ်များနှင့်ကျောင်းမှသင်ကြားရေးလိုအပ်ချက်များနှင့်ဆက်စပ်မှုရှိခြင်း | | | |
| ဇ။ခေတ်မီသောစုဆောင်းမှုများကိုစုဆောင်းနိုင်ခြင်း | | | |
| ဈ။ဗဟိုစုစည်းဒေတာဘေ့စ်ကိုအသုံးပြုနိုင်ခြင်း | | | |
| ည။ဝဘ်စိုက်သတင်းအချက်အလက်များလည်းအသုံးပြုရရှိနိုင်ခြင်း | | | |
| တ။အရင်းအမြစ်များကိုရရှိ၊ပူးပေါင်းခြင်း၊နှင့်မျှဝေခြင်းလုပ်ထုံးလုပ်နည်းများ | | | |
| | | | |
| 5. စာကြည့်တိုက်တွင်အသုံးပြုသောနည်းပညာသည်သင်ရိုးမျှော်လင့်ချက်ကိုခေတ်နှင့်လျော်ညီ၊အဆင်သင့်ဖြစ်၊အထောက်အပံ့ပေးနိုင်ခြင်း | | | |
| က။စာကြည့်တိုက်၏ပရိုဂရမ်သည်အကျိုးရှိသောစိတ်ချယုံကြည်ရသောနည်းပ | | | |

| | | | |
|---|---|---|---|
| ညာအသုံးပြုမှုများကို သင်ကြားပေးခြင်း | | | |
| ခ။ထိုပရိုဂရမ်တွင်ကျောင်းသားများဒေတာများသတင်းအချက်အလက်များရှာဖွေခြင်း၊စိစစ်ခြင်း၊ပေါင်းစပ်၊ဆက်သွယ်ခြင်းများကိုဆန်းသစ်သောအဓိပ္ပါယ်ရှိသောနည်းလမ်းဖြင့်အကူအညီပေးရန်ပြည့်စုံလုံလောက်သောအလုပ်လုပ်ရန်နေရာ၊ဆော့ဖ်ဝဲလ်များပါဝင်ခြင်း | | | |
| ဂ။ကျောင်းသားနှင့်ဆရာများအားကျောင်း၏အရင်းအမြစ်များကိုသုံး၍လိုအပ်သောဒေတာများပံ့ပိုးနိုင်ခြင်း | | | |
| ဃ။စက်အစားထိုးစနစ်ဖြင့်စာကြည့်တိုက်အခြေခံပုံမှန်လုပ်ငန်းများကိုဖွဲ့စည်းစီမံခန့်ခွဲပေးခြင်း | | | |
| | | | |
| 6.<br>စာကြည့်တိုက်၏စုဆောင်းပစ္စည်းများသည်သင်ကြားရေးအတွက်လိုက်လျောညီထွေမှုရှိအောင်အန္တရာယ်ကင်းခြင်း၊ကျယ်ပြန့်မှုရှိခြင်း၊ပြုပြင်ပြောင်းလဲလွယ်ခြင်း၊ကောင်းစွာပုံစံထုတ်ထားမှုရှိခြင်း | | | |
| က။တစ်ဦးတစ်ယောက်ချင်းစီတိုင်း၊အုပ်စုငယ်လေးများနှင့်အတန်းလမ်းညွှန်ချက်များအတွက်အလုပ်လုပ်နိုင်သောနေရာအကျယ်အဝန်းရှိခြင်း၊ | | | |
| ခ။အသစ်အသစ်သောနည်းပညာများ၊ကွန်ပျူတာလုပ်ငန်းသုံးပရိုဂရမ်များနှင့်လိုက်ဖက်အောင်ပြင်ဆင်ညှိနှိုင်းနိုင်အောင်ပုံစံပြုလုပ်ထားခြင်း | | | |
| ဂ။စာကြည့်တိုက်ကိုရိုးရာပုံစံ၊တိုးတက်ဖွံ့ဖြိုးမှု၊အရည်အသွေးနှင့်ကြီးထွားမှုပုံစံများဖြင့်ပုံစံပြန်ချခြင်း၊ပြန်လည်ပြုပြင်ခြင်း၊တို့တွင်ပြောင်းလွယ်ပြင်လွယ်ရှိမှုဖြစ်အောင်ထည့်တွက်ထားခြင်း | | | |
| ဃ။စာကြည့်တိုက်၏အသံစနစ်၊အလင်းရောင်စနစ်၊အပူချိန်၊စာရေးစားပွဲနေရာများ | | | |

| | | | |
|---|---|---|---|
| နှင့်ပရိဘောဂများသည်သက်တောင့်သက်သာမှုရှိခြင်း | | | |
| ငပညာပေးသောနေ့မတိုင်မီ၊အတောအတွင်းနှင့်ပြီးနောက်များတွင်လည်းစာကြည့်တိုက်ကိုဝင်ခွင့်သုံးခွင့်ရှိခြင်း | | | |
| စ။အမြင်နှင့်ပင်ဆွဲဆောင်မှုရှိသောနေရာဖြစ်ခြင်း | | | |
| ဆ။လုံခြုံစိတ်ချရသောနေရာဖြစ်ခြင်း | | | |

နောက်ဆက်တွဲ(င)-ကျောင်းအုပ်ကြီးများအတွက်ကျောင်းစာကြည့်တိုက်ကိုအကဲဖြတ်မှုဆိုင်ရာစစ်ဆေးလွှာ
ကျောင်းအုပ်ကြီးများအတွက်ကျောင်းစာကြည့်တိုက်ကိုအကဲဖြတ်မှုဆိုင်ရာစစ်ဆေးလွှာ၁၂ချက်(အမေရိကန်နိုင်ငံ)

From: Doung Johnson's Blue Skunk Blog

Retrieved from http://doung-johnson-squarespace.com/blue-skunk-blog/2012/1/10

ဤစစ်ဆေးလွှာကိုသုံးရခြင်း၏ရည်ရွယ်ချက်သည်စာကြည့်တိုက်မှူးနှင့်စာကြည့်တိုက်ပရိုဂရမ်များကိုသမားရိုးကျအကဲဖြတ်ခြင်းအနေဖြင့်မဟုတ်ဘဲစီမံအုပ်ချုပ်သူများအနေဖြင့်လိုအပ်ချက်များကိုကောင်းစွာသတိပြုမိစေပြီးကျောင်း၏အလုံးစုံကောင်းမွန်မှုအတွက်အဓိကအကျိုးဖြစ်ထွန်းမှုပံ့ပိုးဖြစ်စေရန်ဖြစ်သည်။ နည်းပညာ၊သင်ကြားရေးသုတေသနပုံစံ၊စာကြည့်တိုက်ပညာရပ်ရှုတ်ခြည်းပြောင်းလဲမှုများကိုလွှန်ခဲ့သောအနှစ်၂၀ကတီထွင်ဖန်တီးခဲ့၍ကွာဟချက်အကျိုးများကြောင့်ကျောင်းစာကြည့်တိုက်များတွင်အကျိုးရှိစွာအသုံးပြုနိုင်ခဲ့ကြလေသည်။သင့်စာကြည့်တိုက်ကရောဤအစဉ်အလာကိုဆက်လက်ထိန်းသိမ်းထားပါရဲ့လား။အောက်ပါစစ်ဆေးလွှာများကသင့်ပရိုဂရမ်ကိုလျှင်မြန်စွာအကဲဖြတ်နိုင်ရန်အသုံးပြုနိုင်ပါသည်။-

၁။အတတ်ပညာရှင်ဝန်ထမ်းများခန့်ထားနိုင်မှုနှင့်တာဝန်များ

- သင့်စာကြည့်တိုက်တွင်လိုင်စင်အပြည့်ရရှိထားသောစာကြည့်တိုက်မှူးနှင့်ဝန်ဆောင်မှုပေးပါသလား။
- ထိုစာကြည့်တိုက်မှူးကအတတ်ပညာရှင်အဖြစ်အမှန်တကယ်တာဝန်ထမ်းဆောင်ပါဝင်ပါရဲ့လား။စာကြည့်တိုက်ဝန်ထမ်းများအားလုံးအတွက်တာဝန်ဝတ္တရားများကိုသတ်မှတ်ထားခြင်းရှိပါရဲ့လား

(စာရေး၊အတတ်ပညာရှင်၊နည်းပညာရှင်)။

- စာကြည့်တိုက်မှူးကရောနိုင်ငံတော်အဆင့်စာကြည့်တိုက်အဖွဲ့အစည်းမှထုတ်ပြန်ချက်များကိုနားလည်မှုရှိရဲ့လား။
- စာကြည့်တိုက်မှူးကဝန်ထမ်းများအတွက်သတင်းအချက်အလက်တတ်မြောက်မှု၊နည်းပညာ၊နှင့်ဤစွမ်းရည်တို့ကိုပေါင်းစပ်၍ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးများပုံမှန်ပြုလုပ်ပေးခြင်းရှိရဲ့လား။
- စာကြည့်တိုက်မှူးသည်စာကြည့်တိုက်အသင်းအဖွဲ့များတွင်သွက်လက်စွာပါဝင်လှုပ်ရှားမှုရှိရဲ့လား။
- စာကြည့်တိုက်မှူးကသင်ကြားရေးပိုင်းကိုရောထည့်သွင်းစဉ်းစားမှုရှိရဲ့လား။

**2.** စာကြည့်တိုက်ပညာရှင်ကိုအထောက်အပံ့ပေးမှု

- စာကြည့်တိုက်မှူးကိုသူ၏ပညာရှင်တာဝန်များထမ်းဆောင်နိုင်ရန်လက်အောက်ဝန်ထမ်းများမှအခြားအောက်ခြေတာဝန်များကိုပြည့်စုံလုံလောက်စွာအကူအညီပံ့ပိုးပေးနိုင်ရဲ့လား။
- စာကြည့်တိုက်မှာစီမံခန့်ခွဲရေးနဲ့ခေါင်းဆောင်မှုအတွက်ကြီးကြပ်ရေးမှူး၊ခေါင်းဆောင်မှုအဖွဲ့၊ဌာနဆိုင်ရာတာဝန်ရှိသူတို့ခန့်ထားခြင်းမျိုးရှိလား။
- စာကြည့်တိုက်မှူးကစာကြည့်တိုက်မှူးများ၏စွမ်းရည်နှင့်ဗဟုသုတမြင့်တင်ပေးရန်အတွက်အစည်းအဝေးများ၊ညီလာခံများ၊အလုပ်ရုံဆွေးနွေးပွဲများသို့တက်ရောက်ရာတွင်လက်အောက်ဝန်ထမ်းများမှစာကြည့်တိုက်မှူး၏တာဝန်ကိုကိုယ်စားထမ်းဆောင်ပေးနိုင်မှုရှိရဲ့လား။
- စာကြည့်တိုက်မှူးကဒေသတွင်းပြုလုပ်သောအတတ်ပညာဆိုင်ရာသင်ကြားရေးပွဲများသို့တက်ရောက်ခြင်းရှိရဲ့လား။

**3.** စာကြည့်တိုက်၏စုဆောင်းထားမှုပမာဏနှင့်ဖွံ့ဖြိုးတိုးတက်မှု

- စာကြည့်တိုက်၏စာအုပ်များနှင့်အသံပိုင်းဆိုင်ရာစုဆောင်းမှုများသည်သင်ရိုးညွှန်းတမ်းနှင့်ကိုက်ညီမှုရှိရဲ့လား။ထုတ်ဝေမှုအတွက်အခြေခံကိုရောတည်ဆောက်ထားပြီးဖြစ်လား။ကောင်းစွာရှင်းလင်းဖယ်ရှားထားသောစုဆောင်းမှုရောဖြစ်ရဲ့လား။
- ကွဲပြားသောသင်ကြားရေးပုံစံများဖြင့်မီဒီယာအမျိုးစုံကိုရနိုင်ခွင့်ရှိလား။

- လိုအပ်ချိန်မှာအွန်လိုင်းအရင်းအမြစ်တွေကိုရရှိနိုင်မလား။ကျောင်းသားများအတွက်အင်တာနက်သုံးနိုင်ရန်လုံလောက်သောကွန်ပျူတာနှင့်အသုံးပြုနိုင်ခွင့်ရှိရဲ့လား။
- စာကြည့်တိုက်ကိုမကြာခင်ကမှအကဲဖြတ်ထားခြင်းရှိလား။ပုံနှိပ်များကိုအွန်လိုင်းနှစ်စဉ်ကြေးဖြင့်အစားထိုးဖတ်ရှုနိုင်သလား။အကျိုးရှိစွာအသုံးချနိုင်ခဲ့လား။
- ရွေးချယ်ရာတွင်စုဆောင်းမှုမြေပုံအဖြစ်သတ်မှတ်ချက်ထားပြီးသင်ရိုးအတွက်အထောက်အကူဖြစ်သောစုဆောင်းမှုအသစ်များကိုရွေးချယ်သလား။

**4.** စာကြည့်တိုက်အထောက်အပံ့ပစ္စည်းများ

- စာကြည့်တိုက်သည်ကျောင်းခန်းများအားလုံးနှင့်သွားလာရလွယ်ကူသောနေရာတွင်တည်ရှိသလား။၎င်းတွင်အသင်းအဖွဲ့ဆိုင်ရာပွဲလမ်းသဘင်များကိုညနေခင်းများနှင့်ပိတ်ရက်များတွင်ကျင်းပနိုင်ရန်ပြင်ပခြိဝန်းပါရှိသလား။
- စာကြည့်တိုက်တွင်သင်ကြားရေးအတွက်အထောက်အကူပြုသောပရိဘောဂအခင်းအကျင်းရှိသောသွင်ပြင်ရှိရဲ့လား။ညွှန်ကြားချက်ပြသမှု၊သတင်းအချက်အလက်ပိုစတာများချိတ်ဆွဲထားမှုရှိရဲ့လား။စာကြည့်တိုက်ကိုအသံဆူညံမှုလျော့ချရန်၊ရေဒီယိုလိုင်းများထုတ်လွှင့်မှုဖမ်းယူမှု၌အနှောင့်အယှက်ကင်းသောလျှပ်ငြိမ်ကင်းလွတ်သောကော်ဇောခင်းထားမှုရှိရဲ့လား။စာကြည့်တိုက်ကိုရာသီဥတုအခြေအနေနှင့်လိုက်၍ထိန်းချုပ်နိုင်ခြင်းရှိရဲ့လား။သို့မှသာစာကြည့်တိုက်ပစ္စည်းများအပူကြောင့်ရေငွေ့ကြောင့်ပျက်စီးမှုမရှိဘဲကြာရှည်ခံနိုင်ခြင်း၊နွေရာသီမျိုးတွင်လည်းပွဲများကျင်းပနိုင်အောင်အဆင်ပြေသောနေရာထိုင်ခင်းမျိုးရှိရဲ့လား။
- စာကြည့်တိုက်တွင်အထွေထွေလမ်းညွှန်ချက်ပြသထားသောမြေပုံနေရာရှိလား။ပုံပြင်ပြောပြသောနေရာ၊နည်းနာအသစ်မိတ်ဆက်တင်ပြပွဲပြုလုပ်ရန်နေရာ၊အတန်းများအတွက်နေရာ၊စသဖြင့်နေရာချထားမှုအဆင်ပြေရဲ့လား။
- စာကြည့်တိုက်တွင်ကွန်ပျူတာခန်း၊ကျောင်းသားများအတွက်လက်တော့ပ်များထားခန်း၊ဆရာများအတွက်အလုပ်လုပ်ရန်အခန်းများပါရှိသလား။

- စာကြည့်တိုက်ကိုအဆင့်မြင့်အသံပိုင်းဆိုင်ရာ၊အရုပ်ပိုင်းဆိုင်ရာအတွက်နက်ဝေါ့ခ်ချိတ်ဆက်မှုရှိရဲ့လား။နည်းပညာဝန်ဆောင်မှုများသည်အဆင့်မီရဲ့လား။
- စာကြည့်တိုက်ကအသုံးဝင်သော၊နောက်ဆုံးပေါ် ဖြစ်သောအရင်းအမြစ်များနှင့်ချိတ်ဆက်မှုကိုထိန်းသိမ်းထားနိုင်သလား။

**5.** သင်ရိုးများနှင့်ပေါင်းစပ်မှုများ

- စာကြည့်တိုက်မှူးသည်အသင်းအဖွဲ့အတွင်းတက်ကြွသောအဖွဲ့ဝင်ဖြစ်ပါသလား။
- စာကြည့်တိုက်မှူးသည်သင်ရိုးညွှန်းတမ်းကော်မတီအသင်းအဖွဲ့တွင်တက်ကြွသောအဖွဲ့ဝင်ဖြစ်ပါသလား။
- စာကြည့်တိုက်မှူးသည်စာကြည့်တိုက်အတတ်ပညာရှင်များနှင့်အသင်းအဖွဲ့တွင်ပါဝင်ပက်သက်မှုရှိရဲ့လား။
- စာကြည့်တိုက်အရင်းအမြစ်များကိုစစ်ဆေးကြည့်ရှုမှုရှိရဲ့လား။
- စာကြည့်တိုက်နှင့်သုတပညာနှင့်ပက်သက်၍သတင်းအချက်အလက်တတ်မြောက်မှုရှိရန်အတွက်သင်ကြားပေးခြင်းရှိရဲ့လား။
- သတင်းအချက်အလက်တတ်မြောက်မှုမှလုံခြုံစိတ်ချရသောအသုံးပြုမှုရှိအောင်သင်ကြားပေးခြင်းရှိရဲ့လား။

**6.** အရင်းအမြစ်အခြေခံသောသင်ကြားခြင်း

- စာကြည့်တိုက်မှူးသည်ဒေသဆိုင်ရာခေါင်းဆောင်ပိုင်းအတွက်ပြဋ္ဌာန်းစာအုပ်များနှင့်ပစ္စည်းများကိုပံ့ပိုးပေးနိုင်မှုသင်ကြားမှုများကိုအဆင့်မြှင့်တင်ပေးမှုအထောက်အကူပြုရဲ့လား။
- ဆရာများနှင့်အုပ်ချုပ်ရေးမှူးများသည်စာကြည့်တိုက်မှူးကိုလမ်းညွှန်ချက်ဒီဇိုင်းရေးဆွဲသူနှင့်စစ်မှန်သောအကဲဖြတ်မှုအရင်းအမြစ်ပြုလုပ်သူအဖြစ်ရှုမြင်ကြလား။စာကြည့်တိုက်ပရိုဂရမ်များသည်ကျောင်းသားများနှင့်ဆရာများအတွက်ဝေဖန်နိုင်းချိန်တတ်သောအတွေးအခေါ်စွမ်းရည်များတိုးတက်စေရန်စာကြည့်တိုက်မှူးကပူးပေါင်းဆောင်ရွက်မှုရှိလား။

- ပြင်လွယ်ပြုလွယ်ရှိသောအစီအစဉ်ဖြင့်ဆရာများကိုပဲပြင်ဆင်ခြင်းမလုပ်ဘဲအုပ်စုများကိုသင်ကြားခြင်းဖြင့်စာကြည့်တိုက်မှူးကခွင့်ပြုပေးရဲ့လား။
- သတင်းအချက်အလက်တတ်မြောက်မှုအတွက်စံအမှတ်အနေနဲ့ရှင်းလင်းမြင်သာရှိမှုကိုအဆင့်အားလုံးအတွက်ရေးသားထားမှုရှိရဲ့လား။ဤစံတွေကိုရေစာကြည့်တိုက်မှူးနှင့်ဆရာများအတွက်အကဲဖြတ်ရန်အတွက်ပူးတွဲအားထုတ်မှုတွေရှိခဲ့လား။ရလာတဲ့ရလဒ်တွေကိုပါဝင်ပက်သက်သူတွေကိုမျှဝေပေးခဲ့ရဲ့လား။

**7.** သတင်းအချက်အလက်နည်းပညာ

စာကြည့်တိုက်က သူ့ရဲ့ဖောက်သည် ပုံမှန်အသုံးပြုသူများကို များမကြာမီက နည်းပညာအသစ်အဆန်းများဖြစ်သော-

- အွန်လိုင်းစာကြည့်တိုက်ကတ်တလောက်နှင့်စာငှားစနစ်
- အွန်လိုင်းစုပေါင်းကတ်တလောက်ကိုသုံးပြီးစာကြည့်တိုက်ပေါင်းစုစာငှားစနစ်
- အင်တာနက်ကိုသုံး၍စာရှာနိုင်သောစနစ်
- စာအပြည့်ပါသော စာနယ်ဇင်းအညွှန်းများ၊ စွယ်စုံကျမ်းများ၊ မြေပုံစာအုပ်များ၊ ဝေါဟာရစာရင်းများ၊အဘိဓာန်များ၊ဝေါဟာရပဒေသာကျမ်းများ၊စာဖတ်သူများ၏အကြံပြုချက်များနှင့် yearbooksခေါ် အနှစ်ချုပ်များ စသဖြင့် အမျိုးအစားစုံလင်စွာ အရင်းအမြစ် ပေးနိုင်သောစနစ်
- အမျိုးအစားစုံလင်လှသောပရိုဂရမ်များ၊ဆော့ဖ်ဝဲလ်များ
- ဝီကီ၊ဘလော့များ၊နှင့်အခြားအွန်လိုင်းပရိုဂရမ်များကိုသင်ကြားရေးအတွက်ပူးပေါင်းဆောင်ရွက်မှုပေးနိုင်သောစနစ်
- Desktop conferencing ဆော့ဖ်ဝဲလ်အဖြစ်သုံးရန်အခွင့်ရှိခြင်း
- ပညာရေးအတွက်သင်ရိုးကိုအထောက်အပံ့ပေးသောသင်ကြားရေးပရိုဂရမ်များ၊လေ့ကျင့်မှု၊သရုပ်ဖန်တီးခြင်းများအတွက်ပရိုဂရမ်များ
- စာကြည့်တိုက်မှူးကလိုအပ်သောစွမ်းရည်များ၊အရင်းအမြစ်များကိုအသုံးပြုခြင်းနည်းကိုဆရာများကိုသင်ကြားခြင်းရှိပါသလား။

**8.** ရည်ညွှန်းစာ၊ကွန်ပျူတာကွန်ရက်ချိတ်ဆက်ခြင်း၊နှင့်စာကြည့်တိုက်အချင်းချင်းချိတ်ဆက်ငှားရမ်းခြင်း

- သင့်ကိုစာကြည့်တိုက်မှူးက အကျိုးရှိသော၊ အချန်မီပံ့ပိုးပေးသော၊ ရည်ညွှန်းဝန်ဆောင်မှုကိုပေးနိုင်

သလား။

- သင်ကဒေသတွင်းဆိုင်ရာပုံစံအစုံစနစ်သို့မဟုတ်စာကြည့်တိုက်ယာယီအဖွဲ့အစည်း၏အဖွဲ့ဝင်လား။
- စာကြည့်တိုက်မှူးက ပူးပေါင်းဆောင်ရွက်မှု အစီအမံများနှင့်ဝယ်ယူရေးအစီအစဉ်များတွင် အခြား

ကျောင်းများနှင့် ပါဝင်ပက်သက်မှုရှိလား။

- စာကြည့်တိုက်မှူးက စာကြည့်တိုက်အချင်းချင်း ချိတ်ဆက်ငှားရမ်းခြင်းစနစ်ကိုသုံး၍ ကျောင်းသားများနှင့်ဝန်ထမ်းများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးသလား။

**9.** စီမံခန့်ခွဲခြင်းနှင့်နှစ်စဉ်ပန်းတိုင်များ

- စာကြည့်တိုက်ပရိုဂရမ်များသည် ကျယ်ပြန့်ပြီး ရေရှည်ပန်းတိုင်များရှိပါသလား။
- စာကြည့်တိုက်မှူးက နှစ်စဉ်ပန်းတိုင်များကို ချမှတ်လေ့ရှိပါသလား။
- စာကြည့်တိုက်မှူး၏အကဲဖြတ်ချက်သည် အဆိုပါနှစ်စဉ် ပန်းတိုင်များ အောင်မြင်မှု၏ အစိတ်အပိုင်းတစ်ရပ ်ဖြစ်ပါသလား။
- စာကြည့်တိုက်၏ပရိုဂရမ်များသည်စီမံချက်ကော်မတီများကိုကိုယ်စားပြုပါသလား။

**10.** ဘက်ဂျက်သတ်မှတ်ခြင်း

- စာကြည့်တိုက်ပရိုဂရမ်သည်သုညဘက်ဂျက်သို့မဟုတ်အရှိကို အရှိအတိုင်း ပြသပါသလား။
- စာကြည့်တိုက်မှူးက ပစ္စည်းများအတွက်၊ ကိရိယာများအတွက်၊ တောင်းဆိုသောအထောက်အပံ့များ

အတွက ်ပြတ်သားသောအကြောင်းပြချက် ရေးသွင်းမှုရှိပါသလား။

- ဘက်ဂျက်က စာကြည့်တိုက်၏ ထိန်းသိမ်းမှုနှင့်ကြီးထွားမှုကို ရောင်ပြန်ဟပ်စေပါသလား။
- စာကြည့်တိုက်မှူးက ရှင်းလင်းပြတ်သားတိကျသောအသုံးစရိတ်များကိုထိန်းသိမ်းပေးပါသလား။
- စာကြည့်တိုက်မှူးက ခွင့်ပြုချက်လျှောက်လွှာများကို လိုအပ်ချိန်တွင် ရေးသွင်းမှုရှိသလား။

**11.** မူဝါဒများနှင့်ဆက်သွယ်ရေး

- စာကြည့်တိုက်ဘုဒ်အဖွဲ့၏မူဝါဒများဖြစ်သောစာစုရန်ရွေးချယ်ခြင်းနှင့်ပြန်လည်စဉ်းစားခြင်းများသည်ခေတ်မီပြီးအကျိုးသက်ရောက်မှုရှိပါသလား။
- ဒေသတွင်း CIPA complaint safe နှင့် အသုံးပြုမှုဝါဒကို အင်တာနက်နှင့်နည်းပညာအသုံးပြုမှုအတွက်အသုံးပြုပါသလား။
- စာကြည့်တိုက်မှူးက မူပိုင်ခွင့်ဥပဒေများအတွက် စကားပြန်အဖြစ် ဝန်ဆောင်မှုပြုပေးပါသလား။
- စာကြည့်တိုက်မှူးသည် ပန်းတိုင်နှင့် ဝန်ဆောင်မှုအကြားတွင် ဆက်သွယ်ရေး ပရိုဂရမ်အဖြစ်ဆောင်ရွက်ပေးပါသလား။

**12.** အကဲဖြတ်ခြင်း

- စာကြည့်တိုက်မှူးကပန်းတိုင်နှင့်ရည်မှန်းချက်များကိုဆုံးဖြတ်ချက်ချပြီးအစီရင်ခံစာတင်ပါသလား။
- စာကြည့်တိုက်နှင့်နည်းပညာ ပရိုဂရမ်အစပြုချက်များ အားလုံးတွင် အကဲဖြတ်ခြင်း အစိတ်အပိုင်းများအဖြစ်ပါဝင်ပါသလား။
- ဒေသဆိုင်ရာအဖွဲ့က စာကြည့်တိုက် ပရိုဂရမ်များကို ပြင်ပအသင်းအဖွဲ့များသုံး၍နှစ်စဉ်အကဲဖြတ်ပါသလား။
- ပညာရပ်ဆိုင်ရာသုတေသနမှူးများက ဦးစီးပြုလုပ်သော ဘာသာရပ်ဆိုင်ရာသင်ကြားမှုများတွင်ပါဝင်ရန်တောင်းဆိုလျှင်စာကြည့်တိုက်မှူးကရော ပါဝင်လေ့ရှိပါသလား။